
www.burmeseclassic.com

တာတေ

# စုန်းကြီး
# မှော်ကြီး
# ကဝေကြီး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးဘုန်းဇော်(၀၀၂၃၉)၊ အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်
အမှတ် - ၂၈၂၊ ပထမထပ်၊ လမ်း - ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကု
ပုံနှိပ်သူ - ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်
အမှတ် - ၃၅၊ ဗေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကု
စာအုပ်ချုပ် - ဦးမျိုးကြီး၊ မေတ္တာပန်း စာအုပ်ချုပ်လုပ်ငန်း
ကွန်ပျူတာ - ဇာနည်မော်၊ ယမုံစိုး
အုပ်ရေ - ၁၀၀၀ - အုပ်၊ ပထမအကြိမ်၊ ၂၀၁၇ - ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး - ၅၀၀ - ကျပ်

ဖြန့်ချိရေး - အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ် - ၃၅၊ ဗေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကု
ဖုန်း - ၀၉ ၇၃၁၇၃၁၈၃၊ ၀၉၄၂၁၀၅၆၃၅၄

www.burmeseclassic.com

www.burmeseclassic.com

တာတေ



# စုန်းကိုး
# မှော်ကိုး
# ကဝေကိုး

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


စုန်းကိုး မှော်ကိုး ကဝေကိုး..............................၅

ကဝေသားခြောက်..............................၄၇

ဝါးဘီလူးတောင်..............................၈၂

ကျိန်စာသင့်တဲ့ဓား..............................၁၂၀


www.burmeseclassic.com

www.burmeseclassic.com





# စုန်းကိုး မှော်ကိုး ကဝေကိုး

ပုဗ္ဗာရုံကျောင်း ကထိန်မှာဗျ။

ပုဗ္ဗာရုံဆိုတာက ကျုပ်ဆရာတော်ရဲ့ ကျောင်းလေဗျာ။ ခင်ဗျား မှတ်မိတယ်မို့လား၊ ဦးဂုဏာလေ။ ကျုပ်တို့ရွာမှာက ဘုန်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးကျောင်း သုံးကျောင်း ရှိတာဗျ။ ရွာဦးကျောင်း၊ ပုဗ္ဗာရုံကျောင်း၊ ပြီးတော့ ဒက္ခိဏာရုံကျောင်းဗျ။ ကထိန်ခင်းပြီဆိုရင် ဒီကျောင်း သုံးကျောင်းစလုံး လွှတ်စည်တာဗျို့။ ကျောင်းသုံးကျောင်းစလုံးရဲ့ ဘောစကံက ကျယ်သားဗျ။ ကျုပ်တို့ရွာ ထနောင်းကုန်းတင် မဟုတ်ဘူး၊ အနီးအနားက ဘန့်ဘွေးကုန်း၊ မီးလောင်ကုန်း၊ ငွေ တွင်းကုန်း၊ ဆပ်သမြောင်၊ သံခနောက်၊ ကျားကုန်း၊ ထိန်ကုန်း၊ ဂုပ္ပလီစု၊ ညောင်ဝိုင်းတို့၊ ဗိုလ်ကုန်းတို့ပါ ကိုးကွယ်ကြတာ။ ဆရာတော် သုံးပါးစလုံးကလည်း ပညာတတ်တွေချည်းပဲဗျ။ သုံးပါးလုံး စာချတန်းအောင်ပြီးသား၊ ဓမ္မာစရိယကိုယ်တော်ကြီး တွေဗျို့။

ဒီအထဲမှာမှ ကျုပ်ဆရာတော် ဦးဂုဏက လောကီ ကြောင်းရော၊ လောကုတ္တရာကြောင်းရော ဝါသနာရှိတာဗျ။ ပုဗ္ဗာရုံ ကျောင်း ကထိန်ဆိုရင် ကျုပ်တို့ရွာက လူကြီးတွေနဲ့ တခြားရွာက လူကြီးတွေ ဆုံကြပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ၊ သူတို့ ငယ်ငယ်က အတွေ့အကြုံတွေ ပြောကြနဲ့ လွှတ်နားထောင်ကောင်း တာလားဗျာ။

သူ့ဝိုင်းနဲ့သူ၊ သူ့အုပ်စုနဲ့သူဗျ။ လူကြီးတွေ ပြောသမျှကို ကျုပ်တို့လိုလူငယ်တွေက နားထောင်ကြတာပေါ့ဗျာ။ လက်ဖက်၊ ဂျင်းသုပ် လိုက်တဲ့လူကလိုက်၊ ရေနွေးကြမ်း လိုက်တဲ့လူကလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ။

ကျုပ်က သံခနောက်က ဘိုးတော်ကြီးတွေဝိုင်းမှာ ထိုင်လို့ဗျ။ သံခနောက်ဆိုတာက ကျုပ်တို့တောင်ရွာလေဗျာ။ ထနောင်းကုန်းတောင်ဘက်က ရွာပေါ့။ ကျုပ်တို့ရွာက ဘိုးညီပုတို့ ဘိုးရုံတို့လည်း ဒီဝိုင်းမှာ ပါသဗျ။ သံခနောက်က ဘိုးတော်ကြီးက ဆံပင်နက်နက်ကလေးကို သျှောင်တစောင်းလေးထုံးလို့ဗျ။ နှုတ်ခမ်းမွေးကလည်း အပြားကြီးကြီးဗျ။ သူ့အသားဖြူဖြူမှာ သူ့မျက်လုံးတွေကလည်း တောက်နေတာပဲဗျ။ စကားပြောကလည်း ကောင်းလိုက်ပါဘိဗျာ။ စကားပြောကောင်းတယ်ဆိုတာက ဘဝအတွေ့အကြုံတွေ စုံလို့ပေါ့ဗျ။

ဒီဘိုးတော်ကြီးရဲ့ နာမည်က ဦးအုပ်တဲ့။ သူ့ကို ဘိုးအုပ်လို့ ခေါ်ကြတယ်။ အသက်က ခုနစ်ဆယ်ကျော်လို့ ရှစ်ဆယ်နား ကပ်နေပြီ။ ကျုပ်တို့ရွာက ဘိုးညီပုနဲ့မှ ရွယ်တူတွေဗျ။

"မောင်အုပ်ရဲ့ မင်းအသက်ရှစ်ဆယ်ပဲ ကပ်နေပေါ့၊ ခုထိ ဆံပင်တစ်ချောင်းမှ မဖြူပါလားကွဲ့၊ ဘယ်လိုကြောင့်တုံး"

ဘိုးညီပုက မေးလိုက်တော့ ဘိုးအုပ်က ပြုံးပြီးပြောသဗျ။

"ဟာ..ကိုညီပုရဲ့ မဖြူဆို ကျုပ်က လူပျိုအရွယ်ကတည်းက ဆေးကောင်းရထားတာကိုးဗျ"

"ဟေ..ဟုတ်လား၊ ဘာဆေးကောင်းများတုံး မောင်အုပ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ရွာကို ကြွလာတဲ့ ဆေးဆရာကြီးတစ်ယောက် ပြောသွားတာပဲဗျ၊ ဖန်ခါးသီးရယ်၊ လက်ဖက်ပုပ်ရယ်၊ ထောလပတ်ရွက်ရယ် ဆတူထောင်းရတယ်တဲ့ဗျ။ ပထမတော့ တစ်မျိုးချင်း ထောင်းရတာပေါ့ဗျာ၊ ပြီးတော့ သုံးမျိုးပြန်ပေါင်းပြီး ထောင်းရတယ်၊ အဲဒီသုံးမျိုးထောင်းထားတာကို အုန်းဆီနဲ့ ပုလင်းထဲမှာ ထည့်စိမ်ထားပြီး လိမ်းပေးရင် ဆံပင်မဖြူဘူးဆိုလို့ ကျုပ် လူပျိုအရွယ်ထဲက လုပ်ပြီး လိမ်းလာတာ ခုထိပဲဗျ။ ကျုပ်လည်း ဆံပင်မဖြူဘူး၊ ကျုပ်သားသမီးတွေလည်း အဲဒါပဲ လိမ်းကြတာ၊ ဆံပင်မဖြူကြဘူးဗျ"

ကျုပ်တို့ထနောင်းကုန်းက လူငယ်တွေက ဘိုးအုပ်ပြောတဲ့ ဆေးနည်းကို ခေါင်းလေးတွေ တညိတ်ညိတ်လုပ်ပြီး မှတ်နေကြတယ်ဗျို့။

နောက်တော့ စကားတွေ ရောက်တတ်ရာရာ ပြောရင်းနဲ့ ဘိုးအုပ်က လွတ်ထူးဆန်းတဲ့ အကြောင်းတစ်ခု ပြောပြတယ်။ ဘိုးအုပ်ပြောတဲ့အကြောင်းက ထူးဆန်းလွန်းလို့ ကျုပ်ဖြင့် မျက်တောင်တောင် မခတ်မိအောင်ပါပဲဗျာ။ ဘိုးအုပ်ပြောပြတဲ့ အကြောင်းက **ကြောင်တစ်ရာမိုလ်အစီအရင်**တဲ့ဗျာ။

"ကျုပ်အဖေက ရှမ်းအစစ်ဗျ ကိုညီပုရ၊ အမေကသာ သံခနောက်သူ ဗမာအစစ်၊ ကျုပ်ကို ရှမ်းပြည်မှာ မွေးတာ၊ ကျုပ်

www.burmeseclassic.com



အသက်နှစ်ဆယ်ရောက်မှ အဖေဆုံးလို့ အမေ့မွေးရပ်ကို ရောက်လာခဲ့တာ"

"နေပါဦး မောင်အုပ်ရဲ့၊ မင်းအဖေက ဘယ်အရပ်သားတုံးကွဲ့"

"ရှမ်းပြည်နောင်ချိုဘက်ကဗျ၊ ဒါပေမဲ့ မြို့ပေါ်ကတော့မဟုတ်ဘူး၊ ရွာဘက်ကပဲ၊ အခုပြောမယ့် ကြောင်တစ်ရာမိုလ်အစီအရင်ဆိုတာကို ကျုပ် အသက်ဆယ့်တစ်နှစ်သားလောက်က မြင်ခဲ့ဖူးတာဗျ၊ ဒီတုန်းက လူတော်တော်များများက တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးတာ သိပ်လိုချင်ကြတာဗျ"

"မောင်အုပ်ရယ်၊ ဟိုတုန်းကလူတွေတင် မဟုတ်ပါဘူးကွာ၊ အခု လူတွေလည်း လိုချင်ကြတာပါပဲ"

"အေး‥ကျုပ်တို့ရွာမှာ လူချမ်းသာတစ်ယောက် ရှိတယ်ဗျ၊ သူလည်း ရှမ်းပဲ၊ နာမည်က စိုင်းအုန်းဝေါင်တဲ့၊ အသက်ကလေးဆယ်ကျော်လောက် ရှိမယ်၊ ကျုပ်က သူ့ခြံထဲက အလုပ်တွေကို ကူညီပြီး လုပ်ပေးရတယ်၊ ကျုပ်ကို မုန့်ဖိုးပဲဖိုး ပေးတာပေါ့ဗျာ။ စိုင်းအုန်းဝေါင်က အိမ်ထောင်ရက်သား မရှိဘူးဗျ၊ တူတွေနဲ့နေတာ၊ တစ်ရက်ကျတော့ သူက ကျုပ်ကို မေးတယ်"

"စိုင်းအုပ် မင်း ကြောင်တစ်ရာမိုလ်ဆိုတာ ကြားဖူးလားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကလည်း ကြားမှ မကြားဖူးတာ။

"ကျုပ် မကြားဖူးဘူးဗျ"

လို့ ပြန်ပြောလိုက်တော့ စိုင်းအုန်းဂေါင်က ကျုပ်ကို ပြောပြရောဗျို့။

"ဒီလိုကွ၊ စိုင်းအုပ်ရဲ့ ပထမဆုံး ကြောင်နက်တစ်ကောင် ရဖို့လိုတယ်"

"ဗျာ၊ ကြောင်နက်များ ရှားတာလိုက်လို့ ဆရာရယ်"

ကျုပ်က စိုင်းအုန်းဂေါင်ကို ဆရာလို့ ခေါ်တာဗျ။ ဘာဖြစ်လို့တုံးဆိုတော့ သူက ကျုပ်ကို လက်တိုလက်တောင်းခိုင်းလို့ အားတဲ့အချိန်ဆိုရင် စာသင်ပေးတာ။ သူသင်ပေးလို့ ကျုပ် စာ တတ်လာခဲ့တာပေါ့ဗျာ။

"ငါ့ကောင်ကတော့ အလွယ်ပြောချေမယ်၊ ကြောင်နက် တိုင်း လုပ်လို့ရတာ မဟုတ်ဘူးကွ၊ တောကြောင်အနက် ဖြစ်ရမယ်၊ ပြီးရင် ခြေသည်းရော လက်သည်းရော မျက်စိရော နက်ရမှာကွ၊ ပြီးရင် အထီးလည်းဖြစ်ဖို့လိုတယ်"

"ဟာ...ဒါတော့ မလွယ်ဘူးဗျ"

"ဘယ်လွယ်မှာတုံး စိုင်းအုပ်ရဲ့၊ တောထဲတောင်ထဲသွားတဲ့ မုဆိုးတွေကို မှာထားရတာပေါ့ကွ၊ အဲဒီလို ကြောင်နက်မျိုး ရရင် ယူခဲ့ပါ၊ ခင်ဗျားတို့ကို ပိုက်ဆံများများ ပေးပါ့မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောထားရတာပေါ့"

"တစ်ရက်ကျတော့ သီပေါဘက်က မုဆိုးတစ်ယောက် ရောက်လာပြီး ကြောင်နက်တစ်ကောင် ပြတယ်၊ သူယူလာတဲ့ ကြောင်နက်က ခြေသည်းရော လက်သည်းရော မျက်စိရော နက်ရုံ တင်မကဘူးကွ၊ ပါးစပ်ထဲက သွားဖုံးရော လျှာပါ နက်နေတာကွ၊ ပြီးတော့ အထီး"

"ဟာ…ဟုတ်လား ဆရာ"

"အေး..ငါလည်း ဝမ်းသာအားရနဲ့ မုဆိုးကြီးကို ပိုက်ဆံ တွေ အများကြီး ပေးလိုက်ရောပေ့၊ ပြီးတာနဲ့ ကြောင်တစ်ရာမိုလ် အစီအရင်ကို စတော့တာပေါ့ကွာ"

"ဟင်…ဒါဆိုရင် ဆရာ အဲဒီအစီအရင်ကို လုပ်ခဲ့ဖူးတာ ပေါ့ ဟုတ်လား ဆရာ"

"လုပ်ခဲ့ဖူးတာ မဟုတ်ဘူးကွ စိုင်းအုပ်ရဲ့၊ အခု လုပ်နေ တုန်းပဲ"

"ဗျာ…ဒါဆိုရင် ဆရာ့မှာ အဲဒီကြောင်နက် ရှိတာပေါ့"

"ဟာ ရှိတာပေါ့ကွ၊ လာ မင်း ငါနဲ့ လိုက်ခဲ့၊ မင်းကို ငါပြမယ်"

စိုင်းအုန်းဂေါင်က ကျုပ်ကို ခြံကြီးထဲ ခေါ်လာတယ်ဗျ။ သူတို့ခြံကြီးထဲမှာက လိမ္မော်ပင်တွေရော၊ မက်မန်းပင်တွေရော၊



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောပင်တွေရော ရှိတာဗျ။ ခြံကြီးရဲ့ထောင့်မှာ သစ်သားအိမ်တစ်လုံး ရှိတယ်ဗျို့၊ စိုင်းအုန်းဝေါင်က သစ်သားအိမ်တံခါးကို ဖွင့်လိုက်တော့...

"ဟာ"

ကျုပ်ဖြင့် ယောင်ပြီးတော့တောင် အော်လိုက်မိရောဗျာ။ အိမ်က ကြမ်းပြင်ကို ကွန်ကရစ်ခင်းထားတာဗျ။ အိမ်ထဲမှာ နှစ်ပတ်လည်တိုင်လေးတွေကို လက်နှစ်လုံးလောက်ပဲခြားပြီး လုပ်ထားတဲ့ သစ်သားလှောင်အိမ်ကြီးဗျ။ အထဲမှာ ငုတ်တုတ်ထိုင်နေတဲ့ မည်းမည်းအကောင်တစ်ကောင်ကို ကျုပ်တွေ့လိုက်တယ်။ အရွယ်က ကျားသစ်တစ်ကောင်လောက် ရှိတယ်ဗျို့။

"ဟာ...ဆရာ၊ ဒါကြောင်ရော ဟုတ်ရဲ့လား၊ ကျားသစ် မဟုတ်ဘူးလား"

"ဟား၊ ဟား၊ ဟား၊ ကြောင်ပါကွ၊ စိုင်းအုပ်ရဲ့၊ ကျားသစ် မဟုတ်ပါဘူး၊ ဒီကောင် ငါ့ဆီကို ရောက်လာတုန်းက သာမန်ကြောင်တစ်ကောင်လောက်ပဲ ရှိတာကွ၊ ငါ့အစီအရင်ပညာကြောင့် ဒီကောင် အခုလို အကြီးကြီးဖြစ်လာတာ၊ အစီအရင်ကလည်း ပြီးကာနီးနေပြီလေကွာ"

"ကျုပ်ဖြင့် အံ့သြလိုက်တာ ဆရာရယ်"

"အေး...ဒီလိုကွ စိုင်းအုပ်ရဲ့၊ ဒီအစီအရင်က ပြသမဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်တစ်ကောင်ကို သတ်ပြီး ကြောင်နှလုံးကို ထုတ်ယူရတယ်၊ ပြီးရင် အဲဒီကြောင်နှလုံးကို ဒီကြောင်နက်ကို ကျွေးရတယ်"

"တောကြောင်လား ဆရာ"

"ဟာ မဟုတ်ဘူး၊ ဘာကြောင်ဖြစ်ဖြစ် ရပါတယ်၊ လပြည့်ညသန်းခေါင်နဲ့ လကွယ်ညသန်းခေါင်မှာ မန္တန်ရွတ်ပြီး ကြောင်နှလုံးကို ထုတ်ယူရတယ်၊ ပြီးရင် ဒီကောင်ကြီးကို ကျွေးရတယ်၊ တစ်လ နှစ်ကြိမ်ပေါ့ကွာ၊ ကြောင်အကောင်တစ်ရာ ပြည့်အောင် ကျွေးရတယ်။ အချိန်က လေးနှစ်နဲ့နှစ်လ ကြာတယ်ကွ၊ ကြားမှာ အဆက်မပြတ်ရဘူး"

"နေပါဦး ဆရာရဲ့၊ ကြောင်အကောင်တစ်ရာပြည့်အောင် ရှာဖို့က လွယ်ပါ့မလားဗျ"

"ဟာ ဘယ့်လွယ်မလဲကွ၊ ဟိုဘက်ရွာက ငါ့တပည့် တစ်ယောက်ကို ကြောင်တွေ မွေးခိုင်းထားရတယ်၊ လိုသမျှငွေကို ငါပေးရတာပေါ့၊ အခုဆိုရင် ဒီကောင်ကြီးကို ကျွေးခဲ့တာ ကြောင် တစ်ရာ ပြည့်သွားပြီကွ စိုင်းအုပ်ရဲ့"

"ဟာ ဟုတ်လား ဆရာ"

"အေး…ကြောင်ငါးဆယ်ကျော်ရဲ့ နှလုံးတွေကို စားပြီး ကတည်းက ဒီကောင်ကြီးက တဖြည်းဖြည်း ကြီးလာပြီး မင်း ခုနကပြောသလို ကျားသစ်နက်ကြီးနဲ့ တူလာတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဆရာက ဘာဆက်လုပ်ရမှာတုံးဗျ"

"ငါ ဒီကောင်ကြီးကို ကြောင်တစ်ရာပြည့်အောင် ကျွေးပြီးကတည်းက အားလုံးစမ်းသပ်ကြည့်ပြီးပြီ၊ ဓားလည်း ပြီးတယ်၊ လှံလည်း ပြီးတယ်၊ သေနတ်လည်း ပြီးနေပြီကွ၊ ပြီးတော့ ဒီကောင် အမြင့်ကြီးရောက်အောင် ခုန်နိုင်တယ်၊ ငှက်ပျောရွက်တွေ ပေါ်မှာတောင် တက်ထိုင်နေနိုင်တယ် စိုင်းအုပ်ရေ"

"ဟာ ဟုတ်လား ဆရာ၊ ဒါဆိုရင် ဒီကောင်ကြီးကို ဆရာ ဘာလုပ်မှာတုံး"

"ဒီကောင်ကြီးရဲ့ နလုံးကိုထုတ်ပြီး မန္တန်ရွတ်ရမယ်၊ ပြီးရင် ငါ စားရမှာကွ၊ ဒါဆိုရင် ဒီကောင်ကြီး ရသွားတဲ့ ကြောင်တစ်ရာဗိုလ်အစွမ်းတွေ ငါ ရရောကွ စိုင်းအုပ်ရ"

"ဩော်...ဒီလိုလား၊ နေပါဦး ဆရာရဲ့၊ ဒီကောင်ကြီးကို ဆရာ ဘယ်လိုသတ်မှာတုံး၊ ဒီကောင်က ဓားတွေ၊ လှံတွေ၊ သေနတ်တွေ ပြီးနေပြီဆို"

"ဟား ဟား၊ မင်းက တွေးတတ်သားပဲ စိုင်းအုပ်ရဲ့၊ မင်းပြောသလိုပဲ ဒီကောင်ကြီးက ရိုးရိုးဓားတွေ၊ လှံတွေလောက် တော့ အဃားတောင်ပြေမယ့်ကောင် မဟုတ်ဘူးကွ၊ ကိုးသချိုင်း ဓားနဲ့ သတ်မှရတာ"

"ဗျာ...ကိုးသချိုင်းဓား ဟုတ်လား ဆရာ၊ ဆရာ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုးသချိုင်းဓား ရှိလို့လားဗျ"

"ဟား၊ ဟား၊ ဟား ရှိတာပေါ့ စိုင်းအုပ်ရဲ့၊ စော်ဘွား အနွယ်တော်တစ်ယောက်ဆီက ဈေးကြီးပေးပြီး ဝယ်ထားရတာ ကွ"

"သြော်…ဒီလိုကိုး၊ ဒါဆိုရင် ဆရာ့အစီအရင်ကို ဘယ် တော့လုပ်မှာတုံး"

"မနက်ဖြန်ည သန်းခေါင်မှာ လုပ်ရမယ်ကွ၊ အဲဒါ မင်းအကူအညီလိုတယ်"

"ဗျာ…ကျုပ်အကူအညီ ဟုတ်လား ဆရာ၊ ပြောပါ ဆရာ၊ ကျုပ် ဘာလုပ်ပေးရမလဲ"

"မင်းက လှောင်အိမ်ဖွင့်ပေးဖို့ပါကွာ၊ ပြီးတော့ ငါက မန္တန်ရွတ်ပြီး ဒီကောင်ကြီးရဲ့ နှလုံးကို စားနေတဲ့အချိန်မှာ မင်းက စောင့်ပေးရမယ်၊ တကယ်လို့ ငါလူစိတ်တွေဘာတွေ ပျောက်သွား ခဲ့ရင် မင်းက ငါ့ကို ရေနဲ့ပက်ပြီး သတိပေးရမယ်ကွ"

"သြော်..ဒါများ ဆရာရယ်၊ ကျုပ် လုပ်ပေးမှာပေါ့ဗျာ"

ကျုပ်ကလည်း ကျုပ်ဆရာကို ကူညီဖို့ အဆင်သင့်ပါပဲ ဗျာ။ နောက်နေ့က တန်ဆောင်မုန်းလပြည့်ညဗျ။ လမှ သာလိုက် တာ ထိန်နေတာပေါ့ဗျာ။ ခြံကြီးတစ်ခုလုံး လင်းထိန်နေတာဗျ။ ကျုပ်ရောက်တော့ ဆရာက ရှမ်းအင်္ကျီ၊ ဘောင်းဘီ အနက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ချည်း ဝတ်ထားတာဗျ။ ခေါင်းပေါင်းကလည်း အနက်ပဲဗျ။ လရောင်အောက်မှာ ကျုပ် သေသေချာချာ ကြည့်တယ်ဗျို့။ ကျုပ်ဆရာ စိုင်းအုန်းဝေါင်ရဲ့ မျက်လုံးတွေဆိုတာ အရောင်ကို လက်နေတာဗျာ။

"ကဲ…စိုင်းအုပ်၊ ဟောဒီမှာကြည့်၊ ဟောဒါ ကိုးသချိုင်းဓားပဲကွဲ့"

ဆရာက သူ့ခါးကြားမှာ ထိုးထားတဲ့ ဓားမြှောင်တစ်ချောင်းကို ထုတ်ပြတယ်။ ဓားအိမ်ကို ရွှေပိန်းချပြီး ကျောက်စီထားတယ်။ အထဲကဓားကို ဆွဲထုတ်လိုက်တော့ လရောင်အောက်မှာ လက်ကနဲ ဖြစ်သွားတယ်။ ဓားက အရိုးအသွား ဆယ်လက်မကျော်ကျော်လောက် ရှိမယ်ဗျ။ ဗျက်က လက်နှစ်လုံးလောက်ရှိမယ်။ နှစ်ဖက်သွားဗျ။ သွေးထားလိုက်တာမှ မြည့်နေတာပါဗျာ။

"ကဲ စိုင်းအုပ် မင်း မကြောက်ဘူးမို့လား"

"ဟာ၊ ကျုပ် မကြောက်တတ်ပါဘူးဗျ"

"အေး ဟုတ်ပြီ၊ ဒါဆိုရင် အိမ်တံခါး ဖွင့်ကွာ၊ အလုပ်စကြရအောင်"

ကျုပ်က အိမ်တံခါးဖွင့်တယ်။ ပြီးတော့ ဆရာခိုင်းတဲ့အတိုင်း အိမ်ထဲမှာ ဖယောင်းတိုင်တွေ လင်းထိန်နေအောင် လိုက်ထွန်းလိုက်တယ်။ ကျုပ်လုပ်နေတာကို လှောင်အိမ်မှာ မတ်တတ်



www.burmeseclassic.com

www.burmeseclassic.com


ရပ်နေတဲ့ ကျားသစ်လောက်ရှိတဲ့ ကြောင်နက်ကြီးက ကြည့်နေတယ်ဗျ။ ခဏနေတော့ ဆရာစိုင်းအုန်းဂေါင် အိမ်ထဲကို ဝင်လာတယ်။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး"

စိုင်းအုန်းဂေါင်ကို တွေ့တာနဲ့ ကြောင်နက်ကြီးက မာန်ဖီတော့တာပဲဗျာ။ ကျုပ်ဖြင့် မကြောက်ဘူးသာ ပြောရတာဗျ။ ကြက်သီးတွေ တဖျန်းဖျန်းထတော့တာပေါ့ဗျာ။ ဆရာက ပါးစပ်ကနေပြီး မန္တန်တွေ ရွတ်ရောဗျို့။ သူက မန္တန်ရွတ်လေ ကြောင်နက်ကြီးက ပိုပြီးစိတ်ဆိုးလေပေါ့ဗျာ။ သွားကြီးဖြီးပြီး လှောင်အိမ်ထဲမှာ လှည့်ပတ်လျှောက်နေရောဗျို့။

"ညောင်၊ ညောင်၊ ညောင်၊ ညောင်"

အော်တာကတော့ ကြောင်သံပဲဗျ။ ကြောင်နစ်ကောင်ကိုက်ကာနီး အော်တဲ့အသံမျိုးဗျ။ ဒါပေမဲ့ အကောင်က အကြီးကြီးဆိုတော့ ကျားသံလောက် ကျယ်တာပေါ့ဗျာ။ ခဏနေတော့ စိုင်းအုန်းဂေါင်က ပြောရောဗျ။

"စိုင်းအုပ် လှောင်အိမ်ဖွင့်လိုက်တော့"

ကျုပ်က ခတ်ထားတဲ့ သော့ခလောက်ကြီးကို ခပ်သုတ်သုတ်ဖွင့်ပြီး လှောင်အိမ်ရဲ့ ထိုးတံခါးကြီးကို ဆွဲဖွင့်ဖို့ ပြင်လိုက်တယ်။ ဆရာစိုင်းအုန်းဂေါင်ကို လှည့်ကြည့်လိုက်တော့ အဆင်သင့်


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီဗျ။ နေဦးဗျို့၊ ကျုပ်ပြောရဦးမယ်၊ ကျုပ်ဆရာ စိုင်းအုန်းဂေါင်က သိုင်းပညာလည်း တော်တော်ကို တတ်တဲ့လူဗျ။

"ဝုန်း"

ကျုပ်က လှောင်အိမ်တံခါးကို 'ဝုန်း'ကနဲ မြည်အောင် ဆွဲဖွင့်လိုက်တယ်။

"စိုင်းအုပ်၊ မင်း အိမ်ပြင်ထွက်တော့"

ဆရာက ကျုပ်ကို အိမ်ပြင်ထွက်ခိုင်းတယ်။ ကျုပ်လည်း အိမ်ပြင်ကို ပြေးထွက်ပြီး အိမ်ရှေ့မှာ ကပျာကယာ လိုက်ရှာလိုက်တော့ နှစ်တောင်လောက်ရှည်တဲ့ သစ်ကိုင်းကျိုးတစ်ချောင်း သွားတွေ့တယ်ဗျ။ လုံးပတ်က ကျုပ် ထွာဆိုင်လောက်ရှိတယ်။ ကျုပ်က အဲဒီတုတ်ချောင်းကို လက်ထဲမှာ စုံကိုင်ပြီး အိမ်ထဲကို ကြည့်လိုက်တယ်။

ကြောင်နက်ကြီးက 'ဝေါင်း'ကနဲ မာန်ဖီပြီး ဆရာစိုင်းအုန်းဂေါင်ကို လွှားကနဲ ခုန်အုပ်လိုက်ရောဗျို့။ တကယ်ကို ကျားသစ်နက်ကြီးလိုပါပဲဗျာ။ ဆရာက သိုင်းတကယ်တတ်တဲ့လူဆိုတော့ အသာကလေး ရှောင်လိုက်တာဗျ။ ရှောင်ပြီးတာနဲ့ လက်ထဲက ဓားနဲ့ ကြောင်နက်ကြီးရဲ့ လက်ပြင်ကို တခုံးထိုးချလိုက်တယ်။ ဒါပေမဲ့ သူထင်သလို ဖြစ်မလာဘဲ ဓားက ခုန်ထွက်လာတယ်ဗျ။ ဒီမှာတင် ကျုပ်ဆရာ မျက်နှာကွက်ကနဲ ပျက်သွားရောဗျို့။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်လွန်ပြီး အိမ်ရှေ့ကို ရောက်လာတဲ့ ကြောင်နက်ကြီးကို ကျုပ်က ပြေးရိုက်ချလိုက်တယ်။

"ဖုန်း၊ ဘုတ်၊ အား"

'ဖုန်း'ဆိုတာက ကြောင်နက်ကြီးကို ကျုပ် တုတ်နဲ့ ရိုက်လိုက်တဲ့ အသံဗျ။ 'ဘုတ်'ဆိုတာက ကြောင်နက်ကြီးက ကျုပ်လက်ထဲက တုတ်ကို ပုတ်ချလိုက်တာ။ 'အား'ဆိုတာက ကျုပ်လန့်ပြီးအော်လိုက်တာ။ တုတ်ကို ပုတ်ချလိုက်တဲ့ လက်သည်းမဲမဲကြီးက ကျုပ်လက်ကို စိုက်ဝင်သွားတာဗျို့။ ကျုပ်လက်က သွေးတွေဆိုတာ ရဲကနဲ ဖြာကျသွားတယ်။ ဒီမှာတင် ကျုပ်ဆရာက အိမ်ရှေ့ကို ပြေးထွက်လာရောဗျ။ ဆရာ့ခြေသံကို ကြားလိုက်တော့ ကြောင်တစ်ရာဗိုလ် ကြောင်နက်ကြီးက ဆရာ့ဘက်ကို လှည့်သွားတယ်။

"စိုင်းအုပ် အခြေအနေ မကောင်းတော့ဘူး၊ ငါ အလိမ်ခံလိုက်ရပြီ၊ ဒီဓားက ကိုးသချိုင်းဓားအစစ် မဟုတ်ဘူး၊ အတုကြီးကွ၊ အခြေအနေမကောင်းရင် မင်းပြေးပေတော့ ကြားလား စိုင်းအုပ်"

"ဟုတ်ကဲ့ ဆရာ"

"ဝေါင်း"

ခုန်အုပ်ပြီဗျို့။ ကြောင်တစ်ရာဗိုလ် ကြောင်နက်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆရာကို ခုန်အုပ်တယ်။ ဆရာက လှစ်ကနဲ ရှောင်ပြီး ဓားနဲ့ လှမ်းထိုးတယ်။ ဓားက ကြောင်ကို မဖောက်နိုင်ဘူးဗျ။ ပြန်ပြီး ခုန်ထွက်လာတယ်။ ဆရာက ထပ်ထိုးတယ်။ ဓားက ခုန်ထွက် တယ်။ ထပ်ထိုးတယ်။ ဒီမှာတင် ကြောင်နက်ကြီးက ဆတ်ကနဲ လှည့်ပြီး ဆရာ့လက်ထဲက ကိုးသန်ချိုင်းဓားအတုကြီးကို ပုတ်ချ လိုက်တယ်။

"ဝေါင်း၊ ဝေါင်း"

ဆရာ့လက်ထဲက ဓားလည်း လွတ်အကျ ကြောင်နက် ကြီးကလည်း ခုန်အအုပ်။ ဆရာ ဟန်ချက်ပျက်ပြီး ပက်လက်လန် ကျသွားတယ်။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

ဟာ ကိုက်ပြီဗျို့၊ ဆရာ့လည်မျိုကို ကိုက်တော့တာပဲဗျာ။ သွေးတွေများ ပန်းထွက်လာလိုက်တာ မြင်လို့ကို မကောင်းပါဘူး ဗျာ။

ကျုပ်လည်း သုတ်ကနဲ လှည့်ပြေးပြီး အိမ်ကြီးထဲက ဆရာ့တူတွေကို နှိုးရတော့တာပေါ့ဗျာ။ ဆရာ့တူသုံးယောက်လည်း လုံတွေဆွဲပြီး လက်နှိပ်ဓာတ်မီးတစ်လက်စီနဲ့ လိုက်ချလာကြတာ ပေါ့ဗျာ။

ကြောင်လျှောင်တဲ့ အိမ်ရှေ့ကို ရောက်တော့ ကြောင်နက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ဆရာ့ရဲ့ နှလုံးကို ဖောက်စားထားပြီဗျ။

"ဟာ…ထိုးဟေ့၊ လှံနဲ့ထိုးကွ"

လို့ ဆရာ့တူသုံးယောက်က ညာသံပေးပြီး လှံတွေနဲ့ ဝိုင်းထိုးကြရောဗျို့။ ဒီတော့မှ ကြောင်နက်ကြီးက သွေးတွေရွှဲစိုနေတဲ့ ပါးစပ်ကြီးနဲ့…

"ဝေါင်း"

လို့ တစ်ချက်အော်ပြီးမှ ပြေးတော့တာဗျာ။ အိမ်နီးချင်းက လူတွေလည်း ဆူဆူညံညံ အသံတွေကြားလို့ ရောက်လာကြရောဗျို့။ ဒီတော့မှ ကျားသစ်လောက်ကြီးတဲ့ ကြောင်နက်ကြီးကို ရွာသားတွေ မြင်သွားပြီး ဝိုင်းလိုက်ကြတာပေါ့ဗျာ။

ဒီမှာတင် ကြောင်နက်ကြီးက ငှက်ပျောပင်ပေါ် ခုန်တက်ပြီး ငှက်ပျောရွက်ပေါ်မှာ ထိုင်နေရောဗျ။ အဲဒါလည်းမြင်ရော ရွာသားတွေဆိုတာ ကြောက်ကုန်တော့တာပေါ့ဗျာ။ ကြောင်နက်ကြီးရဲ့ အစွမ်းကို မှန်းလို့ရသွားတာပေါ့။

ရွာခေါင်းက ဒီအကောင်ကြီးကို ရွာထဲက မောင်းထုတ်မှဖြစ်မယ်ဆိုပြီး မီးတုတ်တွေနဲ့ ဝိုင်းလိုက်တော့မှ ကြောင်တစ်ရာမိုလ်ကြီး ရွာပြင်ထွက်ပြေးသွားရောဗျ။ ရွာသားတွေလည်း နောက်က လိုက်မောင်းကြတာ။ တောကြီးထဲ ဝင်ပြေးသွားတော့မှပဲ ရွာထဲကို ပြန်လာကြတော့တာဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မောင်အုပ်ရဲ့၊ မင်းဆရာစိုင်းအုန်းဂေါင် ဆိုတာက ဆေးလေးဝါးလေးကုလို့ မီသေးရဲ့လား"

ဘိုးညီပုက ဘိုးအုပ်ကို မေးတာဗျ။

"ကိုညီပုရာ၊ နှလုံးဖောက်စားသွားပါတယ်ဆိုမှ၊ ခင်ဗျားနယ် ဘယ်ဆေးနဲ့ ကုလို့ရဦးမှာတုံး၊ သေတာပေါ့ဗျာ"

ကျုပ်တို့လူငယ်တွေဆိုတာ ဘိုးအုပ်ပြောတဲ့ ကြောင်တစ်ရာဗိုလ်အစီအရင်ကြီးကို မျက်တောင်မခတ်နိုင်လောက်အောင် စိတ်ဝင်စားပြီး နားထောင်နေကြတော့တာဗျို့။

"ညောင်"

"အောင်မယ်လေး"

ဒီတုန်းမှာပဲ ဘုန်းကြီးကျောင်းက ကြောင်ကြီးက ကျုပ်တို့နောက်က ကပ်ပြီး 'ညောင်'ကနဲ အော်လိုက်တာကို 'အောင်မယ်လေး' ဆိုပြီး လန့်အော်လိုက်ကြတာဗျာ။

"ဟာ ကြောင်တစ်ရာဗိုလ်ကြီး"

ကျောက်ခဲက ကြောင်ကြီးကို လက်ညှိုးထိုးပြီး အော်လိုက်တာဗျ။

"ဟား၊ ဟား၊ ဟား၊ ဟား ဘယ်ကကြောင်တစ်ရာဗိုလ်ကမှာလဲ ကျောက်ခဲရာ၊ ဒါ ဆရာတော့်ကြောင်ကြီးပါကွာ၊ ဟား၊ ဟား၊ ဟား၊ ဟား"



www.burmeseclassic.com

www.burmeseclassic.com



လှူငယ်တွေအားလုံး ဝိုင်းရယ်ကြတော့ ဘိုးအုပ်ရော ဘိုးညီပုတို့၊ ဘိုးရုံတို့ လူကြီးတွေလည်း ပြုံးပြုံးကြီးတွေ လုပ်နေကြတော့တာပေါ့ဗျာ။

ဆရာတော့်ကျောင်းက ကထိန်ပြီးသွားပေမယ့် ကျုပ်စိတ်ထဲမှာ သံခနောက်က ဘိုးအုပ်ပြောသွားတဲ့ ကြောင်တစ်ရာဗိုလ် အစီအရင်ကြီးကို စွဲနေတော့တာပေါ့ဗျာ။ ရွာထဲသွားလို့ ကြောင်တွေ တွေ့ရင်တောင်မှ ကျုပ်မှာ လိုက်လိုက်ကြည့်မိတဲ့အထိပဲဗျို့။ ကြောင်နက်တွေ တွေ့ရင်တော့ ပြောမနေနဲ့ လက်သည်းတွေထုတ်ကြည့်၊ ပါးစပ်ဖြဲပြီးတော့ လျှာတွေမဲသလားကြည့်နဲ့၊ အလုပ်တော်တော်များသွားတာဗျ။

ကထိန်ရာသီကုန်ပြီဆိုကတည်းက ကျုပ်တို့ အညာမှာက အေးတော့တာဗျ။ ဆောင်းရာသီအဝင်ပေါ့ဗျာ။ အေးတယ်ဆိုပေမယ့် မီးလှုံလောက်အောင် အေးတာတော့ မဟုတ်သေးဘူးဗျ။ ညဘက် အိပ်လို့ကောင်းရုံလေးပေါ့ဗျာ။ မနက်ဆိုရင် တော်တော်နဲ့ မထနိုင်ဘူးဗျ။ ပြန်ပြန်ပြီး အိပ်ပျော်သွားတာ။

"တာတေ၊ ဟဲ့ တာတေ၊ ထတော့၊ ထတော့၊ ဘန့်ဩွေးထုန်းက သေိန်း ရောက်နေတယ်၊ နင့်ကို နှိုးပေးပါဆိုလို့"

"ဟင်၊ ကိုသိန်းမောင်လား၊ စောစောစီးစီးပါလား၊ ဘာကိစ္စများရှိလို့ပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မသိဘူး၊ နင့်တွေ့မှ ပြောမှာပေါ့ဟဲ့"

ကျုပ်က အိပ်ရာက ကပျာကယာထပြီး မျက်နှာသစ်လိုက်တယ်။

"ကိုကြီးသိန်း စောစောစီးစီးပါလား"

"စောဆို ဘိုးတော် နှိုးလွှတ်လိုက်လို့ကွ၊ မင်းဘိုးတော်ကြီး အစောကြီး ပေါက်ချလာလို့ဟေ့"

"ဘယ်သူတုံးဗျ၊ ကျုပ်ဘိုးတော်ကြီးဆိုတာ"

"ဟကောင်ရ၊ ဘယ်သူရှိဦးမှာတုံးကွ၊ ဘိုးလူပေကြီးပေါ့"

"ဟာ ဟုတ်လား၊ ဘိုးလူပေ ရောက်လာတယ် ဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ မနက်အစောကြီးကို ပေါက်ချလာတာဗျ၊ နှင်းတွေ ဒီလောက်ပိတ်နေတာ ဘယ်လိုများ ရောက်လာတုံး မသိပါဘူးကွာ၊ ရောက်လို့ ဖင်တောင်မထိုင်ရသေးဘူး၊ မောင်တာတေကို အခေါ်လွှတ်ဗျာလို့ ငါ့အဘကို ပြောတာဟေ့၊ ပြီးတော့ ဘိုးလူပေက မင်းကို မှာလိုက်တယ်၊ ကိစ္စအရေးကြီးလို့ ခုချက်ချင်း ခရီးထွက်ရမယ်တဲ့ဗျာ၊ မိဘတွေကို တစ်ခါတည်း ခွင့်ပန်ပါတဲ့"

ကျုပ်က အဘနဲ့ အမေကို အကျိုးအကြောင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ဟဲ့ တာတေ၊ ထမင်းကြမ်းလေးတော့ စားသွားဦးမှ ပေါ့၊ ဟိုရောက်လို့ နင့်ဆရာကြီးက ခရီးတန်းထွက်ရင် ဘာမှစားဖို့ သောက်ဖို့ မမီဘဲ ဖြစ်နေဦးမယ်၊ ငသိန်းလည်း ဘာမှမစားခဲ့ရ သေးဘူးမဟုတ်လား၊ တာတေနဲ့ တစ်ခါတည်း စားသွား၊ မနေ့က မီးလောင်ကုန်းက ငထော် လာပို့လို့ အမဲသားနဲ့ ဆီးသီးဝမ်းပြင်း လေး ချက်ထားတယ်"

အမေ ထည့်ပေးတဲ့ ထမင်းကြမ်းပန်းကန်လေးကို ပေါဦး ပေါ်ဖျား ဆီးသီးလေးနဲ့ ချက်ထားတဲ့ အမဲသားဟင်းနဲ့ စားတော့ တာပေါ့ဗျာ။

ကိုကြီးသိန်းမောင်လည်း ကျုပ်နဲ့အတူတူ ထမင်းကြမ်း စားသဗျ။ ဘန့်ဘွေးကုန်းနဲ့ ကျုပ်တို့ထနောင်းကုန်းဆိုတာ ဒီလိုပဲ နှစ်ရွာ တစ်ရွာ နေကြတာဗျ။ သူ့အိမ်ကိုယ်စား၊ ကိုယ့်အိမ်သူစား ပေါ့ဗျာ။ စားသောက်ပြီးတော့ ကျုပ်က အနွေးထည် ထပ်ဝတ်ပြီး ဆေးလွယ်အိတ် လွယ်လိုက်တယ်။ ကိုကြီးသိန်းမောင်နဲ့ ကျုပ်နဲ့ နဂါးဆေးပေါ့လိပ်ကလေး တစ်ယောက်တစ်လိပ်ဖွာပြီး ထနောင်း ကုန်းကနေ ထွက်လာခဲ့ကြတယ်။

ကိုကြီးသိန်းမောင်တို့ ဝိုင်းထဲဝင်တာနဲ့ ဝိုင်းထဲမှာ အမှိုက် လှဲနေတဲ့ ဘိုးညိုက ကျုပ်ကို ရယ်ပြီးပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…အိမ်ပေါ်ကိုသာ တန်းတက်ပေတော့ တာတေရေ၊ အိမ်ပေါ်မှာ ဘိုးလူပေ မင်းကို စောင့်နေတယ်၊ မင်းရောက်တာနဲ့ ခရီးထွက်မယ်လို့ ပြောနေတာကွ"

ဘိုးလူပေက တော်တော်အရေးကြီးနေတဲ့ပုံပဲဗျို့။ ကျုပ် အိမ်ပေါ်ကို လှေကားကနေ တန်းတက်လာတယ်။ ဘုရားစင်ရှေ့မှာ တင်ပလ္လင်ခွေထိုင်ပြီး ထိုင်နေတဲ့ ဘိုးလူပေက ကျုပ်ကို ပြုံးပြနေတယ်ဗျ။

"မောင်တာတေ ရှိမှရှိပါ့မလားလို့ ကျုပ်မှာ စိုးရိမ်နေတာကွဲ့"

ဘိုးလူပေကတော့ ဘယ်အခါပဲ ပြန်တွေ့၊ ပြန်တွေ့ ဒီအရွယ်ပဲဗျ။ သျှောင်တုံစောင်းလေးနဲ့ ပုဝါလေးပေါင်းလို့ပဲ။ ဒါပေမဲ့ ကျုပ်စိတ်ထင်တော့ ဘိုးလူပေရဲ့ မျက်လုံးတွေက အရောင်တွေ ပိုတောက်လာသလိုပဲဗျ။

'မဖဲဝါနေတဲ့ကျွန်း' မှာ ဘိုးလူပေ မီးထုံကူးတာ ကျုပ်ရေးခဲ့ဖူးတယ်လေဗျာ။

"ရှိပါတယ် ဆရာကြီးရဲ့၊ ကျုပ်က ဘယ်မှသွားတာလာတာ မရှိပါဘူး"

"အေး…အေး၊ ဟန်ကျပြီပေါ့ကွယ်၊ မောင်တာတေရေ ကျုပ်တို့ ဆရာတပည့် ခရီးထွက်ကြရလိမ့်မကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျုပ်မိဘတွေကို တစ်ခါတည်း ခွင့်တောင်းပြီး ထွက်ခဲ့တာပါ၊ ကျုပ်ဘက်ကတော့ သွားဖို့အဆင်သင့်ပါပဲဗျာ"

"အို ဒါဆိုရင်တော့ အခုပဲ ခရီးထွက်ကြတာပေါ့ကွယ်၊ ကိုညိုရေ၊ မင်းစီစဉ်ထားတဲ့ လှည်းသမား ခေါ်တော့ပေါ့"

"ဆရာကြီးက မနက်ထမင်းစားပြီးမှ သွားရောပေါ့ရှင်၊ ကျွန်မတို့က ထမင်းကျွေးချင်နေကြတာ"

ဘိုးညိုရဲ့ သမီးအကြီးက ဘိုးလူပေကို ညှို့ဝတ်ပြုစကားပြောတာဗျ။

"နောင်တစ်ခါရောက်မှ စားမယ်ကွာ၊ ခုတော့ သွားရမယ့်ခရီးက လှမ်းနေသေးတော့ ချက်ချင်းထွက်မှ ဖြစ်မှာမို့ပါကွယ်"

သိပ်မကြာဘူးဗျ။ ဝိုင်းရှေ့မှာ လှည်းတစ်စီး ရပ်လိုက်တယ်။ လှည်းဆွဲတဲ့ နွားကြီးတွေက ထွားထွားကြီးတွေဗျာ။ နှစ်ကောင်လုံး နွားညိုတွေချည်းပဲဗျ။ လှည်းမောင်းတဲ့လူကို ကျုပ် လှမ်းကြည့်လိုက်တော့ ကိုလှထိန်ကြီးဗျ။ သူ့ညီလှစိန် ဆိုတာက ကျုပ်နဲ့ သူငယ်ချင်းဗျ။ လွတ်ခင်တဲ့ကောင်။ ကျုပ်တို့ရွာက ရွှေ ဆောင်ဦးဘုရားပွဲမှာ ဒီကောင်နဲ့ ကျုပ်က တာဝန်တွေ တွဲတွဲယူရတာများတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ကနေ ကျုပ် လှမ်းကြည့်လိုက်တော့ကို ကိုလှထိန်ကြီးက မြင်တယ်ဗျ။

"ဟော့ကောင် တာတေ၊ ချောင်းကြည့်မနေနဲ့ လာခဲ့၊ မင်းနဲ့ မတွေ့တာကို ကြာပေါ့"

"ရှိပါတယ် ကိုကြီးလှထိန်ရ၊ ဟိုကောင်လှစိန်နဲ့တော့ ကျုပ်က မကြာမကြာ တွေ့ပါတယ်"

ကျုပ်ပြောဆိုနေတုန်း ရှိသေးတယ်။ ဘိုးလူပေက လှေကားက ဆင်းနေပြီဗျ။ ဘိုးလူပေကတော့ ဒီအတိုင်းပဲဗျ။ လွတ်စိတ်မြန်တဲ့ ဘိုးတော်ဗျို့။ သွားမယ်ဆိုတာနဲ့ လမ်းပေါ် ရောက်နေရောဗျ။

ကျုပ်လည်း ဆေးလွယ်အိတ်ကို စလွယ်သိုင်းလွယ်ပြီး ဘိုးလူပေနောက်က ပြေးလိုက်ရတော့တာပေါ့ဗျာ။ ကိုသိန်းမောင်နဲ့ ဘိုးညိုက ကျုပ်တို့ကို လှည်းနားအထိ လိုက်ပို့ကြတယ်။

ခုချိန်အထိ ဘိုးလူပေ ဘယ်ကိုသွားမှာမှန်း ကျုပ် မသိဘူးဗျ။ စွတ်သာလိုက်လာတာ။

"လှထိန်၊ မင်း လှည်းကို မြောက်ကထွက်ရမှာ၊ ယင်းချောင်းမရောက်ခင် ခပ်သွက်သွက်သာမောင်း၊ ယင်းကျော်သွားရင် ထီးဂလိုင်က ဘာမှမဝေးတော့ဘူး၊ ဆရာကြီးကို ထီးဂလိုင်မှာ ထားခဲ့ပြီး ချက်ချင်းပြန်မောင်းခဲ့၊ ဒါမှ ရွာကို အချိန်မှီကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်မှာ''

''ဟုတ်ကဲ့ ဘိုးညို''

ကိုကြီးလှထိန်က ဘိုးညိုပြောတာကို ခေါင်းညိတ်ပြပြီး ပြောတယ်။ ဒီတော့မှ ကျုပ်တို့ သွားမှာ ထီးဂလိုင်ဆိုတာ သိရတော့တာဗျို့။

ကိုလှထိန်ရဲ့လှည်းက ရွာမြောက်ဘက်တံခါးက ထွက်တယ်။ တကယ်တော့ တောင်ချွန်းတို့၊ ထီးဂလိုင်တို့ဆိုတာ သိပ်ဝေးတာမဟုတ်ဘူးဗျ။ ယင်းချောင်း ဖြတ်ကူးနေရလို့သာ ခရီးထောက်တာဗျ။ တောင်ကျရေရှိတဲ့အချိန်ဆိုရင် ဒီယင်းချောင်းကြီးကလည်း ကြောက်ရသားဗျ။ ကျုပ် တစ်ခါ ညဘက်ကြီး တောင်ကျရေနဲ့ ပါသွားခဲ့ဖူးတယ်လေဗျာ။ ခင်ဗျား မှတ်မိသေးလားတော့ မသိဘူး။ 'တစ္ဆေကြီးနေတဲ့အိမ်' ဝတ္ထုမှာ ကျုပ်ရေးပြဖူးပါတယ်။

ဘန့်ဘွေးကုန်းက ထွက်လာပြီး နာရီဝက်လောက် မနားတမ်း မောင်းလိုက်တော့ ထိန်ကုန်းကို ရောက်ရောဗျ။ လှည်းလမ်းက ရွာပြင်က ပတ်သွားတာဆိုတော့ ရွာထဲမရောက်ဘူးပေါ့ဗျာ။ မရောက်တာပဲ ကောင်းပါတယ်။ ထိန်ကုန်းမှာကလည်း ကျုပ်အသိတွေ များသားဗျ။ ဟိုလူ့နှုတ်ဆက်၊ ဒီလူ့နှုတ်ဆက်နဲ့ ကြာနေရင် ဘိုးလူပေကလည်း စိတ်မြန်မြန်နဲ့ဆိုတော့ ကြိုက်မှာ မဟုတ်ဘူးဗျ။ ထိန်ကုန်းကျော်လာတော့မှ ဘိုးလူပေက ကျုပ်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com



တာဗျ။

"မောင်တာတေကို အခုသွားမယ့်ကိစ္စနဲ့ ပတ်သက်ပြီးတော့ အနည်းအကျဉ်းတော့ ပြောထားရဦးမယ်ကွဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မောင်တာတေ၊ ကြောင်တစ်ရာမိုလ် အစီအရင်ဆိုတာ ကြားဖူးသလားကွဲ့"

"ဗျာ၊ ကြောင်တစ်ရာမိုလ် ဟုတ်လား ဆရာကြီး"

"အေးလကွယ်၊ မောင်တာတေ မကြားဘူးသေးရင် ကျုပ်က ပြောပြမလို့ပါ"

"ဟာ ကြားဖူးတယ် ဆရာကြီး၊ အရင်ကတော့ မကြားဖူးဘူးဗျ၊ ဟိုတလောကမှ ပုဗ္ဗာရုံကျောင်းကထိန်မှာ သံခနောက်က ဘိုးအုပ်ကြီး ပြောပြတာ ဆရာကြီးရဲ့၊ ဘိုးအုပ်က ကိုယ်တွေ့ဗျ၊ သူငယ်ငယ်က ကြုံခဲ့တာ သူ့ဆရာကိုယ်တိုင် စီရင်တာဆိုပဲ"

"နို့ အစီအရင် အောင်သတဲ့လား"

"ဟာ မအောင်ဘူးဗျ၊ ကြောင်တစ်ရာမိုလ် ဖြစ်သွားတဲ့ ကြောင်နက်ကြီးကို အဲဒီဆရာက မသတ်နိုင်ဘူး၊ ကြောင်တစ်ရာမိုလ်ကြီးကသာ ဘိုးအုပ်ရဲ့ ဆရာကို သတ်သွားတာဗျ"

ဘိုးလူပေက ကျုပ်ပြောတာကို နားထောင်ပြီး ခေါင်းညိတ်ပြတယ်။ ပြီးတော့မှ ပြောသဗျ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တာတေက ဗဟုသုတရှိတော့လည်း ကောင်းတာပေါ့ကွယ်၊ ဒါဆိုရင် ကျုပ်ပြောလို့ရပြီပေါ့၊ မောင်တာတေ ကြားဖူးတဲ့ ကြောင်တစ်ရာဗိုလ် အစီအရင်လိုမျိုး အစီအရင်တစ်ခု ပညာသည်တွေကြားမှာ ရှိတယ်ကွဲ့၊ ဒီအစီအရင်က ကြောင်တွေနဲ့ စီရင်ရတာမဟုတ်ဘူး၊ လူတွေနဲ့ စီရင်ရတာ၊ လူမှ ရိုးရိုးလူမဟုတ်ဘူး၊ ပညာသည်တွေနဲ့ စီရင်တာကွဲ့၊ လူလူချင်း နှလုံးကို အရှင်လတ်လတ် ဖောက်စားရတာ"

"ဟာ…ရက်စက်လှချေလားဗျာ"

"ဟုတ်တယ် မောင်တာတေ၊ ပညာသည်ဆိုတာ ပညာရှးတွေကွဲ့၊ သူတို့ပညာ အထွတ်အထိပ်ရောက်ဖို့ တစ်ခုပဲ သိကြတာ၊ ဒီအတွက်ဆိုရင် လူသတ်ရမှာလည်း ဝန်မလေးကြဘူး၊ အစိမ်းစားရမှာလည်း ဝန်မလေးကြဘူး၊ အခုပြောတဲ့ အစီအရင်ကို **'စုန်းကိုး မှော်ကိုး ကဝေကိုး'** အစီအရင်လို့ ခေါ်တယ်"

"ဆရာကြီးရယ်၊ ကျုပ်ဖြင့် ကြားရုံနဲ့တင် ကျောချမ်းလှပါပြီဗျာ"

"အင်း…တကယ်လည်း ကျောချမ်းစရာကောင်းပေတယ် မောင်တာတေ၊ ပထမဆုံး စုန်းတွေရှာပြီး ပညာပြိုင်ရတယ်၊ နိုင်သွားရင် စုန်းရဲ့ နှလုံးကို အရှင်လတ်လတ် ထုတ်ယူပြီး အစိမ်းစားရတယ်၊ နှလုံးကို ဖောက်ယူတဲ့အခါမှာလည်း သေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မဖောက်ရဘူးကွ၊ လက်ချောင်းတွေက ထွက်တဲ့စက်နဲ့တွေနဲ့ ထိုးဖောက်ပြီး လက်နဲ့ နှိုက်ထုတ်ယူရတာ၊ ဗိုက်က လဲကျပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေတဲ့အချိန်မှာ နှလုံးကို မန္တန်ရွတ်ပြီး အစိမ်းစားရတယ်၊ အကုန်စားဖို့တော့ မလိုဘူးကွ၊ ကိုးကိုက် ကိုက်ဖဲ့ပြီး ကိုးကြိမ် ဝါးစားရတယ်"

"အောင်မယ်လေးဗျာ၊ တော်တော်လည်း ရက်စက်တဲ့လူတွေပဲ ဆရာကြီးရာ"

"ဟုတ်တယ် မောင်တာတေ၊ တော်တော်ကို ရက်စက်ကြမ်းကြုတ်တဲ့ အစီအရင်ပဲကွဲ့"

"ကျုပ် တစ်ခုမေးပါရစေ ဆရာကြီး"

"မေးပါကွယ်၊ မေးပါ"

"ဒီအစီအရင်ကို လုပ်တဲ့လူက ဗိုက်လား ကဝေလား ဆရာကြီး"

"ကဝေကြီးတွေပေါ့ကွယ်၊ ပညာတွေ ကမ်းကုန်သလောက်တတ်ပြီးတာတောင် မကျေနပ်နိုင်ကြဘဲ ဘီလူးမှော်လို့ခေါ်တဲ့ ဒီအစီအရင်ကြီးကို လုပ်ကြတာကွဲ့"

"နို့ နေပါဦး ဆရာကြီးရဲ့၊ ဒီကဝေကြီးက အခုပြောတဲ့ ဘီလူးမှော်အောင်သွားခဲ့ရင် ဘာဖြစ်နိုင်လို့တုံး"

"လက်နက်အမျိုးမျိုး ပြီးတာပေါ့ကွယ်၊ တုတ် ဓား၊



www.burmeseclassic.com

www.burmeseclassic.com



လုံတွေလောက် မပြောနဲ့၊ သေနတ်အမျိုးမျိုး၊ ဗုံးအမျိုးမျိုး၊ အမြောက်အမျိုးမျိုး အားလုံးပြီးတယ် မောင်တာတေရဲ့၊ ဒီအဆင့်ကို အောင်သွားလို့ အတွင်းစခန်းဝင်ပြီး ကျင့်ကြံနိုင်ခဲ့ရင် အောက်လမ်းဝိဇ္ဇာဖြစ်ပြီး အသက်ကို ထောင်ချီပြီး နေလို့ရသွားတာပေါ့ကွယ်"

"သြော်…ဒါကြောင့်လုပ်တာကိုး"

"အခု ကျုပ်သွားရမယ့်ကိစ္စက ဒီကိစ္စပဲကွဲ့၊ ကဝေပညာကို ကမ်းခတ်အောင်တတ်တဲ့ ဒိဗ္ဗလို့ခေါ်တဲ့ ကဝေကြီးက အခုနပြောတဲ့ စွန်းကိုး မျော်ကိုး ကဝေကိုးလို့ခေါ်တဲ့ ဘီလူးမျော်ကြီးကို အောင်ကာနီးနေပြီ မောင်တာတေရဲ့၊ ဒီကောင် ဒိဗ္ဗက စုန်းမကြီးကိုးယောက်ရဲ့ နှလုံးကို ဖောက်စားပြီးပြီ၊ မျော်ပညာသည် ကိုးယောက်ရဲ့ နှလုံးကိုလည်း စားပြီးပြီ၊ သူ့ထက်နိမ့်တဲ့ ကဝေရှစ်ယောက်ရဲ့ နှလုံးကိုလည်း စားပြီးပြီ၊ အခုလာမယ့် လပြည့်ညမှာ ကိုးယောက်မြောက်ကဝေရဲ့ နှလုံးကို စားလိမ့်မယ်"

"ဟာ…ဟုတ်လား ဆရာကြီး၊ လပြည့်နေ့ဆိုတော့ နက်ဖြန်ပဲ"

"ဟုတ်တာပေါ့ မောင်တာတေရဲ့၊ ဒါကြောင့် ကျုပ်က အက်သုတ်နှင်ပြီး ခရီးဆက်ခဲ့ရတာကွ"

"အဲဒီကဝေကြီး သတ်မယ့် ကိုးယောက်မြောက် ကဝေက ထီးဂလိုင်မှာနေတဲ့လူလား ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မောင်တာတေ၊ ထီးဂလိုင်အနောက်ဘက်က တောင်ပေါ်ကို တက်ရမှာ၊ အဲဒီမှာ ကဝေတောင်လို့ခေါ်တဲ့ တောင်တစ်လုံးရှိတယ်၊ ဒါပေမဲ့ ဒီနာမည်ကို အရပ်ထဲကလူတွေက မသိကြပါဘူး၊ သူတို့က အင်ကြင်းတောင်လို့ပဲ ခေါ်ကြတာ၊ အင်ကြင်းတောကြီး ရှိတာကိုး၊ ပြီးတော့ အင်ကြင်းကျောက်တွေလည်း ပေါမှပေါကွဲ့၊ ဒီအနီးအနားက လူတွေက ရွာထဲမှာ ရေတွင်းပေါင်ခွေဖို့ အင်ကြင်းကျောက်လိုရင် သွားရှာတဲ့တောင်ပေါ့ကွယ်"

"ဩော်...ထီးဂလိုင်က လူတွေကတော့ အင်ကြင်းတောင်ဆိုရင် သိမှာပေါ့နော် ဆရာကြီး"

"ဟာ သိတာပေါ့ မောင်တာတေရဲ့၊ ဒီကောင်တွေ အင်ကြင်းကျောက် ရှာတဲ့တောင်ပဲဟာ"

"ဒါထက်နေပါဦး ဆရာကြီးရဲ့၊ ဒီကဝေကြီး ဦးဒိဗ္ဗက သူနဲ့ ပညာပြိုင်မယ့် ကဝေကို ဒီတောင်မှာ ချိန်းထားလို့လားဗျ"

"ဟား၊ ဟား၊ ဟား၊ ဟား မောင်တာတေကတော့ အတွေးတော်တော်နက်တဲ့ လူငယ်ပေပဲကိုး၊ ဘယ်ကဝေကမှ ဒိဗ္ဗနဲ့ ပညာမပြိုင်ရဲဘူးကွ၊ ဒိဗ္ဗက အတင်းလိုက်ရှာပြီး သတ်လို့သာ ကြောက်ကြောက်လန့်လန့်နဲ့ ဒိဗ္ဗကို ပြန်လုပ်ကြရရှာတာ"

"ဟင်၊ ဒါဆိုရင် ဦးဒိဗ္ဗက ကိုးယောက်မြောက် ကဝေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖမ်းခေါ်လာပြီး ဒီတောင်ပေါ်မှာ သတ်မှာလား ဆရာကြီး”

ဘိုးလူပေက ကျုပ်မေးတာကို ပြုံးပြီးခေါင်းခါပြတယ်။ ပြီးတော့မှ မပြောချင် ပြောချင်နဲ့ ပြောတာဗျို့။

“ကိုးယောက်မြောက် နောက်ဆုံးကတော့ တခြားသူ မဟုတ်ဘူး မောင်တာတေ၊ သူကိုယ်တိုင်ပဲကွဲ့”

“ဗျာ၊ သူကိုယ်တိုင် ဟုတ်လား ဆရာကြီး”

ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ။ ဘယ်လိုယုံရမှန်းတောင် မသိတော့ဘူးဗျ။ ဆရာကြီးကိုလည်း ဘာမေးရမှန်းတောင် ကျုပ် မသိတော့ပါဘူးဗျာ။

“ဟုတ်တယ် မောင်တာတေ၊ ကဝေတောင်ထိပ်မှာ ထက်ပိုင်းကျိုးနေတဲ့ ရုပ်တုဟောင်းကြီးတစ်ခုရှိတယ်၊ အဲဒီရုပ်တု ကြီးရဲ့ဘေးမှာ ရေကန်လေးတစ်ကန်လည်း ရှိတယ်၊ ဒီအနီးအနား က လူတွေဟာ အဲဒီအရုပ်ကြီးကို နတ်ရုပ်ကြီးပဲ ထင်ကြတာ၊ ဘေးမှာ ပြိုကျနေတဲ့ အဆောက်အဦပျက်ကိုလည်း နတ်ကွန်း အပျက်ပဲ ထင်ကြတယ်ကွ။

တကယ်ကတော့ ထက်ပိုင်းကျိုးနေတဲ့ အရုပ်ကြီးက ဘော်ရုပ်ကြီးတော့ ဟုတ်တယ်ကွဲ့၊ ဒါပေမဲ့ အဲဒါ ကဝေနတ်ကြီးရဲ့ ရုပ်ထုကြီး မောင်တာတေရဲ့။ ပြိုကျနေတဲ့ အဆောက်အဦက ကဝေနတ်ကြီးကို ယစ်ပူဇော်တဲ့ ယစ်ပလ္လင်အဆောက်အဦကြီးကွဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကတော့ ဒီတောင်ပေါ်မှာ အဆင့်အမြင့်ဆုံး ကဝေပညာတွေ တက်လှမ်းတဲ့နေရာပေါ့ကွယ်။ ပြီးရင် ယစ်ပလ္လင်ရှိတဲ့ အဆောက်အဦထဲမှာ အတွင်းစခန်းဝင်ကြတယ်။ အခုနောက်ပိုင်းမှာတော့ ကဝေက ပညာအဆင့် ဒီလောက်မမြင့်ကြတော့ ကဝေတောင် ဘယ်နားမှာ ရှိမှန်းတောင် မသိကြတော့ဘူးကွဲ့၊ ဒိဗ္ဗ တစ်ယောက်သာ ဒီအဆင့်ထိ တက်လာနိုင်တာ''

''နေပါဦး ဆရာကြီးရဲ့၊ ကဝေကြီး ဦးဒိဗ္ဗက သူ့နှလုံးကို ထုတ်ပြီး သူ ဘယ်လိုစားမှာတုံး ဆရာကြီးရဲ့၊ နှလုံးထုတ်လိုက်ရင် သူသေသွားပြီမဟုတ်လားဗျ''

''အင်း…ဒီကိစ္စက မေးထိုက်တဲ့ကိစ္စပေါ့ကွယ်၊ ဒီလိုမောင်တာတေရဲ့၊ လူတစ်ယောက်အနေနဲ့တော့ ကိုယ့်နှလုံးကို ကိုယ် ဘယ့်နှယ်လုပ်ပြီး ထုတ်မတုံး၊ သေသွားဖို့ပဲ ရှိတာပေါ့၊ ဒိဗ္ဗတို့လို 'စုန်းကိုး မှော်ကိုး ကဝေကိုး' ဆိုတဲ့ ဘီလူးမှော် အစီအရင် အောင်လာခဲ့တဲ့ လူကတော့ မသေဘူး မောင်တာတေရဲ့၊ ကဝေမန္တန်တွေရွတ်ပြီး လက်ကထွက်တဲ့ စက်တွေနဲ့ သူ့နှလုံးကို သူကိုယ့်တိုင် ဖောက်ထုတ်ယူပြီး ကိုးကိုက် ကိုက်စားလိုက်နိုင်ရင် သူ့ရဲ့ အသက်ဝိညာဉ်မဲ့တဲ့ ကိုယ်ကြီးဘေးမှာ ချက်ချင်းရုပ်အသစ်တစ်ခု ပေါ်လာရောကွ၊ ဒါဆိုရင် ဒိဗ္ဗ အောင်သွားပြီပေါ့ကွာ၊ သူ့ရဲ့ အသက်မရှိတော့တဲ့ ခန္ဓာဟောင်းကြီးကို သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပဲ အောက်လမ်းအင်းနဲ့ပေါက်ပြီး မီးသင့်ဂြိုဟ်ပစ်လိုက်မှာပေါ့၊ သူ့ရဲ့ ခန္ဓာအသစ်က ခန္ဓာအဟောင်းနဲ့ တစ်ပုံစံတည်းပဲလေ၊ သူ့ကို ဒီဗ္ဗအသစ်ဖြစ်လာမှန်း ဘယ်သူမှ သိမှာမဟုတ်ဘူးကွဲ့"

"ဒါဆိုရင် ဆရာကြီး အခုလာတဲ့ကိစ္စက..."

ကျုပ်စကားမဆုံးခင်ပဲ ဘိုးလူပေက ပြောသဗျ။

"အထက်ပုဂ္ဂိုလ်ကြီးတွေက ဒီဗ္ဗကို အောက်လမ်းဝိဇ္ဇာ ဖြစ်ခွင့်မပေးနိုင်ကြဘူးကွဲ့၊ ဒါကြောင့် ကျုပ်ကို လွှတ်လိုက်ကြ တာ"

"သြော်...ကျုပ် သိပါပြီ ဆရာကြီး"

ကိုလှထိန် မောင်းတဲ့လှည်းက ရွာတော်ကြီးကိုကျော်တော့ ယင်းချောင်းကို ရောက်လာတယ်။ ယင်းချောင်းထဲမှာ ရေက ဒူးခေါင်းမြုပ်ရုံလောက်ပဲ ရှိတာဗျ။ လှည်းက မှန်မှန်လေးမောင်းပြီး ဖြတ်ကူးလိုက်တယ်။ ယင်းချောင်းဖြတ်ပြီးတော့ တောင်ချွန်း၊ တောင်ချွန်းပြီးတော့မှ ထီးဂလိုင်ကို ရောက်တာဗျ။

ထီးဂလိုင်ရောက်တော့မှ ဘုန်းကြီး ဆွမ်းစားတုန်းပဲ ရှိ သေးတာ။

"မောင်လှထိန် ဆရာတို့ရွာထဲ မဝင်ဘူးကွဲ့၊ အနောက် ဘက်က တောင်ခြေနားကိုသာ မောင်းပေးကွယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



လို့ ကိုလှထိန်က ပြောပြီး အနောက်ဘက်သွားတဲ့ လှည်းလမ်းအတိုင်း လိုက်သွားတယ်။ တောင်ခြေနဲ့ နီးလာတော့ ဘိုးလူပေက ပြောတယ်။

"ရပြီ၊ ရပြီ မောင်လှထိန်၊ လှည်းကို ဒီမှာပဲ ရပ်တော့ကွဲ့"

လှည်းရပ်တော့ ဘိုးလူပေက သူ့အိတ်ကြီးထဲက ငှက်ပျောသီးတွေထုတ်ပြီး ကိုလှထိန်ကို တစ်လုံးကျွေးတယ်။ ကျုပ်ကို တစ်လုံးကျွေးတယ်။ သူကိုယ်တိုင်လည်း တစ်လုံးစားတယ်။

"ကဲ...မောင်လှထိန် ပြန်ပေတော့၊ ငှက်ပျောသီးတစ်လုံး စားထားတော့ နှစ်ရက်လောက်တော့ ဗိုက်ဆာမှာ မဟုတ်ဘူးကွဲ့"

ကိုလှထိန်က ဘိုးလူပေ ပြောတဲ့စကားကို ကြားတော့ အံ့သြပြီး ကျုပ်ကို လှည့်ကြည့်တယ်။ ကျုပ်က သူ့ကို ခေါင်းညိတ်ပြလိုက်တော့မှ ကိုလှထိန်က ကျုပ်ကို နှုတ်ဆက်တယ်။

"ဆရာကြီး ဒါဆိုရင် ကျုပ်ပြန်တော့မယ်၊ တာတေ ငါပြန်မယ်"

ကိုလှထိန် လှည်းမောင်းပြီး ပြန်သွားတာနဲ့ ဘိုးလူပေက တောင်ပေါ်ကို စပြီးတက်ရောဗျို့။ တစ်တောင်တက်လိုက်၊ နောက်တစ်တောင်တက်လိုက်နဲ့ ငါးလုံးမြောက်တောင်ကို တက်တော့မှ တစ်တောင်လုံး အင်ကြင်းပင်တွေ ပေါက်နေတာကို တွေ့ရတော့တာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတောင်ပဲ မောင်တာတေရဲ့၊ ဒါ ကဝေတောင်ပဲ"

ကျုပ်နဲ့ ဘိုးလူပေ တောင်ထိပ်ကိုရောက်တော့…

"ဟာ…ဟုတ်သားပဲ၊ နတ်ရုပ်အကျိုးကြီး"

"ဟုတ်တယ် မောင်တာတေ၊ အဲဒါ ကဝေနတ်ကြီးရဲ့ ရုပ်တုပဲကွဲ့၊ တစ်ဝက်လောက်က ကျိုးကျသွားတော့ ဟို့မှာတွေ့ လား ရေကန်လေး၊ အဲဒါ ကဝေနတ်ကြီး ဖန်ဆင်းထားတဲ့ ရေကန် လို့ ကဝေကြီးတွေက ယုံကြတယ်။ နွေ၊ မိုး၊ ဆောင်း ဘယ်အခါမှ ရေမခမ်းဘူးကွဲ့၊ အစီအရင်လုပ်မယ့် ကဝေက အဲဒီကန်မှာ ရေချိုး ရတယ်၊ ဟိုမှာတွေ့လား ပြိုကျနေတဲ့ အဆောက်အဦ။ အဲဒါ ယစ်ပလ္လင်ဆောင်လို့ ခေါ်တယ်၊ အဲဒီမှာ အတွင်းစခန်း ဆက်ဝင်ရ တာကွဲ့၊ လာ…လာ၊ ကျုပ်တို့ ပုန်းဖို့နေရာ ရှာဦးမှ၊ ဒီကောင်က ဒီည ရောက်ရင်ရောက်၊ မရောက်ရင် မနက်ဖြန်မှ ရောက်လိမ့်မယ်"

ကဝေနတ်ရုပ်ကြီးနဲ့ ခပ်လှမ်းလှမ်းမှာ ကျောက်ထရံကြီး ရှိ။ ဘိုးလူပေက အဲဒီကျောက်ထရံကြီးဘက်ကို သွားတယ်။ ကျုပ်လည်း နောက်က လိုက်ရတာပေါ့ဗျာ။ ကျောက်ထရံနောက် မှာ ကျောက်တုံးတွေရော၊ ကျောက်ဖျာတွေရော ရှိတယ်ဗျ။ ဒီနေရာ မှာ ဒီတစ်ည ပုန်းအိပ်ဖို့ အတော်ပဲဗျ။

ညရောက်တော့ လက တော်တော်သာနေပြီ။ ကျုပ်လည်း အမောနဲ့ အိပ်လိုက်တာ တစ်ရေးတောင် မနိုးဘူးဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တာတေ၊ မောင်တာတေ ထ ထ၊ နိုးနိုးကြားကြားနေ၊ ဒီမှာ တောင်ပေါ်တက်လာပြီ"

ဘိုးလူပေက လေသံအုပ်အုပ်ကလေးနဲ့ နှိုးတာဗျ။ ကျုပ်လည်း ကပျာကယာထပြီး ကျောက်ထရံကြီးနောက်ကနေ ချောင်းကြည့်လိုက်တယ်။

လရောင်အောက်မှာ လူကြီးတစ်ယောက် တောင်ပေါ်ကိုတက်လာတာ တွေ့ရတယ်ဗျို့။ လူက ပုပြတ်ပြတ်ဗျ၊ သျှောင်ထုံးကြီးနဲ့ ပုဆိုးက ကွက်တုံးကြီးဝတ်လို့၊ လွယ်အိတ်ကြီးတစ်လုံးကို စလွယ်သိုင်း လွယ်ထားတယ်။ ဒီလူကြီးရဲ့ မျက်လုံးတွေက အရောင်ကို တောက်နေတာဗျ။ လရောင်အောက်မှာတောင် တဖျတ်ဖျတ်လက်နေတာ။

ဦးဒိဗ္ဗကြီးက ရောက်ရောက်ချင်း ထက်ပိုင်းကျိုးနေတဲ့ ကဝေနတ်ရုပ်ကြီးရှေ့မှာ ဒူးထောက်ပြီး ရှိခိုးလိုက်တယ်။ ပြီးတော့မှ နတ်ရေကန်ဘက်ကို လျှောက်သွားတယ်။ ပြိုကျနေတဲ့ ယစ်ပလ္လင်ဆောင်ကို လှမ်းကြည့်ပြီး ခေါင်းညိတ်တယ်။

ဒီလူကြီးက တစ်နေကုန် ကဝေနတ်ရုပ်ကြီးရှေ့မှာ ထိုင်ပြီး မန္တန်တွေ ရွတ်နေရောဗျို့။ ဘိုးလူပေလည်း ကျောက်ထရံနောက်က ကျောက်ဖျာပေါ်မှာ တင်ပလ္လင်ခွေထိုင်ပြီး ပုတီးစိပ်တော့တာပေါ့ ဗျာ။ ကျုပ်ကတော့ ကင်းသမားဗျ။ ကဝေကြီး ဦးဒိဗ္ဗကို မျက်ခြည်



www.burmeseclassic.com

www.burmeseclassic.com



မပြတ် ကြည့်နေရတာပေါ့ဗျာ။

မိုးချုပ်ပြီ။ တောင်တွေကိုကျော်ပြီး လထွက်လာတယ်ဗျ။ တဖြည်းဖြည်းနဲ့ တစ်တောလုံး လင်းသွားတယ်။

"မောင်တာတေ၊ ရော့ ဟောဒီအင်းချပ်ကို ယူထား၊ လက်ထဲကနေ လွတ်မကျစေနဲ့၊ ကျုပ်က ပစ်ဆိုတော့မှ ဒီဖွဲကို အနားကပ်ပြီး ပစ်ပေတော့၊ ဘာကိုမှ မကြောက်နဲ့ ကြားလား၊ ကျုပ်မပြောဘဲနဲ့တော့ ဒီအင်းကို မပစ်နဲ့နော် မောင်တာတေ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ခဏစောင့်ရဦးမယ်ကွဲ့၊ လမွန်းတည့်တာနဲ့ ဒီကောင် လုပ်ငန်းစမှာပဲ"

ဟုတ်တယ်ဗျို့။ ဘိုးလူပေပြောတဲ့အတိုင်းပဲဗျာ။ လမွန်း တည့်ကာနီးတာနဲ့ ကဝေကြီး ဦးဒီဖွဲက ကဝေမန္တန်တွေ ရွတ်တော့ တာပဲဗျာ။ သူ့အသံသြသြကြီးနဲ့ မန္တန်ရွတ်လိုက်တာ ကဝေတောင် ကြီးတစ်ခုလုံးကို ဟိန်းနေတော့တာဗျ။

လမွန်းတည့်ပြီဗျို့။

"လာ၊ မောင်တာတေ ထွက်တော့၊ ဒီကောင် အလုပ်စ တော့မယ်"

ကျုပ်နဲ့ ဘိုးလူပေ ပုန်းနေတဲ့ ကျောက်ထရံကြီးနောက်က ထွက်လာပြီး အင်ကြင်းပင်ကြီးတွေ ကွယ်ရင်းနဲ့ ကဝေနတ်ရုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အနားကို ကပ်လာခဲ့ကြတာပေါ့ဗျာ။

ဟော ဦးဒိဗ္ဗလက်က စက်တွေထွက်လာပြီဗျို့။ ဝင်းဝင်းတောက်နေတဲ့ စက်တွေဗျ။ ကျုပ်ဖြင့် ဒီလိုစက်မျိုး တစ်ခါမှ မမြင်ဖူးပါဘူးဗျာ။ ဟော ဟော စက်တွေနဲ့ သူ့ရဲ့ ရင်ညွန့်ပေါ်ကို ထောက်လိုက်ပြီဗျို့။ ရင်ညွန့်တည့်တည့်မှာ လက်ကိုတင်ထားတာဗျ။ ကဝေကြီးက နတ်ရုပ်ရှေ့မှာ တင်ပလ္လင်ခွေထိုင်ပြီး လုပ်နေတာဗျ။ အပေါ်ပိုင်းက အင်္ကျီမပါတဲ့ ကိုယ်ဗလာနဲ့ဗျို့။

ပါးစပ်က မန္တန်တွေကို မပြတ်ရွတ်လေ စက်တွေက အရောင်တောက်လာလေပဲဗျ။ ဟာ စက်တွေက ဦးဒိဗ္ဗရဲ့ ကိုယ်ထဲကို ဖောက်ဝင်သွားပြီး သူ့ကိုယ်ကြီးတစ်ခုလုံး လင်းနေပြီဗျို့။ မျက်လုံးထဲကလည်း စက်တွေ ထွက်လာတယ်။ ပါးစပ်ထဲကလည်း စက်တွေ ထွက်လို့ဗျ။

ကျုပ်စိတ်ထင်တာတော့ လက်ကထွက်နေတဲ့ စက်တွေဟာ ကိုယ်ထဲကို ဝင်သွားပြီး ကိုယ်ထဲက ပြန်ဖောက်ထွက်လာတာထင်တယ်ဗျ။ ဟာ…ရင်ညွန့်တည့်တည့်ကို ဦးဒိဗ္ဗရဲ့လက်ကြီးဝင်သွားပြီဗျို့။ ဟော…ဆွဲထုတ်နေပြီ၊ ဆွဲထုတ်နေပြီ။ ပါလာပြီဗျို့၊ ပါလာပြီ။ သွေးတွေရဲနေတဲ့ ဦးဒိဗ္ဗရဲ့ နှလုံးကြီးက ဦးဒိဗ္ဗရဲ့ လက်ထဲမှာ ဆုပ်လျက်သားကြီး ပါလာပြီ။

ဟာ…ပြေးထွက်သွားပြီဗျို့။ ကျုပ်ဆရာ ဘိုးလူအေး ပြေး



www.burmeseclassic.com

www.burmeseclassic.com


ထွက်သွားပြီ။ ဘိုးလူပေက ဒီအချိန်ကို စောင့်နေတာ ထင်တယ်ဗျ။

"ဟော့…ဒီဗွ၊ မင်းကို အစီအရင်အောင်ခွင့် မပြုနိုင်ဘူးဟေ့"

ပြောပြောဆိုဆိုနဲ့ ဘိုးလူပေက လက်ထဲက အစိမ်းရောင် စက်တွေ ရွှတ်လိုက်တယ်။ သူ့နှလုံးကို သူကိုယ်တိုင် ကိုက်တော့ မလို လုပ်နေတဲ့ ကဝေကြီးက တုံ့ကနဲရပ်သွားပြီး စက်တွေ တဖျန်းဖျန်း ထွက်နေတဲ့ မျက်လုံးကြီးတွေနဲ့ ဘိုးလူပေကို လှမ်းကြည့်လိုက်တယ်။ ပြီးတော့ ဘိုးလူပေရဲ့ စက်တွေကို ပမာမခန့် ပုံစံနဲ့ လှမ်းရိုက်ချလိုက်တယ်။ ညာဘက်လက်မှာ နှလုံးကြီး ကိုင်ထားပြီး ဘယ်ဘက်လက်က ဘိုးလူပေရဲ့ စက်ကို ကာကွယ်နေတာဗျို့။

ကျုပ်တစ်သက်မှာ နှလုံးကြီး ဆွဲထုတ်ထားတဲ့ လူတစ်ယောက် အသက်ရှင်နေတာ ဒီတစ်ခါပဲ တွေ့ဖူးတာပေါ့ဗျာ။

ဘိုးလူပေရဲ့ စက်တွေ အပိုင်းပိုင်း ပြတ်ထွက်သွားတယ်။ ဘိုးလူပေလည်း မျက်နှာကွက်ကနဲ ပျက်သွားရောဗျို့။

ဟာ…ကိုက်ပြီဗျို့။ ကဝေကြီးက သူ့အစီအရင်ကို အောင်မြင်အောင် ဆက်လုပ်ပြီပေါ့ဗျာ။ သူ့နှလုံးကြီးကို သူ့ပါးစပ်နဲ့ ကုန်းပြီး တစ်ကိုက် ကိုက်ပြီး ဝါးနေတယ်။ ဟော မျိုချပြီ။ ဟာ နောက်တစ်ကိုက် ကိုက်ပြန်ပြီဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ကိုးကိုက် မပြည့်ခင် ဖျက်နိုင်မှ ဖြစ်မှာဗျ။ ကိုးကိုက်ပြည့်သွားလို့ ဦးဒိဗ္ဗနောက်တစ်ယောက် ဘွားကနဲ ပေါ်လာလို့ကတော့ ဘိုးလူပေရော ကျုပ်ရော လက်စတုံးခံရဖို့ပဲ ရှိတာပေါ့ဗျာ။

ဘိုးလူပေ မန္တန်တွေ ရွတ်ပြီဗျို့။ ဟာ..ဘိုးလူပေ ကိုယ်ခွဲထွက်လာပြီဗျို့။ တစ်ယောက်၊ ဟာ...နောက်တစ်ယောက်။ နောက်တစ်ယောက်၊ နောက်တစ်ယောက်။ စုစုပေါင်း ကိုးယောက်ဗျို့။

ကျုပ် နားလည်သွားပြီဗျ။ 'စုန်းကိုး မှော်ကိုး ကဝေကိုး' အစီအရင်ကြီးကို ဖျက်ဖို့ ဘိုးလူပေ ကိုးယောက်ခွဲလိုက်တာဖြစ်မယ်ဗျ။

ဟော..ဘိုးလူပေ ကိုးကိုယ်စလုံးက စက်တွေလွှတ်ပြီဗျို့။ အို...အရောင်ကိုးရောင်ဗျ။ စက်ရောင်ကိုးရောင်။ ဟာ..ဦးဒိဗ္ဗကြီး ကိုယ်ကြီးထဲကို စက်တွေ ဖောက်ဝင်သွားပြီ၊ လက်ထဲမှာ ဆုပ်ထားတဲ့ နှလုံးကို စက်တွေနဲ့ ပတ်ထားပြီဗျို့။

ကျုပ် သေသေချာချာ မှတ်ထားတာဗျ။ ဦးဒိဗ္ဗကြီး သူ့နှလုံးကို သူပြန်စားတာ ငါးကိုက်ရှိသွားပြီ။

စက်တွေပတ်နေတဲ့ နှလုံးကို ဦးဒိဗ္ဗ မကိုက်တော့ဘူးဗျ။ တစ်ကိုယ်လုံးကစက်တွေ ဖြာထွက်လာတယ်။

"မောင်တာတေ၊ အင်းပစ်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဟာ…ကဝေကြီးရဲ့ နောက်ကျောတည့်တည့်က ဘိုးလူပေက အော်ပြောတာဗျို့။ ဒီအတိုင်းဆိုရင် ဘိုးလူပေအစစ်က အဲဒါဖြစ်မယ်ဗျ။ ကျန်တာတွေက ကိုယ်ခွဲတွေထင်တယ်။

ကျုပ်ဆိုတဲ့ကောင်ကလည်း အဆင်သင့်ပါဗျာ။ လက်ထဲမှာ နှလုံးကြီးကိုင်ပြီး စက်တွေ ဖြာထွက်နေတဲ့ ကဝေကြီး ဦးဒိဗ္ဗဆီကို လှစ်ကနဲ ပြေးဝင်ပြီး ကျုပ်လက်ထဲက ဘိုးလူပေ ပေးထားတဲ့အင်းနဲ့ ပစ်ချလိုက်တယ်။

"ဝုန်း"

ကျုပ်ဖြင့် လန့်ပြီး နောက်ကို လှန်ချလိုက်ရတယ်။

မီးလုံးကြီး ထတောက်လိုက်တာဗျာ၊ နည်းတဲ့ မီးတောက်ကြီးမှ မဟုတ်တာ။ အောင်မယ်လေး ပူတာကလည်း တော်တော်ကို ပူတာဗျို့။

"မောင်တာတေ၊ ဝေးဝေးသွားနေ၊ ဒါ ငရဲမီးတောက်ပေါ့"

ဒီတော့မှ ကျုပ် သတိရသွားတာဗျို့။ ဆရာကြီး ဒေါက်တာမင်းအောင်တို့၊ ဆရာနွံ့ဖတို့နဲ့ ကဝေလိုက်ခဲ့တုန်းက တွေ့ဖူးတဲ့ ငရဲမီးတောက်ကို ချက်ချင်းသတိရသွားတော့တာ၊ အင်မတန်မှ အကုသိုလ်ကြီးတဲ့ ကဝေကြီးတွေသေရင် ငရဲမီးတောက်တွေ အလိုလို ထတောက်တာဗျ။ ဒါဆိုရင် 'စုန်းကိုး မှော်ကိုး ကဝေကိုး' အစီအရင်ကြီး ပျက်သွားပြီပေါ့။ ကဝေကြီး ဦးဒိဗ္ဗလည်း သေပြီ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ကဝေကြီးသေလို့သာ ဒီငရဲမီးတောက်ကြီး ထတောက်တာ ပေါ့ဗျာ။

ဘိုးလူပေက ငရဲမီးတောက်ကို ကွင်းလျှောက်ရင်း ကျုပ်ဆီကို ရောက်လာတယ်။ မီးတောက်ကြီးလည်း တဖြည်းဖြည်း သေးပြီး ငြိမ်းသွားပြီ။ ကဝေကြီးရဲ့ အလောင်းမပြောနဲ့ ပြာတောင် တစ်မှုန့်မကျန်ခဲ့ဘူးဗျ။ ငရဲမီးတောက်ဆိုတာ အဲဒီလောက်ကို ပြင်းတာ။

နောက်နေ့ ထမင်းစားချိန်မှာ ဘန့်ဘွေးကုန်းကို ပြန်ရောက်တယ်။ ဘိုးလူပေနဲ့ ကျုပ်နဲ့ ထီးဂလိုင်က လှည်းငှားပြီး ပြန်ခဲ့ကြတာလေဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com





# ကဝေသားခြောက်

မိန်းမတွေ သားခြောက်မွေးတာ ခင်ဗျား မြင်ဖူးလား။ ကျုပ်တို့ရွာ ထနောင်းကုန်းမြောက်ပိုင်းမှာ ကိုဖိုးတွေးနဲ့ မရင် ဆိုတဲ့ လင်မယားနှစ်ယောက် ရှိသဗျ။ သူတို့မှာ သားနှစ်ယောက်

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ အကြီးကောင်လေးက ဆယ့်နှစ်နှစ်သားလောက် ရှိမယ်။ အငယ်ကောင်က ဆယ်နှစ်သားလောက်ဗျ။

ကိုဘိုးထွေးတို့ လင်မယားမှာ ယာပိုင်မရှိ၊ လှည်းမရှိ၊ နွားမရှိနဲ့ လွတ်ဆင်းရဲတာပါဗျာ။ သားနှစ်ယောက်ကို ဆရာတော်ဆီ အပ်ထားရတယ်။ ပုဗ္ဗာရုံကျောင်းမှာ ကျောင်းသားတွေပေါ့ဗျာ။ အကြီးကောင်လေးက ဖိုးစတဲ့၊ အငယ်ကောင်လေးက ဖိုးပတဲ့ဗျ။

ခုတော့ ဆရာတော့်ကျောင်းမှာ အကြီးကောင်လေး မရှိတော့ဘူး။ အိမ်ပြန်နေတယ်။ ဆယ့်နှစ်နှစ်ဆိုပေမယ့် ဖိုးစက လူကောင်ထွားတော့ လူပျိုပေါက်ကြီး ဖြစ်နေပြီဗျ။ ယာထဲကိုင်းထဲလိုက်နိုင်နေပြီ။ မိဘတွေနဲ့အတူတူ ဟိုယာ ဒီယာမှာ နှမ်းနုတ်၊ ပဲနုတ်၊ ပေါင်းနုတ်၊ မြေဆီပက်နဲ့ သူ့မိဘတွေလိုပဲ အလုပ်သမားလေး လုပ်နေရတော့တာပေါ့ဗျာ။ အငယ်ကောင်ဖိုးပကတော့ အခုထိ ကျောင်းသားလုပ်နေတုန်းပဲ။

ဘဝကံမကောင်းခဲ့လို့ ဆင်းရဲတဲ့လူတွေမှာ ဥစ္စာမနေသာ ဆင်းရဲတာ မဟုတ်ဘူးဗျ။ အသိဉာဏ်ကလည်း ဆင်းရဲ၊ ဘာတစ်ခုမှလည်း ဟုတ်ဟုတ်ညားညား မလုပ်တတ်၊ မကိုင်တတ်ဗျ။ သင်ပေးပြန်ရင်လည်း တတ်အောင်၊ တော်အောင် သင်ယူနိုင်တဲ့ကံမျိုး သူတို့မှာ မရှိကြဘူး။ ကံကောင်းတဲ့လူတွေဆီကို ကောင်းတဲ့အကြောင်းတွေ တစ်ခုပြီး တစ်ခု ရောက်လာတတ်တာဗျ။ ကံ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့လူတွေဆီကိုကျတော့ မကောင်းတဲ့အကြောင်းတွေက တန်းစီပြီး ရောက်လာတတ်တာဗျို့။

အခုလည်း ကြည့်လေဗျာ။ ကိုဖိုးထွေးမိန်းမ မရင်မှာ ကိုယ်ဝန်ကြီးနဲ့ ဖြစ်နေပြန်ရောဗျာ။ အကြီးနှစ်ယောက်ကိုတောင် ကျွေးနိုင်လို့ ဘုန်းကြီးကျောင်း ပို့ထားရတာ။ အခု တစ်ယောက် ရောက်လာပြန်ပေါ့။

ဒီမှာတင် အခု ကျုပ်ပြောမယ့်ကိစ္စတွေ ဖြစ်တော့တာဗျို့။ ကျုပ်တို့ ထနောင်းကုန်းသားတွေရဲ့ အကျင့်ကလည်း ရွာထဲမှာ ထူးခြားတဲ့အကြောင်းလေးများ ရှိလို့ကတော့ ဟိုနားစုစု၊ ဒီနားစုစုနဲ့ ပြောလို့ကို မပြီးနိုင်တော့ပါဘူးဗျာ။

ဒါပေမဲ့ ဒီတစ်ခါအကြောင်းကလည်း ပြောချင်စရာတော့ ဖြစ်နေတာပေါ့ဗျာ။ ကိုဖိုးထွေးရဲ့မိန်းမ မရင်လေ တတိယကလေး ကိုယ်ဝန်ဆောင်နေတာ မွေးဖို့နီးလာမှ မီးပုံးပျံကြီးလို ကားထွက်နေတဲ့ ဗိုက်ကြီးက တဖြည်းဖြည်း ပြန်ပြီးပိန်သွားလို့ဗျို့။ တစ်ရွာလုံး က အံ့သြပြီး ဒီအကြောင်းပဲ ပြောနေကြတာဗျ။

မရင်ဗိုက်ကလည်း ပြန်ပြီးပိန်လာလိုက်တာ နောက်ဆုံး ကျတော့ ပူကို မပူတော့တာဗျ။ ဒီလိုနဲ့ပဲ မရင်မွေးမယ့်အချိန် ရောက်လာရောဗျို့။ အချိန်ကျတော့လည်း တခြားကလေးတွေ မွေးသလို ဗိုက်နာတာပဲဗျ။ ကျုပ်တို့ရွာက ဝမ်းဆွဲသည် ဒေါ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တင်ကြီး မွေးပေးတာလေဗျာ။

တခြားကလေးတွေ မွေးသလိုပဲ ပုံမှန်မွေးတာပဲတဲ့ဗျ။ ဒါပေမဲ့ မွေးလာတဲ့ကလေးက တစ်ထွာသာသာလောက်ရှိတဲ့ သားခြောက်ကလေးတဲ့ဗျို့။ တချို့ကတော့ လူခြောက်လို့ ခေါ်တာပေါ့ဗျာ။

မရင် လူခြောက်ကလေးမွေးလို့တဲ့ ဆိုတဲ့ သတင်းက ထနောင်းကုန်းမှာ ပျံ့သွားရောဗျို့။ ကျုပ်တို့ရွာက လူတွေဆိုတာ လူခြောက်မမြင်ဖူးလို့ သွားကြည့်ကြတာ။ ကိုဖိုးထွေးတို့ အိမ်ကလေး ပြုံမှာစိုးလို့ ဆယ်အိမ်ခေါင်း ကိုကံသာကြီးကိုယ်တိုင် ဝိုင်းထဲက သရက်ပင်အောက်မှာ စားပွဲတစ်လုံးခင်းပြီး ပြရတာဆိုပဲ။

သူများသာ ပြောတာပါ။ သွားကြည့်တဲ့အထဲမှာ တာတေဆိုတဲ့ကောင်က ရှေ့ဆုံးကပေါ့ဗျာ။ ကျုပ်လည်း ခုမှ လူခြောက် မြင်ဖူးတာဗျ။ ကျုပ် သေသေချာချာ ကြည့်တာဗျ။ လူခြောက်က တစ်ထွာကျော်ကျော်လောက်ပဲ ရှိတာဗျ။ ယောက်ျားလေးဗျို့။ လူတစ်ယောက်ရဲ့ ကိုယ်အင်္ဂါ အားလုံးစုံတယ်။ ဆံပင်၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ ခြေလက်အင်္ဂါ အစုံဗျ။ ခြေသည်း၊ လက်သည်းလေးတွေလည်း ပါတယ်။

ဒါပေမဲ့ အခြောက်လှန်းထားသလို ရှုံ့တွပြီး ခြောက်ကပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာဗျ။ ဆယ်အိမ်ခေါင်း ကိုကံသာက လူခြောက်ကလေးကို ထန်းခေါက်ဖာတောင်းလေးနဲ့ သေသေချာချာထည့်ပြီး ပြနေတာ ဗျ။ ရွာထဲမှာရှိတဲ့ လူကြီးရော လူငယ်ရော ကျုပ်လို စပ်စုတဲ့ ကောင်တွေရော ကြိတ်ကြိတ်ကိုတိုးပြီး ကြည့်နေတာဗျ။

"ဟဲ့ ကံသာ၊ လူခြောက်ဆိုတာ အသက်ရှိတယ်နော်၊ နာတတ် ကြင်တတ်တယ်၊ ပြီးတော့ လူစောင့်မရှိဘဲ ဒီနားမှာ ပစ်မထားခဲ့နဲ့၊ ကျိုးကန်းချိုသွားလိမ့်မယ် ကြားလား"

"ဟုတ်ကဲ့ အရီးပု၊ ကျုပ်ကိုယ်တိုင် စောင့်နေမယ်၊ စိတ်ချ၊ စိတ်ချ"

ဆယ်အိမ်ခေါင်း ကိုကံသာက ထိုင်ကိုစောင့်ကြည့်နေတာ ဗျ။ မစောင့်လို့လည်း မရဘူးလေဗျာ။ စောင့်နေတဲ့ကြားကကိုပဲ လူခြောက်ကလေးကို လက်ညှိုးနဲ့ ထိုးတဲ့လူကထိုး၊ လက်မြှောက် ကြည့်တဲ့လူကကြည့်၊ ခြေထောက်မ,ကြည့်တဲ့လူက ကြည့်ဗျ။

"ဟာ၊ မကိုင်ကြနဲ့၊ မထိနဲ့၊ ကြည့်ရုံပဲ ကြည့်ကြ"

လို့ ကိုကံသာက အာပြဲကြီးနဲ့ အော်နေတာတောင် အတင်း တိုးပ်နေကြတာဗျ။

ဒါပေမဲ့ ကျုပ်တို့ရွာသားတွေက ချစ်စရာတော့ ကောင်း သားဗျ။ ကလေးကို မုန့်ဖိုးပေးတာ၊ လိုတာပြုတာ ဝယ်ပါဆိုပြီး ဘိုးဖိုးတွေးတို့ မရင်တို့ကို ပိုက်ဆံလေးတွေ ပေးပေးသွားကြတာ



www.burmeseclassic.com

www.burmeseclassic.com



တောင်းကြသဗျ။

"ဟဲ့ကောင် ငဖိုးထွေး၊ မင်းနှယ် နာမည်ခက်ရန်ကော ကွယ်၊ အကြီးဆုံးကောင်က ဖိုးစ၊ အလတ်ကောင်က ဖိုးပ၊ အခု အငယ်ဆုံးကောင်က ဖိုးလှပေါ့ကွာ၊ ဒီနေ့က ဗုဒ္ဓဟူးလေကွာ၊ နေ့နံလည်း အကိုက်ပဲဗျာ"

ဘိုးညီပုကြီးက ပြောတာဗျ။ ဒီတော့ အရီးမမယ်တင့်က ပြောပြန်သဗျ။

"ဟုတ်သားပဲ ဖိုးထွေးရဲ့၊ ဘိုးညီပု ပြောတာ ငါလည်း သဘောကျတယ်ဟဲ့"

တခြားလူကြီးတွေကလည်း ဘိုးညီပုပေးတဲ့ နာမည်ကို ကြိုက်ကြတာနဲ့ မွေးတဲ့နေ့မှာပဲ ကျုပ်တို့ထနောင်းကုန်းသား လူခြောက်ကလေးကို နာမည်ပေးလိုက်ကြရောဗျို့။

"ဖိုးလှတဲ့ဗျာ"

ကိုဖိုးထွေးရော မရင်ရော ပြုံးပြုံးကြီးတွေ ဖြစ်သွားကြသဗျို့။

နောက်တော့ အရီးပု ပြောတဲ့အတိုင်း အိမ်အတွင်းခန်းမှာ လူခြောက်ကို ဖာတောင်းလေးနဲ့ ထားကြတယ်။ အသက်ရှူမကြပ် အောင် ထားရမယ်ဆိုလို့ ဖာတောင်းကို အဖုံးဟဟလေး ထားပေး ရတယ်။ ပြီးတော့ ဖာတောင်းနားမှာ ရေလေးတစ်ခွက် ခပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မနည်းဘူးဗျို့။

လူခြောက်က ဆိုးတော့မဆိုးဘူး။ လူ့လောကရောက်တာနဲ့ အဖေ အမေကို အကျိုးပြုသွားဗျ။ သူ့ကိုမြင်တဲ့သူတိုင်းကလည်း ဂရုနာသက်ကြသားဗျ။ တဖြည်းဖြည်း လူတွေများများလာပြီး ကိုဖိုးထွေးတို့ဝိုင်းထဲမှာ ထန်းကျောဖျာတွေခင်းလို့၊ ရေနွေးအိုးနဲ့ လက်ဖက်သုတ်နဲ့ တကယ်ကိုပဲ၊ လူခြောက်ကလေးက ပွဲခံနေတော့တာဗျို့။ လူကြီးတွေကလည်း သူတို့ကြုံဖူး၊ ကြားဖူးတဲ့ လူခြောက်ဇာတ်လမ်းတွေကို စီကာပတ်ကုန်း ပြောကြလို့ဗျ။ မိန်းမတွေကလည်း အုံပြီးတော့ကို နားထောင်နေကြတာဗျို့။

ကိုဖိုးထွေးကလည်း သူတို့ကို ပေးသွားကြတဲ့ ငွေတွေထဲကနေ လက်ဖက်၊ ဂျင်းသုတ်တွေ ဝယ်လို့ ရေနွေးအိုးကျိုတဲ့ကောင်က ကျိုပေးပြီး အကျွေးနဲ့အမွေးနဲ့ အလှူအိမ်လေးလို ဖြစ်လို့ဗျာ။ တကယ်ကို လူခြောက်မွေးပွဲ ဖြစ်သွားတော့တာဗျို့။

အဲဒီနေ့က ကိုဖိုးထွေးတို့ မရင်တို့မှာ ထမင်းတောင်ချက်မစားရပါဘူးဗျာ။ ဟိုအိမ်က ဟင်းလာပို့၊ ဒီအိမ်က ထမင်းလာပို့နဲ့ ဖိုးစတို့ ဖိုးပတို့ ညီအစ်ကိုဆိုတာ စားလိုက်ကြတာမှ ဗိုက်ခွေးနမ်းသွားတော့တာပေါ့ဗျာ။

အဲဒီနေ့ လူစုံတုန်းမှာပဲ ကိုဖိုးထွေးနဲ့ မရင်က သူ့ငို့သား အငယ် လူခြောက်ကလေးအတွက် လူကြီးတွေဆီမှာ နာမည်



www.burmeseclassic.com

www.burmeseclassic.com



ချပေးထားရတယ်ဗျ။ မရှင်မှာ နို့သက်တော့မယ် ဖြစ်လာရင် ခွက်ကလေးထဲကိုညှစ်ပြီး ဖာတောင်းနား သွားချထားလိုက်ရတယ် ဆိုပဲ။ ဒါဆိုရင် လူခြောက်ဖိုးလှက နို့စို့သလို မိုက်ဝတယ်တဲ့ဗျ။ ကျုပ်ကလည်း စပ်စုတဲ့ကောင်ဆိုတော့ မြောက်ပိုင်းရောက်တိုင်း ကိုဖိုးထွေးတို့ လင်မယားနဲ့ စကားဝင်ပြောရင်း စပ်စုကြည့်တာဗျ။

"ညဘက်များ ဖိုးလှ နို့တွေဘာတွေ ဆာနေရင် ဘယ်လို လုပ်မတုံး မမရှင်ရဲ့"

"ဟဲ့ တာတေရဲ့၊ ညဆိုရင် မပူရဘူးဟဲ့၊ ဖိုးလှက သူ့ဟာသူ နို့စို့တာ၊ ပြီးတော့ တခြားကလေးတွေလိုပဲဟဲ့ ငါ့ရင်ခွင်ထဲ ဝင်ပြီး အိပ်တော့တာဟဲ့"

"ဟင်…ဟုတ်လား၊ ဒါဆို မမရှင် ဖိုးလှလေးကို မြင်ရ တာပေါ့ ဟုတ်လား"

"မြင်ရတာပေါ့ တာတေရဲ့၊ ဒါပေမဲ့ အိမ်မက်လိုလို ဘာလိုလိုပါဟယ်၊ ငါ နိုးသွားလို့ ကြည့်တော့လည်း ငါ့ဘေးမှာ ဘာမှရှိတာ မဟုတ်ဘူးဟဲ့"

"ဪ…ဒါဆိုရင် အိပ်မက်ပေါ့ မမရှင်ရဲ့"

"ဒါပေမဲ့ တာတေရဲ့၊ အိပ်မက်လို့ ပြောရမှာလည်း ခက်သားလားဟဲ့၊ ငါ့လက်နဲ့ တကယ်ထိတွေ့နေရသလို ခံစားရ တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဟုတ်လား"

နောက်တော့ ကျုပ်ကို မမရင်က ပြောတယ်ဗျ။

"တာတေရေ…ငါ့သားကို ဘိုးညီပုက ဖိုးလှလို့ နာမည်မှည့်ပေးတာ အံကိုက်ပဲဟေ့"

"ဘာဖြစ်လို့တုံးဗျ"

"ဟဲ့…ငါ့သား အခု လေးနှစ်ရှိပြီ၊ တော်တော်ချောတာဟဲ့"

"မမရင် မြင်ရလို့လားဗျ"

"ဟဲ့ ငါ့သားက ညဆိုရင် သူ့အဖေ ကိုဖိုးထွေးကို တစ်လှည့်၊ ငါ့ကို တစ်လှည့် အိပ်မက်ပေးတာ၊ ဟိုတလောက သူ့အဖေကိုရော ငါ့ကိုရော ပြောတယ်။ သူ့ကို ဘောင်းဘီအတို အနီရောင်နဲ့ အင်္ကျီအဝါရောင် ဝယ်ပေးပါတဲ့ဟေ့"

"ဩော်…ဟုတ်လား၊ မမရင်တို့ ဝယ်မပေးဘူးလား"

"ဟယ် တာတေရယ်၊ ဝယ်မပေးဘဲနေမလား၊ နင့်အစ်ကို ဖိုးထွေးက လက်ထဲရှိတဲ့ ပိုက်ဆံလေးယူပြီး မြို့ကို ချက်ချင်းသွားဝယ်တာဟဲ့"

"နေပါဦးဗျ၊ ဖိုးလှနဲ့ရော တော်ရဲ့လား"

"တော်တာပေါ့ဟဲ့၊ ငါတို့က သူ့ကို ညတိုင်း အိပ်မက်ထဲမှာ မြင်နေရတာဆိုတော့ သူနဲ့တော်တဲ့အရွယ်ကို ဝယ်တတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါကျတော့ သူ့အစ်ကို ဖိုးစတို့ ဖိုးပတို့လိုပဲ လုံကွင်းကလေး စီးချင်လို့ဆိုပဲဟဲ့၊ အဲဒါ နှင့်အစ်ကိုက သားရေ ခဏတော့နေဦးကွာ၊ အဖေ့မှာ ပိုက်ဆံမရှိသေးဘူးလို့ ပြောလိုက် တော့ နှင့်ညီဖိုးလှက ဘာလုပ်တယ်ထင်တုံး"

"ဟင်…ဖိုးလှ ဘာလုပ်တုံးဗျ"

"ငါ့ခေါင်းအုံးဘေးမှာ ငွေဒင်္ဂါးနှစ်ပြား လာချထားတယ် ဟဲ့၊ အိပ်မက်ထဲမှာ ငါ့ကို ပြလည်းပြတယ်၊ ဒါဆိုရင် လုံကွင်း တော့ ဝယ်လို့ရမှာပါ အမေရာတဲ့"

"အိပ်ရာကနိုးတော့ရော ငွေဒင်္ဂါးနှစ်ပြားဆိုတာ တကယ် ရှိလို့လားဗျ"

"ဟာ ရှိတာပေါ့ တာတေရ၊ ငွေတွေမှ ဖွေးနေတာဟဲ့"

"နို့…ဒင်္ဂါးက ဘာတံဆိပ်တုံးဗျ"

"ဘာတံဆိပ်ဆိုတာတော့ မသိဘူးဟဲ့၊ အင်္ဂလိပ်ဘုရင်ပုံပဲ"

"ဩော်…ကျော့တို့ ဝေလတို့ ရှိမှာပေါ့ဗျာ"

"အဲဒါ နှင့်အစ်ကို မြို့တက်ရောင်းလိုက်တာ တစ်ပြားကို ငါးဆယ်ရတယ်ဟဲ့၊ နှစ်ပြားကို တစ်ရာ ရတယ်။ ဒါနဲ့ သူ့သား သုံးယောက်ဖို့ရော သူ့ဖို့ရော လုံကွင်းတွေဝယ်ပြီး တစ်ခါတည်း ချုပ်လာတယ်။ ငါ့ဖို့လည်း ထဘီနှစ်ထည်နဲ့ အင်္ကျီပိတ်စ ပါသေး သေးတယ်။ သူ့သားသုံးယောက်ဖို့ မြို့က မုန့်တွေဝယ်လာလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလည်း မနည်းပါဘူးဟာ"

"ဒါနဲ့ ဖိုးလှက ဝတ်ရှောလားဗျ"

"ဘာပြောကောင်းမလဲဟာယ်၊ အိပ်မက်ထဲမှာ သူ့လုံကွင်းလေးဝတ်ပြီး လာလာပြတာဟ့်၊ အောင်မယ်၊ လက်ကလေးနောက်ပစ်ပြီး လမ်းလျှောက်နေတာဟေ့၊ လူလေးကလည်း ချောလိုက်တာဟာယ်"

ကျုပ်ဆိုတဲ့ကောင်ကလည်း ခက်သားဗျ။ သူ့အမေက ဖိုးလှလေးက ရုပ်ချောလေးလို့ ပြောလေ ကျုပ်က ကြည့်ချင်လေ ဖြစ်လာရောဗျို့။ နောက်ဆုံးတော့ ကျုပ် မနေနိုင်ဘူးဗျို့။ မျက်ကွင်းဆေးကွင်းပြီး ကိုဖိုးတွေးတို့အိမ်ကို ညဘက် သွားလည်ကြည့်တယ်။

ဟာ…စွမ်းလိုက်တဲ့ မျက်ကွင်းဆေးဗျာ။ လူခြောက်ဖိုးလှကို ကျုပ် မြင်ရတယ်ဗျ။ ဟုတ်ပ့ါဗျာ၊ သူ့အဖေ ဝယ်ပေးတဲ့ လုံကွင်းလေးကို ကျကျနနဝတ်ပြီး အိမ်အလယ်တိုင်နားမှာ ထိုင်ကစားနေတာဗျ။ သူ့ကို သူ့အဖေ လုပ်ပေးထားတဲ့ နွားလှည်းလေးကို ဟိုတွန်း ဒီတွန်းလုပ်ပြီး ဆော့နေတာဗျို့။ မရင်ပြောတာ မှုတ်သားဗျ။ သူ့သား လူခြောက်ကလေးက လူချောလေးပဲ။ အသားဖြူဖြူလေးဗျာ။ မျက်လုံးလေးတွေများ နက်နေတာဗျ။ ကျုပ်ကို တစ်ချက် တစ်ချက် လှည့်ကြည့်တယ်။ ကျုပ်က သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ပေမယ့် မမြင်သလိုနေရတာပေါ့ဗျာ။ အဲဒီညက ကျုပ်ပြန်လာတော့ ဒီအကြောင်းကို ဘယ်သူ့မှ မပြောဘူးလို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမဲ့ နောက်တစ်ရက် နှစ်ရက်ကြာတော့ မရင်နဲ့ ကျုပ်နဲ့ ရွာလယ်လမ်းမှာဆုံတော့…

"ဟဲ့…တာတေ၊ ငါ့သားဖိုးလှက ပြောပါရောလားဟဲ့"

"ဟင်…ဘာပြောလို့တုံးဗျ"

"ကိုကြီးတာတေက ကျုပ်ကို မြင်ရတယ်ဗျ၊ ဒါပေမဲ့ ကိုကြီးတာတေက ကျုပ်ကို မမြင်ချင်ယောင်ဆောင်နေတာ အမေရဲ့တဲ့၊ ငါ့သားပြောတာ ဟုတ်လား တာတေ၊ နင် ငါ့သားကို မြင်ရတယ်ဆို"

"ဟာ၊ မဟုတ်ပါဘူး မမရင်ရာ၊ ဖိုးလှက ထင်တာဖြစ်မှာပါ၊ ဘယ်လိုလုပ် မြင်ရမှာတုံးဗျာ"

အဲဒီနောက်တော့ ကျုပ်လည်း ကိုဖိုးထွေးတို့အိမ်ကို သိပ်မရောက်ဖြစ်တော့ဘူးဗျ။ ငယ်ငယ်ကလေးတည်းက မအေကို ငွေဒင်္ဂါးနှစ်ပြားပေးတဲ့ လူခြောက်ကလေးက ကြီးလာတော့ ဘာတွေထပ်ပေးတယ်တော့ မသိဘူးဗျ။ ကိုဖိုးထွေးတို့ မရင်တို့မှာ ယာတွေပိုင်၊ နွားတွေပိုင် ဖြစ်လာပြီးတော့ သူတို့အိမ်ကလေးနေရာမှာ ခေါင်နှစ်လုံးနဲ့ ကျွန်းအိမ်ကြီးတောင် ဆောက်ထိုက်ပြီဗျ။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာတော့ ဖိုးထွေးတို့ မယ်ရင်တို့တော့ သူ့သားလူခြောက် စောင့်ရှောက်လို့ ချမ်းသာလာရောလို့ ပြောကြ၊ ဆိုကြတာပေါ့ဗျာ။

ဒါပေမဲ့ ဘယ်ပုံဘယ်နည်း စောင့်ရှောက်မှန်းတော့ ဘယ်သူမှ မသိကြဘူးဗျ။ ကိုဖိုးထွေးတို့လည်း ချမ်းသာလာတာတော့ အမှန်ပဲဗျ။

တစ်ခါတလေ ကျုပ်က အကြောင်းရှိလို့ မျက်ကွင်းဆေးကွင်းပြီး ရွာထဲသွားတဲ့လာတဲ့အခါ ဖိုးလုလေး ရိပ်ကနဲ ဖြတ်ပြေးသွားတာကို တွေ့ရတယ်ဗျ။ ဒါပေမဲ့ ဒီအကြောင်းကို ကျုပ်က ဘယ်သူ့ကိုမှ မပြောပါဘူးဗျာ။

ကြာတော့လည်း လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ်ပဲဗျာ။ ဒီလူခြောက်ကလေးကို သိပ်တောင်သတိမရကြတော့ပါဘူး။ ကျုပ်လည်း ဆရာကြီးတွေနဲ့ ဟိုလိုက်သွား ဒီလိုက်သွားနဲ့ ဖိုးလုကိုတောင် သိပ်သတိမရတော့ဘူးပေါ့ဗျာ။

ကျုပ်ဆရာ စိုင်းနွံဖ ကျုပ်ကို လာခေါ်တာ တပို့တွဲလဗျ။ ကျုပ်တို့ရွာမှာတောင် ထမနဲပွဲတွေ စနေကြပြီ။ ဆရာတော့်ကျောင်းမှာ ဆရာစိုင်းနွံဖ ရောက်နေပြီဆိုလို့ ကျုပ် ခပ်သုတ်သုတ် လိုက်ခဲ့တာဗျ။

"ဆရာ နေကောင်းလား"

ကျုပ်က ရောက်မဆိုက် ဆရာစိုင်းနွံဖကို နှုတ်ဆက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆရာစိုင်းနွံဖက တည်ငြိမ်နေတဲ့ မျက်နှာ၊ အရောင်တောက်နေတဲ့ မျက်လုံးတွေနဲ့ ကျုပ်ကို ပြုံးပြီးနှုတ်ဆက်တယ်ဗျ။

"အေး…ကောင်းပါတယ်၊ မောင်တာတေရဲ့၊ မောင်တာတေရဲ့မိဘနှစ်ပါးရော ကျန်းမာရဲ့လားကွဲ့"

"ဟုတ်ကဲ့ ဆရာ၊ ကျန်းမာကြပါတယ်"

"ကဲ…ဆရာတပည့်တွေ ပြန်ဆုံကြပြန်ပြီပေါ့ကွယ်"

ဆရာတော်ကလည်း ပြုံးပြုံး ပြုံးပြုံးနဲ့ မိန့်တယ်ဗျ။

"မောင်တာတေရေ…ကိစ္စတော့ ပေါ်လာပြန်ပြီကွယ်၊ ထွက်ရပ်ကြွသွားတဲ့ ကျုပ်ဆရာ ပထမံဆရာပွားကြီးကိုယ်တိုင်ညွှန်ကြားတာကွဲ့"

*(ပထမံဆရာပွားဆိုတာ ဘိုးလူပေရဲ့ မွေးစားဖခင်လေဗျာ။ ဒီအကြောင်းကို* ***'ကဝေသွေး'*** *ဝတ္ထုမှာ ကျုပ်ရေးခဲ့ပြီးပါပြီ)*

"ဟုတ်ကဲ့ ဆရာ၊ ဘာကိစ္စများ ပေါ်လာလို့တုံးဗျ"

"လူခြောက်တစ်ယောက် လူတွေကို ဒုက္ခပေးနေလို့ကွဲ့"

"ဗျာ…လူခြောက်၊ ဟုတ်လား ဆရာ"

"အေး…ဟုတ်တယ် မောင်တာတေ၊ ဒီလူခြောက်က ရိုးရိုးလူခြောက် မဟုတ်ဘူးကွဲ့၊ အင်မတန်အစွမ်းထက်တဲ့ ကဝေတစ်ယောက် သေပြီးဖြစ်သွားတဲ့ လူခြောက် မောင်တာတေရဲ့။ ပြောရရင်တော့ ဒီကဝေက အတော်လေးအစွမ်းထက်တာကွဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သူ သေကာနီးအချိန်မှာ သူ့ရဲ့ဝိညာဉ်ကို ငရဲမရောက်အောင် အစွမ်းထက်တဲ့ ကဝေမန္တန်တွေရွတ်ပြီး မိန်းမတစ်ယောက်ရဲ့ ဗိုက်ထဲကို ရအောင်ဝင်တာလေကွယ်၊ သူ့မန္တန်က စွမ်းတော့ မိန်းမတစ်ယောက် ရဲ့ဗိုက်ထဲကိုတော့ ရောက်သွားတယ်၊ ဒါပေမဲ့ သူ ကျူးလွန်ခဲ့တဲ့ အကုသိုလ်တွေကြောင့် ဒီကဝေဟာ လူတစ်ယောက်အနေနဲ့ ပြန်ပြီး မွေးဖွားခဲ့ပေမယ့် လူခြောက်အနေနဲ့ပဲ မွေးခဲ့တာကွဲ့"

"လူခြောက်က လူတွေကို ဘယ်လိုများ ဒုက္ခပေးနိုင်မှာတုံး ဆရာရဲ့"

"သာမန်လူခြောက်တစ်ယောက်ကတော့ လူတွေကို ဒုက္ခမပေးနိုင်ပေမယ့် ကဝေသားခြောက်ကတော့ လူတွေကို ကောင်းကောင်းဒုက္ခပေးနိုင်တယ်ကွ"

"ဘယ်လိုများ ဒုက္ခပေးတာတုံး ဆရာ"

"လူတွေကို ရောဂါဖြစ်အောင် လုပ်တယ်၊ ဘယ်ဆရာနဲ့မှ ကုလို့မရအောင် လုပ်ထားတယ်၊ လူနာရှင်က ဆရာလည်း စုံပြီ၊ ရောဂါလည်း မပျောက်ဘူး ဖြစ်နေတယ်ဆိုတော့ တိတ်ဆိတ်နေတဲ့အချိန်မှာ သူက ဝတ်ဖြူစင်ကြယ်ဝတ်ပုံစံနဲ့ လူနာရှင်ကို အိပ်မက်ပေးတယ်။ ဘယ်မှာနေတဲ့ ဘာနေ့သား၊ နာမည်က ဘယ်သူ၊ အဲဒီဆရာကိုပင့်ပြီး ကုပေတော့ လုံးဝပျောက်သွားလိမ့်မယ်ဆိုပြီး အိပ်မက်ပေးတယ် မောင်တာတေရဲ့၊ ဒီမှာတင် လူနာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်က စုံစမ်းပြီး အဲဒီဆရာကို ရအောင်ပင့်ပြီး ကုရတာပေါ့ကွာ၊ အဲဒီဆရာလည်း ကုပေးရော ချက်ချင်းကို ပျောက်ရောပေါ့"

"ဟင် ဒီဆရာက ဘယ်သူမို့တုံး"

"ဘယ်သူရှိဦးမှာတုံး မောင်တာတေရာ၊ သူ့အဖေပေါ့ကွ၊ သူ့အဖေနာမည်က ကိုဘိုးအုံတဲ့၊ ဘာဆရာမှ မဟုတ်ဘူး၊ ကဝေသားခြောက်က သူ့အဖေကို အိပ်မက်ပေးပြီး အံတင်းဆရာလုပ်ခိုင်းတာ၊ တိုတိုပြောရရင်တော့ ကဝေသားခြောက်ရဲ့အဖေ ကိုဘိုးအုံက အစုဆိုရင် ဆရာအုံဆိုပြီး နာမည်အတော်ကြီးနေပြီကွဲ့၊ သူ့ဗွေးအိမ်တွေမှာချည်း ဆေးကုရတာဆိုတော့ ရလိုက်တဲ့ ပိုက်ဆံကလည်း သောက်သောက်လဲပေါ့ကွယ်၊ ခုတော့ သားခြောက်ရဲ့အဖေ ကိုဘိုးအုံကိုယ်တိုင် ဒီဘဝကို နှစ်ခြိုက်သွားပြီပေါ့ မောင်တာတေရယ်"

"တော်တော်ဆိုးတဲ့ လူတွေပါလား ဆရာ"

"ဆိုးပါပြီလားကွယ်၊ တစ်ခါတလေများ ကဝေသားခြောက်က လူကို ရူးအောင်လုပ်ထားပြီး သူ့အဖေကို ကုခိုင်းတာကွဲ့၊ ဘယ်ဆရာမှ မနိုင်တဲ့ ရောဂါမျိုးကို ကိုဘိုးအုံက လက်နဲ့သပ်ရုံနဲ့ ပျောက်သွားတာကွဲ့၊ ဒီတော့လည်း ဆရာအုံဆိုပြီး ကျော်ကြားတော့တာပေါ့ကွယ်"

"ဒါဆိုရင် ဆရာ ဘာလုပ်ဖို့ စိတ်ကူးထားတုံး ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အထက်ဆရာကြီးရဲ့ အမိန့်အရ ဒီကဝေကို မိအောင် ဖမ်းပြီး ရှင်းပစ်ရမှာပဲ မောင်တာတေ၊ ခက်နေတာက ဒီကဝေက လူမဟုတ်တဲ့အခါကျတော့ လူလူချင်း တိုက်ခိုက်တာလို မလွယ်ဘူးကွဲ့၊ ကိုယ်က သူ့ကိုမြင်ရတာ မဟုတ်ဘူး၊ သူကသာ ကိုယ့်ကို မြင်ရမှာလေ၊ ပြီးတော့ ဒီသားခြောက် ကဝေက ကျုပ်လုပ်သမျှကို ငြိမ်ပြီးခံမှာမှ မဟုတ်တာ၊ သူ့ပညာကို အကုန်သုံးပြီး ကျုပ်ကို တိုက်မှာကွဲ့၊ ဒီတော့ မောင်တာတေ ပါလာရင်တော့ သူ့ကို မြင်ရနိုင်တယ်လေ၊ ကျုပ်က သူ့ကို မမြင်ရပေမဲ့ မောင်တာတေ ပြောတာကို နားထောင်ပြီး သူ့ကို ကျုပ် တိုက်ရတော့မှာပေါ့လေ"

"ဩော် ဒီလိုလား၊ ကျုပ်ဘက်ကတော့ အဆင်သင့်ပါပဲ ဆရာ"

"သာဓုကွယ်၊ သာဓု၊ ဒါဆိုရင် မောင်တာတေ မိဘများ ကို ခွင့်ပန်ပြီး လိုက်ခဲ့ပေါ့ကွယ်"

ထုံးစံအတိုင်းပေါ့ဗျာ။ ကျုပ်က အဘနဲ့ အမေကို ခွင့်ပန် ပြီး လိုက်ခဲ့တာပေါ့ဗျာ။ ဆရာနဲ့ဖ ဘယ်ကိုသွားမှန်း ကျုပ် သိဘူးဗျ။ မေးလည်း မမေးဘူး၊ ဒီအတိုင်းကို လိုက်လာခဲ့တာ။

"မောင်တာတေ၊ ကျုပ်ကို ဘယ်သွားမှာတုံးလို့ မမေး ဘူးလားကွဲ့"

"မေးစရာမလိုပါဘူး ဆရာ၊ ဆရာတို့လို လူမျိုးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သာ လိုက်ရရင် ဘယ်ကိုပဲ လိုက်ရ လိုက်ရ ကျုပ်က လိုက်မှာပါ ဆရာ”

ကျုပ်စကားကို ကြားတော့ ဆရာနံ့ဖက ပြုံးနေတယ်ဗျ။ ပြီးတော့ သဘောကျပြီး ခေါင်းညိတ်နေတယ်။

“ကျုပ်တို့ ရန်ကုန်ကို သွားရမှာကွဲ့၊ သားခြောက်ကဝေ သောင်းကျန်းနေတာ ရန်ကုန်မှာ”

ကျုပ်တို့ ရန်ကုန်ရောက်တော့ ဗဟန်းဘက်က ဘုန်းကြီး ကျောင်းတစ်ကျောင်းမှာ တည်းကြတယ်။ ရွှေတိဂုံစေတီတော်ကြီး ရဲ့ အရှေ့ဘက်မှာဗျ။ ညဆိုရင် ရွှေတိဂုံစေတီတော်ကြီးကို မီးရောင်စုံ တွေနဲ့ရစ်ပြီး ပူဇော်ထားတာဗျ။

ရန်ကုန်ရောက်ရောက်ချင်းပဲ ဆရာနံ့ဖက ဆရာအုံဆိုတဲ့ လူအကြောင်းကို စုံစမ်းတယ်။

ကျုပ်တို့တည်းတဲ့ ဘုန်းကြီးကျောင်းကလည်း ဘောစကံ ကျယ်သားဗျ။ ဆရာတော်ဆီကို တစ်နေ့ တစ်နေ့ လာကြတဲ့ ဒကာ၊ ဒကာမကတင် နည်းတာမဟုတ်ဘူးဗျို့။

ဆရာနံ့ဖကလည်း ကျောင်းကိုလာတဲ့လူ တော်တော်များ များကို မေးတော့တာဗျ။

“ဒီမှာဗျ၊ မိတ်ဆွေကြီးရဲ့၊ မိတ်ဆွေကြီးတို့ ရန်ကုန်မှာ ဆရာအုံဆိုတဲ့ ပယောဂကုဆရာတစ်ယောက် ရှိတယ်ဆိုလို့ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေကြီးတို့များ သိသလားလို့ပါ''

''ဟာ…သိပါပြီလားဗျာ၊ ရန်ကုန်မှာ ဆရာအုံကို မသိတဲ့သူ ရှိမယ်မထင်ပါဘူးလေ''

''ဩော်…ဆရာအုံဆိုတာ တော်တော်ကို ကျော်ကြားတဲ့ဆရာကြီးပေပဲ''

ဆရာနှံ့ဖက ခေါင်းလေးတညိတ်ညိတ်လုပ်ပြီး ပြောတာပျို။

''ကျော်ကြားပါပြီလားဗျာ၊ နို့ နေပါဦးဗျ၊ မိတ်ဆွေကဆရာအုံကို စုံစမ်းပုံထောက်တော့ မိတ်ဆွေကြီးရဲ့ မိသားစုထဲမှာစိတ္တဇရောဂါသည်များ ရှိနေလို့လား''

''စိတ္တဇရောဂါတော့ မဟုတ်ပါဘူးဗျာ၊ တခြားရောဂါပါ၊ ဆရာအုံက အရှူးပဲ ကုလို့လားဗျ''

''ဟာ…ဒီလိုတော့ မဟုတ်ပါဘူး၊ တခြားရောဂါလည်းကုပါတယ်၊ ဒါပေမဲ့ အရှူးကုတော့ လွှတ်တော်တာဗျာ၊ အရှူးကဘယ်လောက်ပဲ ကြမ်းနေပစေ၊ ဟော့…အခုငြိမ်စမ်းဆိုရင် ငြိမ်သွားရောဗျို့။ အခုချက်ချင်း ဘုရားကို ဦးတိုက်ဆိုရင် တိုက်ရတာဗျ။ ဟောဒီရေစင် အခုသောက်ဆိုရင် သောက်ကြတာဗျို့''

''အို…ဆရာအုံက စွမ်းလှချည်လားဗျာ၊ ကျုပ်တို့ ကြားဖူးထားတာထက်ကို အပုံကြီး စွမ်းတာပါလား''



www.burmeseclassic.com

www.burmeseclassic.com



ဆရာနန့်ဖန့် စကားပြောတဲ့ ဘိုးတော်က အသက်ငါးဆယ် ကျော်လောက် ရှိမယ်ဗျ။ ခေါင်းမှာ သျှောင်ပွကြီးထုံးလို့ဗျ။ ပုဝါ ကလည်း ပန်းရောင်လေး ပေါင်းထားတယ်။ နှုတ်ခမ်းမွေးလေးစစ နဲ့ မျက်လုံးက ပြူးပြူးဗျ။ နာမည်က ဦးတင်တဲ့။ အလုပ်ကတော့ ဆန်တို့ ပဲတို့ ပွဲစားလုပ်တယ်ဆိုပဲ။ ပွဲစားကြီး ဦးတင်ကတော့ ဆရာအုံကို လွတ်ချီးမွမ်းနေတော့တာဗျို့။

"ပြောရဦးမယ်ဗျို့၊ ဆရာအုံ နာမည်ရစက ကုရတဲ့ အရူးတွေဆိုရင် ဆရာ လေးငါးယောက် လွတ်ပြီးမှ ရောက်လာ ကြတာဗျ။ ဘယ်သူမှ မနိုင်တဲ့ ကြေးရတတ်သားသမီး အရူးတွေ ဗျ။ ဆရာအုံကုမှ ပျောက်ကြတာချည်းပဲဗျို့။ သူဌေးသားသမီးတွေ ကို ကုပေးရတာဆိုတော့လည်း ပညာပူဇော်ခကလည်း နင့်နေ အောင် ကန်တော့ကြတာဗျ။ ခုတော့ ဆရာအုံက တိုက်နဲ့ကားနဲ့ ဖြစ်နေပြီဗျို့"

"နေပါဦး ပွဲစားကြီးရဲ့၊ ဆရာအုံက ဘယ်မှာနေတာတုံး ဗျ"

"ဘောက်ထော်မှာဗျ၊ ခြံကြီးဝင်းကြီးနဲ့ပါဗျာ"

"သြော် လောကမှာလည်း ရူးတဲ့လူတွေ တော်တော်များ သားကလား"

ဆရာနန့်ဖက ပွဲစားကြီး ဦးတင်ကို မသိမသာ အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



ဦး ပြောတာဗျ။ ပွဲစားကြီးကလည်း သူ့ခေါင်းက သျှောင်ပွကြီးကို လှုပ်ကနဲဖြစ်သွားအောင် ခေါင်းညိတ်ပြီးမှ ပြောတယ်ဗျ။

"ဟုတ်ပါ့ဗျာ၊ ကျုပ်စိတ်ထင်တော့ သူဌေးသားသမီးတွေ နေတာများတော့ သူဌေးသမီးကို လိုချင်လို့ ဆေးခတ်ဝါးခတ် လုပ်ကြ၊ သူဌေးသားကို လိုချင်လို့ ဆေးခတ်ဝါးခတ် လုပ်ကြ တယ် ထင်တာပဲဗျာ"

"ပွဲစားကြီး ပြောတာက လူပြုစားတဲ့သဘောပေါ့"

"ဟုတ်တယ်ဗျ၊ မိတ်ဆွေကြီးရဲ့၊ ခုနေခါမယ် ဆေးတွေ ဝါးတွေနဲ့ စုန်းတို့၊ ကဝေတို့၊ အောက်လမ်းတို့ကလည်း ပေါပါ့ဗျာ"

"ဟင်…ဟုတ်လားဗျ"

"ဟုတ်ပါ့၊ ဟုတ်ပါ့၊ ဒါပေမဲ့ မိတ်ဆွေကြီးရေ၊ ဆရာအုံ ဆိုတဲ့ ပုဂ္ဂိုလ်ကလည်း ရှားချင်သလောက်သာ ရှားစမ်း၊ ဆရာအုံ ရှိတယ်ဆိုတာလိုမျိုးပဲဗျ၊ သူကုရင် မပျောက်တဲ့ အရှုးဆိုတာ ကို မရှိတာပါဗျာ"

"နို့ နေပါဦး ပွဲစားကြီးရဲ့၊ ဆရာအုံဆိုတာက ဘယ် အရွယ်လောက်များ ရှိပြီတုံးဗျ"

"အသက်က ငါးဆယ်လောက်ပဲ ရှိသေးတာဗျ၊ လူပုံက သားညိုညို၊ အရပ်ရှည်ရှည်ဗျ၊ သျှောင်တစောင်းလေးနဲ့"

"ဆရာအုံက ငယ်ငယ်ကတည်းက ဆေးကုတဲ့လူလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားကြီးရဲ့"

"ဟာ ဘယ်ဟုတ်မှာတုံး မိတ်ဆွေကြီးရာ၊ သိတဲ့လူတွေ ပြောတာကတော့ အစက ဆရာအုံက တော်တော်ဆင်းရဲတာဆိုပဲ၊ မြေအိုးလေးနှစ်လုံးကို ထမ်းပိုးနဲ့ထမ်းပြီး မန်းကျည်းဖျော်ရည် ရောင်းရတာတဲ့ဗျ။ တစ်ခါတလေ ကလေးတွေ ကျောင်းဆင်းချိန် မှာ မုန့်ပဲသရေစာ ရောင်းရတာတဲ့။ နောက်တော့ ဆရာအုံက ဘယ်လိုပုဂ္ဂိုလ်နဲ့ တွေ့တယ်မသိပါဘူးဗျာ၊ ပုတီးတွေစိပ်၊ အစိမ်းဒွန် တွေဝင်နဲ့ တဖြည်းဖြည်း ဆရာဖြစ်လာတာပဲဗျ။ တချို့ကပြော တော့လည်း ဘောက်ထော်က ဆရာအုံရဲ့ခြံထဲမှာ ဝတ်ဖြူစင်ကြယ် ဝတ်ထားတဲ့ ဝိဇ္ဇာမိုဂ်ရိုလိုလို ဘာလိုလို ပုဂ္ဂိုလ်တစ်ယောက်ကို ရိုးတိုးရိပ်တိတ် တွေ့ရတယ်ဆိုပဲဗျ။ ဘာပဲပြောပြော ဆရာအုံဟာ တစ်နေ့မှာ ထွက်ရပ်ပေါက်မယ့်လူဆိုတာတော့ သေချာတယ်ဗျ"

"ဩော် ဟုတ်လားဗျ ပွဲစားကြီးရဲ့၊ ဆရာအုံဆိုတာ ဒီလောက်တောင်ပဲကိုး"

"ဟုတ်တယ် မိတ်ဆွေကြီးရေ၊ ဒါထက် နေပါဦး မိတ်ဆွေကြီးက ဆရာအုံကို နယ်တွေဘာတွေအထိ ပင့်သွားချင် လို့လားဗျ၊ ဆရာအုံကတော့ နယ်တွေဘာတွေအထိတော့ ကြွခဲ တယ်နော်၊ ဒါပေမဲ့ မိတ်ဆွေကြီး ပင့်ချင်ရင် ကျုပ်လိုက်ပြီး ရအောင်ပြောပြီး ပင့်ပေးပါ့မယ်။ ကျုပ်ကိုတော့ လမ်းစရိတ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဘာလေး ပေးပေါ့ဗျာ"

ဆရာနံ့ဖက ခေါင်းလေးညိတ်ပြီး နားထောင်နေတယ်ဗျ။ ကျုပ်စိတ်ထဲကတော့ တွေးပြီးပြုံးလိုက်မိတယ်။ ပွဲစားကြီး ဦးတင်ကတော့ တကယ်ကို ပွဲစားပီသတဲ့ လူပါပေပဲဗျာ။ ဆရာနံ့ဖကို တောင် ဆရာပွဲစားလုပ်ဖို့ ကမ်းလှမ်းနေသေးတာဗျို့။

"ပွဲစားကြီးရယ်၊ ကျုပ်က ဆရာလာပြီး စုံစမ်းရုံပဲ ရှိသေးတာဗျ၊ နယ်ကို ပြန်ပြီး အကျိုးအကြောင်း ပြောရဦးမှာ၊ ဒီတော့မှ ဆရာပင့်မယ့်လူတွေ လာကြမှာ။ အဲဒီလူတွေ လာရင်သာ ပွဲစားကြီးက သူတို့ကို ဆရာအုံ့ဆီ ပို့ပေးလိုက်ပါဗျာ၊ ပွဲစားကြီးကိုလည်း သူတို့ လမ်းစရိတ်ပေးကြမှာပါ"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

ပွဲစားကြီး ပြန်သွားတော့မှ ဆရာနံ့ဖက ပြုံးပြီးပြောတယ်ဗျ။

"မောင်တာတေရေ၊ ကဝေသားခြောက်ရဲ့အဖေ ဆရာအုံ့ရဲ့ သတင်းတော့ အစရပြီပေါ့ကွယ်"

နောက်တစ်နေ့ ဆရာနံ့ဖနဲ့ ကျုပ်နဲ့ ဘောက်ထော်ဘက်ကို သုံးဘီးကားတစ်စီးငှားပြီး ထွက်ခဲ့ကြတယ်။

ဆရာအုံ့လို အရှူးကု အင်မတန်တော်တဲ့ ပယောဂဆရာတစ်ယောက်ကို သိပ်စုံစမ်းစရာ မလိုပါဘူးဗျာ။ ဆိုက်ကားဆရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို စုံစမ်းလိုက်တာနဲ့တင် ဆရာအုံတို့လမ်းကိုသိပြီး ဆရာအုံနေတဲ့ ခြံနဲ့တိုက်ကို တွေ့တော့တာပဲဗျ။

ဆရာနွံဖက မသိမသာ ခြံထဲက နှစ်ထပ်တိုက်ကို အကဲခတ်တယ်။

"မောင်တာတေရေ၊ ဒီအတိုင်းကြည့်လို့တော့ ဘာမှထူးမှာ မဟုတ်ဘူးကွဲ့"

"ဟုတ်ကဲ့ ဆရာ၊ ဒါဆိုရင် ကျုပ်တို့ ဘယ်လိုလုပ်ကြမှာတုံး"

"ညကျမှပဲ တစ်ခါလာကြည့်ကြတာပေါ့ကွယ်၊ ခုတော့ ဇဟာန်းကကျောင်းကိုပဲ ပြန်ကြတာပေါ့ကွာ၊ ကျုပ်လည်း လမ်းသေသေချာချာ မှတ်မယ်၊ မင်းလည်း သေသေချာချာ မှတ်ကွယ်"

ကျုပ်နဲ့ ဆရာနွံဖ ဇဟာန်းကို သုံးဘီးကားလေးငှားပြီး ပြန်ခဲ့ကြတယ်။

ကျုပ်တို့တည်းတဲ့ ဇဟာန်းက ဘုန်းကြီးကျောင်းကလည်း ရှမ်းကျောင်းပဲဗျ။ ကျောင်းထိုင်ဆရာတော်ရော ဦးပဥ္စင်းတွေရော အားလုံး ရှမ်းတွေချည်းပဲဗျ။ ဆရာနွံဖနဲ့က ရှမ်းလိုချည်း ပြောကြတာ။ ကျုပ်လည်း ဘာမှ နားမလည်ဘူး။ ဒါပေမဲ့ ဦးပဥ္စင်းတွေကတော့ ကျုပ်ကို ဗမာလို ပြောကြပါတယ်။

ဒီလိုနဲ့ ညရောက်တော့ ဆရာနွံဖနဲ့ ကျုပ် ဘောက်ထော်



www.burmeseclassic.com

www.burmeseclassic.com



တို တစ်ခေါက်ပြန်ရောက်လာတယ်။ နေ့ခင်းက မှတ်ထားတဲ့ ပြီတို မရှာခင် ကုလားကာကာဆိုင်မှာဝင်ပြီး ကျုပ်တို့ဆရာတပည့် ဆက်ဖက်ရည် သောက်ကြသေးတယ်ဗျ။

ဆရာအုံတို့လမ်းထဲကိုရောက်တော့ ညဆယ့်တစ်နာရီ ထိုး ပြီဗျ။ ဆရာအုံခြံရဲ့ တောင်ဘက်ကို ဝင်ကပ်လိုက်ကြတယ်။

"မောင်တာတေကို ကျုပ်ပေးထားတဲ့ မျက်ကွင်းဆေးက သားခြောက်ရဲ့ ဝိညာဉ်ကို မြင်နိုင်တယ်ကွဲ့ မောင်တာတေရဲ့ ါကြောင့် မင်းကို ကျုပ်က မျက်ကွင်းဆေး ကွင်းခိုင်းခဲ့ရတာ"

"ကျုပ်သိတယ် ဆရာ၊ ဆရာပေးခဲ့တဲ့ မျက်ကွင်းဆေး တာ လူခြောက်ရဲ့ ဝိညာဉ်ကို မြင်နိုင်တာ သေချာတယ် ဆရာ၊ အနောင်းကုန်းမှာ လူခြောက်ကလေးမွေးကတည်းက ကျုပ်စမ်း ကြည့်ပြီးသားပါ ဆရာ"

"ဟော..ဟုတ်လား၊ မောင်တာတေတို့ရွာမှာ သားခြောက် သလားကွဲ့"

"ရှိတယ် ဆရာ၊ အခုဆိုရင် ရှစ်နှစ်သားလောက် ရှိပြီဗျ၊ ဘိုရိုးမွေးတို့ မရင်တို့ရဲ့ သားလေး ဆရာ၊ အဲဒီသားခြောက်ရဲ့ ညာဉ်ကို ဒီမျက်ကွင်းဆေး ကွင်းပြီး ကျုပ်သွားကြည့်ပြီးပြီ၊ ကောင်းကောင်းမြင်ရတယ် ဆရာ၊ အိမ်ရဲ့ အလယ်တိုင်နားမှာ ပြီး ကောင်လေး ကစားနေတာကို ကျုပ် သေသေချာချာမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



တာဗျ။ ဒါပေမဲ့ ကောင်လေး ရိပ်မိမှာစိုးလို့ ကျုပ်က မမြင်ချင်
ယောင်ဆောင်နေရတာပေါ့ ဆရာရယ်"

"ဟာ…ဒါဆိုရင် ဒီဆေးက သားခြောက်ရဲ့ ဝိညာဉ်ကို
မြင်ရတာ သေချာတာပေါ့ကွယ်၊ နေရာကျပြီပေါ့ကွာ"

ဒါနဲ့ ကျုပ်က ခြံထဲကို စောင့်ကြည့်ရတော့တာပေါ့ဗျာ
ဆရာနဲ့ဖ အမိန့်နဲ့ ဗဟန်းဘုန်းကြီးကျောင်းက မထွက်ခင်ကတည်း
က ကျုပ်က မျက်ကွင်းဆေး ကွင်းလာတာလေဗျာ။

ခြံထဲမှာတော့ ခုထိ ဘာမှမမြင်သေးဘူးဗျ။

ကျုပ်တို့ ဆရာတပည့်နှစ်ယောက် ဆောင်တော်ကူးပန်းခြံ
ကြီးနောက်မှာ ပုန်းပြီးစောင့်နေကြရတာဗျ။ ညသန်းခေါင်ကျော်ပြီ
တော်တော်လေးကြာတော့မှ ဆရာအုံ့ရဲ့ခြံထဲကို လူတစ်ယောက်
ဝင်လာတာ ကျုပ် မြင်လိုက်ရတယ်ဗျို့။

"ဟာ ဆရာရေ၊ လူတစ်ယောက် ခြံထဲကို ဝင်လာပြီဗျို့"

"ဟုတ်လား မောင်တာတေ၊ ခေါင်းမှာ သျှောင်ထုံးထ
လား"

"မပါဘူး ဆရာ၊ ဘိုကေနဲ့ပဲဗျ၊ ဘောင်းဘီရှည်နဲ့ ပ
ပရှူးနဲ့ဗျ၊ အပေါ်မှာတော့ ရှပ်အင်္ကျီလက်ရှည် ဝတ်ထားတယ်"

"ဟာ ဒါဆိုရင် သားခြောက်ရဲ့ ဝိညာဉ်ထင်တယ်
ဒီကောင် ခြံတံခါးကို ဖွင့်ဝင်တာ တွေ့လား"

www.burmeseclassic.com



"မဖွင့်ဘူး ဆရာ၊ ဒီအတိုင်းပဲ ဝင်လာတာ"

"ဒါဆိုရင် သေချာတာပေါ့ မောင်တာတေရဲ့၊ ဒီကောင် ဟာ ကဝေသားခြောက်ပဲပေါ့၊ ဟိုမှာ ခြံတံခါးကြီးက သော့ခတ်ပြီး ပိတ်ထားတာပဲလေ၊ အဲဒီသံတံခါးကြီးကို ဒီအတိုင်းဖြတ်ပြီး ဝင်လာတယ်ဆိုကတည်းက လူမဟုတ်လို့ပေါ့ကွယ်။ ပြီးတော့ မောင်တာတေက မျက်ကွင်းဆေးကြောင့် မြင်နေရတာလေ၊ ကျုပ်က မြင်မှ မမြင်ရတာ"

"ဟော...ကဝေသားခြောက်က ဟိုခုံတန်းလေးမှာ ထိုင် နေတယ် ဆရာ"

"အေးလေ၊ ဒီည လကလည်း ဝါးဝါးမှိန်မှိန်လေး သာ နေတော့ ဒီကောင်က ခြံထဲမှာထိုင်ပြီး ဇိမ်ခံနေမှာပေါ့လေ၊ ဒီကောင် ဘယ်က ပြန်လာတယ်ထင်တုံး မောင်တာတေ"

"မသိဘူး ဆရာ"

"သူ့မိန်းမတွေအိမ်က ပြန်လာတာကွဲ့"

"ဗျာ၊ လူခြောက်မှာ မိန်းမရှိလို့လား ဆရာ"

"ရှိတယ်တဲ့ကွဲ့၊ ဒီရန်ကုန်ထဲမှာပဲ သူ့လိုသားခြောက်မ တွေ ရှိတယ်၊ သူတို့ချင်း ပေါင်းဖက်လို့ရတယ်၊ ဒီကောင့်မှာ မိန်းမ သုံးယောက်တောင် ရှိသတဲ့ မောင်တာတေရဲ့"

"ဗျာ၊ ဟုတ်လား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အခု ဒီကောင် ဘာလုပ်နေတုံးကွဲ့"

"ခုံတန်းလေးမှာထိုင်ပြီး ကောင်းကင်ကို မော့ကြည့်နေတယ် ဆရာ"

"သားခြောက်ဆိုတာ သူတို့ကိုမွေးတဲ့ မိဘကိုတော့ တစ်နည်းမဟုတ် တစ်နည်း အကျိုးပြုကြတာပဲကွဲ့၊ ဒီကောင်ကတော့ ကဝေဆိုတော့ မကောင်းတာနဲ့ အကျိုးပြုတာပေါ့ကွယ်၊ ဇှူတွေကို မမာမကျန်းဖြစ်အောင် ပြုစား၊ ရူးအောင်နှမ်းအောင်ပြုစား၊ ပြီးရင် သူ့အဖေကို ဆရာယောင်ဆောင်ပြီး ဆေးကုခိုင်း၊ သူက ပျောက်အောင်လုပ်ပေးလိုက်နဲ့၊ သူ့အဖေက နာမည်ကြီးချမ်းသာလာတာပေါ့ကွယ်"

"သူ့အဖေကလည်း လူလိမ်လုပ်ရတာ သဘောကျနေတော့လည်း ခက်သားလား ဆရာရယ်"

"အင်း…ကိုအုံခများမှာလည်း ဆင်းရဲရှာတော့ အခုလိုချမ်းချမ်းသာသာနဲ့ ဆရာသမားဖြစ်နေရတဲ့ ဘဝကို မက်မောသွားတော့တာပေါ့ကွယ်။ ကဲ…မောင်တာတေရေ၊ အချိန်ကျပြီကွယ်၊ ဒီကဝေသားခြောက်ကို လုပ်စရာရှိတာ လုပ်ရတော့မယ်ဟေ့"

"ဟုတ်ကဲ့ ဆရာ"

"ရော့…ဟောဒီဆေးတံကို ခဲထားနေရင် မီးညှိရဦးမယ်ကြားလား၊ ဒီမှာ မီးခတ်ဗူး ယူထား"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် အံ့ဩသွားတယ်ဗျ။ ဒီလိုအချိန်မှာ ဆရာနှံ့ဖက ဆေးတံသောက်ဦးမှာလားလို့ ကျုပ်တွေးမိပြီး နားမလည်နိုင်အောင် ဖြစ်သွားတယ်ဗျ။

"ကဲ…ကျုပ် ရှေ့ကထွက်မယ်၊ မင်း မြင်တာတွေ ကျုပ်ကို ပြောပြပေတော့ မောင်တာတေ့ရေ"

ကျုပ်က ဆရာနှံ့ဖပေးတဲ့ ဆေးအပြည့်သိပ်ထားတဲ့ ဆေးတံနဲ့ ကြေးမီးခတ်ကို လက်တစ်ဖက်မှာ ကိုင်ထားပြီး ဆရာနှံ့ဖရဲ့ နောက်က ကပ်ပြီး ဆောင်တော်ကူးပန်းရုံနောက်က ထွက်လိုက်တယ်။

ကဝေသားခြောက်က ထိုင်နေရာကနေပြီး ဆတ်ကနဲ မတ်တတ်ထရပ်တယ်။ ပြီးတော့ ဆရာနှံ့ဖကို စိုက်ကြည့်နေတယ်ဗျ။ ကျုပ်ကိုတော့ ဂရုမစိုက်တဲ့ပုံပဲဗျ။

"ဆရာ ဒီကောင် မတ်တတ်ထရပ်ပြီဗျို့၊ အဲဒီခုံတန်းဆီမှာပဲ"

"ဟောကောင် သားခြောက်၊ လူလိမ်၊ အဒုံရဲ့သား၊ ငစုံ ဆိုတဲ့ ကဝေကောင်၊ အထက်ပုဂ္ဂိုလ်ကြီးတွေရဲ့ အမိန့်နဲ့ ငါရောက်လာခဲ့တာကွ"

ဟာ ဆရာနှံ့ဖရဲ့ စကားတောင် မဆုံးသေးပါဘူးဗျာ၊ ကဝေသားခြောက်က စပြီး စက်တွေလွှတ်တော့တာပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ သတိထား၊ ကဝေသားခြောက်ရဲ့ ဝိညာဉ်က စက်တွေလွှတ်နေပြီ"

"စက်တွေကိုတော့ ကျုပ် မြင်ရတယ် မောင်တာတေ၊ မင်း ဘေးကို နည်းနည်းဖယ်နေပေတော့၊ ကျုပ် လုပ်မယ်"

ဆရာနန္ဒဖက သားခြောက်ဝိညာဉ် လွှတ်တဲ့စက်တွေကို လက်နဲ့ယမ်းလိုက်တာနဲ့ စက်တွေ အကုန်လုံး ပြတ်ထွက်သွားရော ဗျို့။ ဟော ဟော သားခြောက်ဝိညာဉ်က ဆရာနန္ဒဖရဲ့ ဘေးဘက် ကို လှစ်ကနဲ ရောက်သွားတယ်ဗျို့။

"ဆရာ ဆရာ့ဘယ်ဘက်တည့်တည့်ကို ရောက်သွားပြီ ဆရာ၊ ဟော...အနီရောင်စက်တွေ လွှတ်နေပြီ ဆရာ"

"ဩော်...ဒင်းက ဒီလိုလား၊ ရတယ်၊ ဟောဒီမှာ"

ဆရာနန္ဒဖဆီကို အနီရောင်စက်တန်းလေးက လှစ်ကနဲ ပြေးဝင်လာတာဗျို့။ ဆရာနန္ဒဖက သူ့ရဲ့ ဘယ်ဘက်ကို ဖျတ်ကနဲ လှည့်ပြီး လက်ဝါးနှစ်ဖက်နဲ့ တွန်းထုတ်လိုက်တယ်။

ဟော...သားခြောက်ဝိညာဉ် လွှတ်တဲ့စက်က သူ့ဆီကို ပြန်ရောက်သွားရောဗျာ။ ဟာ...ဝိညာဉ်က ဘေးကို ခုန်ရှောင်ပြီး သူ့စက်ကိုသူ ပြန်သိမ်းလိုက်ရောဗျာ။ လက်ပြန်တို့၊ စက်ပြန်တို့ ဆိုတာ တော်တော်ပြင်းတာပါကလားလို့ ကျုပ်တွေးလိုက်မိတယ်။ ဟာ...ဖျတ်ကနဲ ရွေ့သွားပြန်ပြီဗျို့။ ဟာ ဒီတစ်ခါတော့ ကဝေ



www.burmeseclassic.com

www.burmeseclassic.com



သားခြောက်ရဲ့ ဝိညာဉ်က ဆရာနန္ဒဖရဲ့ ရှေ့တည့်တည့်က ကံ့ကော်ပင်ကြီးပေါ်ကို ရောက်သွားပြန်ပြီဗျို့။

"ဆရာ၊ ဆရာ့ရှေ့က ကံ့ကော်ပင်ကြီးရဲ့ တောင်ဘက်ထွက်နေတဲ့ ကိုင်းကြီးပေါ် ရောက်သွားပြီ ဆရာ"

"ဩော် ဒီလိုလား၊ မောင်တာတေ၊ ဆေးတံကို မီးခတ်ပြီး ညှိလိုက်တော့ကွယ်"

ကျုပ်က ဆရာခိုင်းတဲ့အတိုင်း ဆေးတံကို မီးခတ်ပြီး မြန်မြန်ညှိလိုက်တယ်။ မျက်လုံးကလည်း ကံ့ကော်ပင်ပေါ်က ဝိညာဉ်ကို မျက်ခြေမပြတ် ကြည့်နေရသေးတာဗျို့။

ဟာ...ကဝေသားခြောက်ရဲ့ ဝိညာဉ်က သူ့လက်နှစ်ဖက်ကို စက်ဝိုင်းလို ရှေ့ထုတ်ပြီး ဝိုင်းနေတယ်ဗျို့။

"ဆရာ၊ လက်တွေကို ရှေ့ထုတ်ပြီး စက်ဝိုင်းလို ဝိုင်းနေတယ်ဗျ"

"သိပြီ၊ သိပြီ၊ မောင်တာတေ၊ သေသေချာချာ ကြည့်ထားကွဲ့"

ဆရာနန္ဒဖကလည်း သူ့လက်ဝါးနှစ်ဖက်ကိုပွတ်ပြီး တစ်ခုခုဆို ရွတ်နေတယ်ဗျ။

"ဟာ...ဆရာရေ၊ ဝိညာဉ်ကောင်က စက်ရောင်စုံတွေထွက်နေပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်ပါစေ မောင်တာတေ၊ ဒါ သူ့ရဲ့ နောက်ဆုံး လက်နက်ပဲကွဲ့"

ဆရာနှံဖက သူ့လက်ဝါးထဲက ဝင်းဝင်းလက်လက် အရောင်တွေနဲ့ ဝိဉာဉ်ကဝေရဲ့ စက်ရောင်စုံအဝိုင်းကြီးကို လှမ်း ကာထားလိုက်တယ်။ ကဝေသားခြောက်ရဲ့ စက်ရောင်စုံအဝိုင်းကြီး က ရှေ့မတိုးနိုင်တော့ဘဲ ရပ်သွားရောဗျို့။

"မောင်တာတေ၊ ဆေးတံကို ကျုပ်ပါးစပ်မှာ တေ့လိုက် စမ်းကွဲ့"

ကျုပ်က လက်ထဲမှာ မီးညှိထားတဲ့ ဆေးတံကို ဆရာနှံဖ ရဲ့ ပါးစပ်မှာ တေ့ပေးလိုက်တော့ ဆရာနှံဖက ဆေးတံကို မီးရဲ နေအောင် ဖွာပြီး မီးခိုးတွေ အလုံးလိုက် မှုတ်ထုတ်နေတယ်ဗျ။ ဆရာနှံဖ ဆေးတံဖွာပြီး မှုတ်ထုတ်လိုက်တဲ့ မီးခိုးတွေဟာ တဖြည်း ဖြည်း များလာပြီး အလုံးလိုက်ကြီး လည်နေတယ်ဗျို့။ ဆရာနှံဖက သူ့ပါးစပ်မှာ ကျုပ် တပ်ပေးထားတဲ့ ဆေးတံကို ဖြုတ်လိုက်ပြီး..

"ရပြီ မောင်တာတေ၊ ဆေးတံ ယူသွားတော့၊ နောက်ဆုတ် နေ"

ဆရာနှံဖလက်က ထွက်လာတဲ့ အလင်းရောင်တွေနဲ့ ကာ ထားတဲ့ ကဝေသားခြောက်ရဲ့ စက်တွေဟာ တဖြည်းဖြည်း မှိန်လာ ပြီဗျို့။ ဒီမှာတင် ဆရာနှံဖက လည်နေတဲ့ မီးခိုးလုံးကြီးကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မန္တန်တစ်ပုဒ် ရွတ်လိုက်တာ မီးခိုးလုံးကြီးက အရှိန်နဲ့ရွေ့ပြီး ကဝေသားခြောက်ရဲ့ ဝိညာဉ်ကို အုပ်သွားရောဗျို့။

"ဖျန်း၊ ဖျန်း၊ ဖျန်း"

ဟာ၊ ကဝေစက်တွေ ပြတ်တောက်သွားပြီဗျို့။ ဆရာနွံဖက သူ့လက်ကထွက်တဲ့ အလင်းရောင်တွေကို ပြန်သိမ်းလိုက်တယ်။ မီးခိုးလုံးကြီးက သစ်ပင်အောက်ကို ပြုတ်ကျလာရောဗျ။

"မောင်တာတေ၊ ဒီကောင် မီးခိုးထဲကနေ အပြင်ကို မထွက်နိုင်တော့ဘူးကွဲ့၊ ဒီဆေးတံက ပထမဆရာကြီးတွေရဲ့ အစီအမံတစ်ခုပဲကွဲ့၊ ဒီကဝေကောင်က သူ့ကိုယ်သူ ငရဲမကျအောင် သေခါနီးမှာ အစွမ်းထက်တဲ့ မန္တန်တွေရွတ်ရင်း သေသွားတော့ လူပြန်ဖြစ်လာတာကွဲ့၊ ဒါပေမဲ့ သူ ကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံတွေကြောင့် လူစင်စစ်မဖြစ်ဘဲ သားခြောက် လာဖြစ်တာကွဲ့၊ ဒီတစ်ခါတော့ ဒီကောင့်ကို ငရဲရောက်အောင် ပို့ရတော့မှာပေါ့ကွယ်"

ပြောပြောဆိုဆိုနဲ့ ဆရာနွံဖက သူ့လွယ်အိတ်ထဲက အင်းတစ်ချပ်ကို ထုတ်လိုက်တယ်။

"မောင်တာတေ ဝေးဝေးသွားနေကွဲ့၊ ဒီအင်းကို မောင်တာတေ သိပါတယ်၊ ကဝေသတ်ဖြတ်စက်အင်းကြီးလေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ခပ်ဝေးဝေးမှာ သွားရပ်နေတယ်။

မီးခိုးလုံးကြီးထဲမှာ ပိတ်မိနေတဲ့ ကဝေသားခြောက်ရဲ့ ဝိညာဉ်ကို ဆရာနံ့ဖက ကဝေသတ်ဖြတ်စက်အင်းနဲ့ ပစ်လိုက်ရောဗျို့။

"ဝုန်း"

မီးတောက်ကြီးမှဗျာ ဝါးတစ်ပြန်လောက်ကို တက်သွားတာဗျ။ ပူလိုက်တဲ့ မီးဗျာ။ ကျုပ် သိတာပေါ့ဗျာ။ ဒီမီးတောက်ဟာ ငရဲမီးတောက်ဗျ။ အင်မတန် အကုသိုလ်များတဲ့ ကဝေကြီးတွေသေမှ ထတောက်လေ့ရှိတာဗျ။ ငရဲမီးတောက်ပြီ ဆိုရင်တော့ အဲဒီကဝေဟာ ငရဲပြည်ကို ရောက်သွားတာ အသေအချာပဲပေါ့ဗျာ။

တဖြည်းဖြည်းနဲ့ မီးတောက်က သေးသေးလာပြီး ငြိမ်သွားရောဗျို့။

"အား"

အသံနက်ကြီးနဲ့ 'အား' ဆိုပြီး အော်တဲ့အသံကြီးက ဆရာအံ့ရဲ့ နှစ်ထပ်တိုက်ထဲက ထွက်လာတဲ့ အသံကြီးဗျ။

"ဟာ မောင်တာတေရေ၊ ကျုပ်ပစ်လိုက်တဲ့ ကျည်ဆံက တစ်ချက်တည်းနဲ့ နှစ်ကောင် မှန်သွားပြီဟေ့"

"ဘာဖြစ်လို့တုံး ဆရာ၊ အော်သံကြီးက တိုက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတာ ဆရာရဲ့"

"ဆရာအုံကိုယ်တိုင် သူ့သားဆီက ပညာတွေယူပြီး တခေ ဖြစ်နေတာ မောင်တာတေရေ၊ သူ့သား ကဝေသားခြောက်ရဲ့ ပညာဖုးက သူ့ဗိုက်ထဲမှာ ရောက်နေတာဆိုတော့ သူ့သားလည်း သေ၊ သူလည်း သေပေါ့ကွယ်"

"ဟာ၊ ဒါဆိုရင် ဆရာအုံ သေသွားတာပေါ့ ဟုတ်လား ဆရာ"

"ဟုတ်တယ် မောင်တာတေ၊ စောစောက အော်တဲ့အသံကြီးက လူလိမ်အုံရဲ့ အော်သံကြီးပေါ့ကွယ်၊ ဆရာမဟုတ်ဘဲ ဆရာယောင်ဆောင်နေတဲ့ လူလိမ်လည်း တစ်ပါတည်း ပါသွားပြီပေါ့ကွယ်"

ခဏနေတော့ ဆရာအုံရဲ့ တိုက်ထဲက မီးတွေ လင်းလာရာဗျို့။ ငိုသံတွေလည်း ဆူညံလို့ပေါ့ဗျာ။

"ကဲ မောင်တာတေ၊ ကျုပ်တို့ သွားကြစို့ဟေ့"

နောက်နှစ်ရက်ကြာတော့ ကျုပ်လည်း ထနောင်းကုန်းကို ပြန်ရောက်လာတယ်။ ဆရာနွံဖကတော့ မန္တလေးမှာ နေခဲ့တယ်ဗျ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com





# ဝါးဘီလူးတောင်

**တာတေ**ကို့အညာသားတွေ မကင်းနိုင်ကြတဲ့ အရာက
တော့ 'ထန်းကျပင်ရည်' ပေါ့ဗျာ။ ထန်းရည်နဲ့အညာသား၊ အညာ
သားနဲ့ထန်းရည် ခွဲလို့မရနိုင်တာဟာ ကျုပ်တို့ အညာဒေသလေ့တစ်

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com


ပဲဗျ။ ကျုပ်တို့ရွာရဲ့ မြောက်ဘက်မှာရှိတဲ့ ဘိုးညီလေးထန်းတော ဟာ ထနောင်းကုန်းသားတွေနဲ့ ဘန့်ဘွေးကုန်းသားတွေရဲ့ ဆုံမှတ် တစ်ခုပေါ့ဗျာ။

အခုလို နွေဦးကာလ မြူထချိန်ဆိုရင် ထန်းတက်သမား တွေ မနားတမ်း ထန်းတက်ရတဲ့ အချိန်ပေါ့ဗျာ။ တက်တဲ့လူက လည်း မနားတမ်းတက်၊ သောက်တဲ့သူကလည်း မနားတမ်း သောက်နဲ့ လွတ်ပျော်ကြတဲ့အချိန်ပေါ့ဗျာ။

အမြည်းကတော့ ငွေရှင်ရင် မြင်းသားခြောက်၊ အမဲခြောက်၊ ဆတ်သားခြောက်ပေါ့ဗျာ။ ကျက်နေအောင် မီးဖုတ်ပြီး မွနေအောင် ကို ထုထားတာဗျ။ ဆီရွှဲရွှဲလေးနဲ့စိမ်ပြီး မြည်းရတာ လွတ်ကောင်း ပေါ့ဗျာ။

ငွေမရှင်တော့လည်း ထုံးစံအတိုင်း ပဲကြီးလှော်ပေါ့ဗျာ။ ပဲကြီးလှော်ကြားထဲညပ်တဲ့ ဆားကလေးငံပြပြနဲ့၊ တဂျုပ်ဂျုပ်ဝါးပြီး ထင်းကျူရည်လေးမော့သောက် ဒါလည်း အညာသားစည်းစိမ်ပါပဲဗျာ။

ဆေးပေါ့လိပ်လေး မီးမသေအောင်ကလည်း ဖွာရသေး ဗျ။ ဆေးလိပ်ကတော့ ကိုယ်ကြိုက်တဲ့တံဆိပ်ပေါ့ဗျာ။ ကျုပ်က တော့ ခင်ဗျားသိတဲ့အတိုင်း နဂါးပဲလေဗျာ။ နဂါးဆေးပေါ့လိပ် အလေးကို ပါးစပ်မှာ ခပ်ဖွဖွကိုက်ပြီး လက်စွဲတော် မနုဖြူဒေါ်ရီ ကြေးမီးခတ်ကို 'ဂျစ်..ဂျစ်' လို့မြည်အောင်ခြစ်ပြီး တောက်လာတဲ့


www.burmeseclassic.com

www.burmeseclassic.com



မီးတောက်နဲ့ မီးညှိရတဲ့ အရသာကလည်း တစ်မျိုးပေါ့ဗျာ။

ဒီညနေတော့ ကျုပ်တို့ဝိုင်းမှာ လူအစုံသားဗျ။ ဘန့်ဘွေးကုန်းသားရော၊ ထနောင်းကုန်းသားရော ဆယ်ယောက်ဗျ။ ကျုပ်သူငယ်ချင်းသိန်းဇော်ပါ ပါသဗျ။ ထန်းကျောဖျာကြီးနှစ်ချပ်စပ်ခင်းလို့ မြူအိုးကလည်း ခုနှစ်အိုးလောက် အဆင်သင့်ချထားတာဗျ။ အမြည်းဖိုးတော့ သူ့ပါတာ၊ ကိုယ့်ပါတာ ထုတ်ကြပြီးဝယ်ရတာပေါ့ဗျာ။ ကျုပ်တို့ရွာဓလေ့မှာ အမြည်းဖိုးက လက်ငင်းပေးရသဗျ။ ထန်းရည်ဖိုးကတော့ ပြန်ကာမှ မြူအိုးအလုံးရေနဲ့တွက်ပြီး ရှင်းရတာဗျ။

ဒီညနေတော့ လူလည်းစုံ၊ ငွေလည်းများတော့ အမဲခြောက်ကတင် သုံးပန်းကန်၊ ပဲကြီးလှော်က နှစ်ပန်းကန်ဗျ။ ဝိုင်းကိုထိန်းထားတာကတော့ ကျုပ်တို့ရွာက မုဆိုးကိုတောင်လုံးပဲဗျို့။

ကိုတောင်လုံးက စကားတော်တော်နည်းတဲ့လူဗျ။ ဒီညနေတော့ ပင်ကျရည်အစွမ်းနဲ့ တော်တော်လေးကို အာရှင်နေတာဗျို့။ မုဆိုးကိုတောင်လုံးအကြောင်းကို 'တဆွေအိုင်'ဆိုတဲ့ဝတ္ထုမှာ ကျုပ်ရေးခဲ့ဖူးတယ်လေဗျာ။

"ကိုကြီးတောင်လုံး ထန်းတောမရောက်တာကြာပေါ့"

ဘန့်ဘွေးကုန်းက ကျုပ်သူငယ်ချင်း သိန်းဇော်က ကိုတောင်လုံးကို ပြောတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ဆို နေ့တိုင်း တောတက်နေတာကွ၊ ပြီးတော့ အမဲကြီးတွေ နေ့တိုင်းရနေလို့ မြို့တက်ရောင်းနေတာကွ၊ အမဲကြီး သားရေလည်း ရောင်းရတာပေါ့ကွာ၊ ဒါကြောင့် ထန်းတောဘက် ကို ဦးမလှည့်နိုင်တာပေါ့"

"ဪ…ဒါကြောင့်ကိုး"

ကျုပ်တို့ကတော့ အမြည်းလေးတွေဝါးရင်း ကိုတောင်လုံး ပြောတာကို နားထောင်လို့ပေါ့ဗျာ။ ကိုတောင်လုံးက အုန်းမှုတ်ခွက် အပြည့်ထည့်ထားတဲ့ ပင်ကျရည်ကို မနားတမ်းမော့လိုက်ပြီး ပဲကြီး လှော်နှစ်စေ့၊ သုံးစေ့ကို ကောက်ဝါးပစ်လိုက်တယ်။

"ငါ ဒီတစ်ခါ တောတက်တာ မုဆိုးတစ်ရာမှာ တစ်ယောက် မတွေ့ဘူးတဲ့ ငှက်တစ်ကောင် တွေ့ခဲ့တယ်ကွ"

ဒီတစ်ခါတော့ ကိုတောင်လုံးရဲ့စကားကို စိတ်ဝင်စား သွားတာ ကျုပ်ဗျ။ တာတေဆိုတာ လွှတ်စပ်စုတဲ့ကောင်လေဗျာ။

"မုဆိုးတွေတောင် မမြင်ဘူးတဲ့ငှက်ဆိုတော့ ဘာငှက် များတုန်းဗျ ကိုကြီးတောင်လုံးရဲ့"

ကျုပ်က တအံ့တသြနဲ့ မေးလိုက်တာဗျ။ ကျန်တဲ့ကောင် တွေကလည်း တစ်ယောက်တစ်ပေါက်နဲ့ မေးကြတာပေါ့ဗျာ။

"သိန်းငှက်လား"

"လင်းယုန်လား"



www.burmeseclassic.com

www.burmeseclassic.com



"အောက်ချင်းလား"

"ဝန်ပိုငှက်လား"

"ဟကောင်တွေရဲ့ မုဆိုးတစ်ရာမှာ တစ်ယောက် မမြင်ဖူးပါဘူးဆိုမှတော့ ဒီငှက်တွေ ဟုတ်မလားကွ။ မင်းတို့ပြောတဲ့ငှက်တွေက မုဆိုး မပြောနဲ့ နွားကျောင်းသားတွေတောင် မြင်ဖူးတဲ့ငှက်တွေပဲဟာ"

"ဒါဆိုရင် ကိုကြီးတောင်လုံးပြောတဲ့ငှက်က ဘာငှက်တုန်းဗျ"

ဒီတော့မှ ဒီကောင်တွေက မေးတာဗျ။ ကျုပ်ကလည်း ကိုကြီးတောင်လုံးပြောမယ့်ငှက်ကို သိချင်ပေမယ့် သူတို့တစ်ယောက်တစ်ပေါက်နဲ့ မေးနေကြတာကို စောင့်နေရတာပေါ့ဗျာ။

"ငါတွေ့တဲ့ငှက်က ဒေါင်းငှက်ကွ"

"ဗျာ..ဒေါင်း..ဟုတ်လား ကိုကြီးတောင်လုံး ငှတို့ ငုံး... ပဲ ကြားဖူးတာဗျ။ ဒေါင်းဆိုတာ တစ်ခါမှကို မကြားဘူးပါဘူးဗျာ"

ကျုပ်က အံ့သြပြီး ပြောလိုက်မိတာဗျ။

"ငါပြောပါရောလား တာတေရာ၊ မင်း မပြောနဲ့ မုဆိုးတစ်ရာမှာ တစ်ယောက် မမြင်ဘူးပါဘူးဆို။ ငါလည်း အရင်တ... က ငါ့အဘတို့လို မုဆိုးအိုကြီးတွေ ပြောတာဆိုတာသာ ကြားဘူးတာကွ။ သူတို့လည်း တွေ့ဖူးတာမဟုတ်ဘူး။ ပုံပြင်လိုလို ဒဏ္ဍာ...



www.burmeseclassic.com

www.burmeseclassic.com



သိုလို့ပဲ ကြားဖူးကြတာ။ ငါသာ တကယ်တွေ့လာတာ"

"ဟာ..ဟုတ်လား ကိုကြီးတောင်လုံးရဲ့ ပြောပါဦးဗျ ဘယ်မှာတွေ့လာတာတုန်း"

"ဒီလိုဟေ့ ငါက သားကောင်ကြီးကြီး ပစ်ချင်နေတာနဲ့ အလယ်ရိုးမပေါ်က ရေပြာအိုင်တောကို တက်တာကွ၊ ရေပြာအိုင်နားမှာက ရေသောက်ဆင်းတဲ့ သားကောင်တွေကို ညဘက်ချောင်းပစ်ရင် ရတတ်တယ်"

"ရေပြာအိုင်ဆိုတာ ဘာတုန်းဗျ၊ ကိုကြီးတောင်လုံးရ" ကျုပ်ကလည်း စိတ်ဝင်စားပြီဆိုရင် မေးတော့တာဗျို့။

"ရေပြာအိုင်ဆိုတာ ဆင်ခေါင်းတောင်ကြီးပေါ်မှာရှိတာကွ၊ ဆင်ခေါင်းတောင်ဆိုတာက ဆင်ကြီးတစ်ကောင်ရဲ့ ခေါင်းကြီးနဲ့တူတဲ့ တောင်ထွတ်ကြီးရှိနေလို့ကွ၊ တူတာမှ တော်တော့်ကိုတူတာကွ၊ နားရွက်ကြီးနှစ်ဖက်ရော၊ နှာမောင်းကြီး တွဲလောင်းကျနေတာရော ဆင်ရဲ့ခေါင်းကြီးနဲ့ရော တော်တော့်ကိုတူတာပါကွာ၊ အဲဒီ ဆင်ခေါင်းတောင်က ရေအိုင်ကြီးတစ်အိုင်က အမြဲတမ်းရေတွေ ပြာနေတာကွ၊ အဲဒီရေပြာအိုင်ကြီးကို အမိုပြုပြီးနေတဲ့ ဆောတိရစ္ဆာန် အစုံရှိတာဟေ့၊ ဟောတိရစ္ဆာန်တွေစားတဲ့ သစ်သီးခလံဆိုတာလည်း အမျိုးစုံကို ရှိတာကွ၊ ဒါပေမဲ့ ဆင်တို့၊ ကျားတို့၊ ဗျားသစ်တို့လို၊ မြွေဆိုးကြီးတွေလို တိရစ္ဆာန်ရိုင်းတွေ လုံးဝမရှိ



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ၊ ဒါပေမဲ့ ငါကတော့ ညအိပ်စောင့်ပစ်တာဆိုတော့ သစ်ပင်ကြီးကြီးရွေးပြီး နေ့ခင်းကတည်းက လင့်ထိုးထားရတာပေါ့ကွာ။ ဝါးတွေကလည်းပေါတော့ လင့်စင်ထိုးရတာလည်း တော်တော်လွယ်သားဟေ့"

"ညဘက်ဆိုတော့ အမဲပစ်ရတာ မြင်ရလို့လား ကိုကြီးတောင်လုံးရဲ့"

"လသာတော့ တစ်တောလုံးလင်းနေတာကွ၊ ငါတို့မုဆိုးမျက်လုံးနဲ့ဆိုတော့၊ သစ်ရွက်ကလေး လည်တာကအစ မြင်နေတာပေါ့ကွာ။ သန်းခေါင်လောက်ကျတော့ ရေပြာအိုင်မှာ သားကောင်မျိုးစုံ ရေသောက်ဆင်းကြရောဟေ့။ ငါလည်း စိတ်တိုင်းကျမတွေ့သေးတော့ မပစ်ဘဲကို စောင့်နေတာကွ"

ကျုပ်ရော ကျန်တဲ့ကောင်တွေရော ကိုတောင်လုံးရဲ့စကားကို စိတ်ဝင်စားနေကြပြီဗျို့။ ကိုတောင်လုံးရဲ့ အုန်းမှုတ်ခွက်ထဲကိုထန်းရည်မပြတ်အောင် ဖြည့်ပေးကြတယ်။ ကိုတောင်လုံးက အုန်းမှုတ်ခွက်ကိုယူပြီး တကျိုက်ကျိုက်နဲ့မော့တယ်။ ပြီးမှ စကားဆက်တာဗျ။

"သန်းခေါင်ကျော်တော့မှ ဆတ်ဖားကြီးတစ်ကောင်ရေပြာအိုင်ကို ရေသောက်ဆင်းလာတယ်ကွ။ ငါ လင့်စင်ထိုးထားတဲ့ သရက်ဖြူပင်ကြီးအောက်က ထွက်လာတာကွ။ လရောင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထင်းနေတာပဲ။ ပစ်ကွင်းကလည်း လွှတ်ကောင်းတာဟော့။ ရေမသောက်ခင် ဆတ်ဖားကြီးက ခေါင်းကြီးမော့ပြီး နားစွင့်တယ်။ အနံ့ခံတာပေါ့ကွာ။ ငါလည်း ဒူးလေးကြိုးကို အသံမမြည်အောင် ကြိတ်ပြီးတင်လိုက်တယ်။ ပြီးတော့ ကျည်တောက်ထဲက အဆိပ်လူးထားတဲ့ မြားတစ်ချောင်းကိုထုတ်ပြီး ဒူးလေးရဲ့မြားလမ်းမှာတင်လိုက်တယ်။ ငါ့ဒူးလေးက မြားဖုံးပါပြီးသားလေကွာ တာတေမြင်ဖူးပါတယ်"

"မြင်ဖူးတာပေါ့ ကိုကြီးတောင်လုံးရ"

"ဆတ်ဖားကြီးတစ်ကောင်ကို ဒီလောက်ကပ်ပစ်ရတာမျိုး ငါ့တစ်သက်မှာ တစ်ခါမှ မကြုံဖူးပါဘူးကွာ"

"ရှီး....."

"မြားတံထွက်သွားတာနဲ့ ရှေ့လက်နှစ်ချောင်း ခွေကျပြီးလဲသွားတော့တာပါပဲကွာ၊ ငါ့မြားက ဆတ်ကြီးရဲ့ နှလုံးကို တစ်ချက်တည်းဖောက်သွားတာကွ။ ပြီးပြီပေါ့ကွာ။ မနက်မိုးလင်းမှပဲ ဆတ်ကိုဖျက်ပြီး သယ်တော့မယ်လို့ တွေးလိုက်တယ်။ သစ်ပင်ကိုမှီပြီး ခဏလောက်အိပ်မယ်လို့ စိတ်ကူးလိုက်ပြီး မှေးနေတာကွ ပါလာတဲ့ စောင်ကြမ်းလေး ခြုံလို့ပေါ့ကွာ"

"ဖျန်း...ဖျန်း...ဖျန်း"

"ငါ လန့်ပြီး ပိတ်ထားတဲ့ မျက်လုံးဖွင့်ကြည့်လိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဟော့"

"ဟာ..."

"ငါ့ပါးစပ်က ယောင်ပြီးတော့ကို အော်လိုက်မိတာကွ"

"ဘာ..ဘာမြင်လို့တုန်းဗျ၊ ကိုကြီးတောင်လုံး ဘာကိုမြင်လို့တုန်း"

ကျုပ်ကလည်း သိချင်စိတ်ကို အောင့်မထားနိုင်တော့ဘူးဗျို့။ အလောတကြီးကို မေးလိုက်မိတာဗျ။

"လူကြီးကွ"

"ဘာ..လူကြီး ဟုတ်လား၊ ဘယ်ကရောက်လာတဲ့လူတုန်းဗျ"

"ဟာ..မဟုတ်ဘူး၊ မဟုတ်ဘူး၊ ငှက်ကြီးကွ"

"ဗျာ..ငှက်ဟုတ်လား ကိုကြီးတောင်လုံး ကျုပ်တော့ ဘာမှကို နားမလည်တော့ဘူးဗျ"

ဟိုကောင်တွေကတော့ ထန်းရည်ကို ဘာစ်ခွက်ပြီး တစ်ခွက် သောက်နေကြတာဗျို့။ ကျုပ်ကတော့ ထန်းရည်ဆီကို စိတ်မရောက်တော့ဘဲ ကိုတောင်လုံးပြောတာကိုပဲ စိတ်ဝင်စားနေတော့တာဗျို့။ ကိုတောင်လုံးကလည်း အရေးထဲမှာ ထန်းရည်မော့နေရောဗျို့။ ကျုပ်က ကိုတောင်လုံးကို ထပ်ပြီး မေးလိုက်တယ်ဗျ။

"ကိုတောင်လုံး တွေ့ခဲ့တာ လူလား၊ ငှက်လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"လူငှက်ကြီးကွ"

"ဖျာ...ဟောင်...ဖို့...ဟာ"

ဟိုကောင်တွေပါ အံ့သြကုန်ပြီဗျို့။ မျက်လုံးကြီးတွေပြူးပြီး ကိုတောင်လုံးကို ဝိုင်းကြည့်နေကြရောဗျ။

"အတောင်ပံခတ်သံကြားလို့ ငါမျက်လုံးဖွင့်ကြည့်လိုက်တော့၊ ရေပေါ်မှာ ရှပ်ပြေးပြီးလာတာကွ။ အတောင်ပံတွေလည်း တဖျန်းဖျန်းခတ်နေတယ်။ ပုံစံက လူကွ၊ အရပ်လေးပေလောက်ရှိမယ်၊ မျက်နှာကလည်း လူမျက်နှာပဲ၊ ကိုယ်လုံးကလည်း လူကိုယ်လုံးကွ။ ငှက်မွေးတွေတော့ ဖုံးနေတယ်၊ ရင်အုပ်ကားကားနဲ့ လက်နှစ်ဖက်နေရာမှာတော့ အတောင်ပံကြီးတွေ ပါတယ်။ မျက်လုံးဗျာလည်း လူမျက်လုံးအတိုင်းပဲ။ ဒါပေမဲ့ နှုတ်သီးပါတယ်။ ထူးဆန်းတာက ခြေထောက်ကလည်း လူခြေထောက်ပဲ။ ငှက်မွေးတွေတော့ ဖုံးနေတာပေါ့။ ဒါပေမဲ့ ခြေထောက်က တစ်ချောင်းတည်းကွ၊ အလယ်တည့်တည့်မှာ ပေါက်နေတာ။ ခြေချောင်းတွေက ငှက်ခြေချောင်းတွေပဲ၊ ငှက်ခြေသည်းကြီးတွေလည်း ပါတယ်။ ခြေတစ်ချောင်းတည်းဆိုတော့ ခုန်ပြီးပြေးရတာပေါ့ကွာ။ ဒါပေမဲ့ တော်တော်ကို မြန်တာကွာ။ ကမ်းစပ်ရောက်တော့ ပြေးသွားလိုက်တာ ရိပ်ကနဲ ရိပ်ကနဲကိုနေတာဟေ့။ ရေပေါ်ကို ရှပ်ပြေးရင်းနဲ့ ခြေထောက်က ငါးခပ်ရှယ်ရှယ်တစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မိအောင် ကုပ်လာတာပေါ့။ အဲဒီငါးကို ရေပြာအိုင်အစပ်မှာ ချထား ပြီး စိမ်ပြေနပြေကို စားတော့တာကွ။ နွတ်သီးချွန်နဲ့ ပေါက်ပေါက် ပြီး စားနေတာ။ နောက်ကကြည့်ရင် လူတစ်ယောက်၊ ငှက်တောင် ကြီးခြုံပြီး မတ်တတ်ရပ်နေတဲ့အတိုင်းပါပဲကွာ။ ရှေ့ကကြည့်ရင် တော့ ရင်အုပ်ကားကားနဲ့ ရောမခေတ်က စစ်သူကြီးတစ်ယောက် ရပ်နေသလိုပဲကွ။ ငါဆိုတော့ ထူးဆန်းတဲ့ အဲဒီသတ္တဝါကို ကြည့် ပြီး ကြောက်တောင်လာတယ်ကွ။ ပထမတော့ မြားနဲ့ပစ်ဖို့ စိတ် ကူးသေးတယ်ဟေ့။ နောက်တော့မှ ငါ့အဘ မုဆိုးကြီး ပြောတဲ့ စကားကို နားထဲမှာ သွားကြားတော့တာ။

"ငါ့သား တောထဲတောင်ထဲမှာ ပေါင်းများတွေ့လို့က တော့ ဘယ်တော့မှ မသတ်မိစေနဲ့ကွဲ့၊ သူ့အသားကို စားလည်း မစားလေနဲ့၊ ပေါင်း ခြေတစ်ချောင်း မစားကောင်းဆိုတာ မှတ် ထားပေတော့။ ပေါင်းဆိုတာ ငှက်တော့ ငှက်ပဲကွ၊ ဒါပေမဲ့ လူနဲ့တူတဲ့ ငှက်ကွ၊ အင်မတန်ရှားတယ်။ အဘလည်း မတွေ့ဖူးပါ ဘူး။ တို့ရှေ့က မုဆိုးကြီးတွေ မှာခဲ့တဲ့အတိုင်း ပြန်ပြောတာပါကွာ"

လက်စသတ် ဒါ အဘပြောတဲ့ ပေါင်းဆိုတာပဲလို့ တွေးမိ သွားပြီး မုဆိုးတစ်ရာမှာ တစ်ယောက် မမြင်ဖူးတဲ့ ပေါင်းငှက်ကြီး ကို မျက်တောင်မခတ် ကြည့်နေတော့တာပေါ့ကွာ။ စောစောက မိတဲ့ငါးကို စားလို့လည်းကုန်ရော ဒီကောင် ရေစပ်ကို ခုန်ဆွ



www.burmeseclassic.com

www.burmeseclassic.com



ချုံ့အွန့် ဆင်းလာပြန်ရောဟော့။ ရေပြာအိုင်ထဲကို ငြိမ်ငြိမ်ကြီးစိုက်ကြည့် နေတာဟော့ တော်တော်ကြာတယ်။ နောက်တော့ အိုင်ထဲမှာ ငါး ခွက်တာလည်း မြင်ရော…

"ဖျန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း"

ဒီကောင် အတောင်တွေ တဖျန်းဖျန်းခတ်ပြီး ရေပေါ်မှာ ရှပ်ပြေးပြန်ရောဟော့။ ရပြန်ရောကွ။ နောက်ထပ် ငါးတစ်ကောင်။ စောစောက ငါးထက်တောင် ကြီးသေးတယ်ဟော့။ ပြေးပြန်ရော ထွ။ ကမ်းစပ်မှာ ပြေးသွားပြီး ခြေထောက်နဲ့ ကုပ်ဖမ်းလာတဲ့ ငါးကြီးကို နှုတ်သီးကြီးနဲ့ တပေါက်ပေါက် ပေါက်ပြီး စားတော့ တာဟော့။ ငါးလည်းကုန်ရော ဝေါင်းကြီးက ဘာလုပ်တယ်ထင်လဲ၊ ရေအိုင်စပ်မှာ လျှောက်ပြေးနေတာဟော့။ ပထမတော့ ဒီကောင် ဘာလုပ်တာပါလိမ့်လို့ ငါလည်း ကြည့်နေတာပေါ့ကွာ။ နောက် တော့မှ မြင်တာဟော့။ ဟား၊ ဟား၊ ဟား၊ ဟား"

"ဟင်…ဘာတုံးဗျ၊ ကိုကြီးတောင်လုံးရဲ့"

ကိုတောင်လုံးက စကားမဆက်သေးဘဲ တဟားဟားနဲ့ ရယ်နေရောဗျို့။ ပြီးတော့မှ ပြောတာဗျ။

"ဝေါင်းကြီးက ယုန်နက်ကလေးတစ်ကောင်နဲ့ ရေပြာ အိုင်စပ်မှာ အပြေးပြိုင်နေတာဟော့"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့စိတ်ထင်တော့ အဲဒီငေါင်းနဲ့ ယုန်နက်ကလေးနဲ့က ဒီနေရာမှာ အခုလိုပဲ ကစားနေကျဖြစ်မယ်ကွ၊ မနက် အရုဏ်တက် ကာနီးတော့မှ ဒီကောင်ကြီးက ခုန်ဆွ ခုန်ဆွနဲ့ ပြေးပြီး ပျံတက်သွားတာကွ။ ပျံကာနီး ရေပြာအိုင်ပေါ်မှာ နှစ်ပတ်လောက် ဝဲနေသေးတာ။ ပြီးတော့မှ အရှေ့ဘက်ကို ပျံထွက်သွားတာကွ၊ ငါ့တစ်သက်တော့ ဒီငေါင်းကြီးကို မေ့မှာမဟုတ်တော့ဘူး တာတေရ"

"ကိုကြီးတောင်လုံး မပြောနဲ့၊ ကျုပ်တောင် ကြားရတာနဲ့ အံ့ဩလိုက်တာဗျာ၊ လူနဲ့ ချွတ်စွပ်တူတဲ့ ငေါင်းငှက်ဆိုတာကို ခုမှပဲ ကျုပ် ကြားဖူးတော့တာဗျ"

"ဩော်…ပြောပါရောလား၊ ငါ့လူရာ၊ မုဆိုးတစ်ရာမှာ တောင် တစ်ယောက် မမြင်ဘူးပါဘူးဆို"

"လူတစ်ပိုင်း ငှက်တစ်ပိုင်းကြီးလားမှ မသိတာဗျာ၊ ငေါင်းကြီးက ယုန်နဲ့တောင် အပြေးပြိုင်တမ်း ကစားနေတယ်ဆိုတော့ အသိဉာဏ်ရှိလို့နေမှာဗျ"

သိန်းဇော်ကလည်း ဝင်ပြောသေးသဗျ။ တခြားကောင်တွေကလည်း တစ်ယောက် တစ်ပေါက် ဝင်ပြောကြရောဗျို့။

"နေ့ နေပါဦး ကိုကြီးတောင်လုံးရဲ့၊ ငေါင်းနဲ့ ယုန်နဲ့ အပြေးပြိုင်တော့ ငေါင်းရှုံးမှာပေါ့ဗျ။ သူက ခြေထောက်တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှိတာလေ။ ယုန်က ခြေထောက်နှစ်ချောင်းမို့လား၊ ပြီးတော့ ယုန်ဆိုတဲ့ သတ္တဝါက ပြေးတဲ့နေရာမှာ လွတ်မြန်တာလေဗျာ"

ကျုပ်တို့ ရွာတောင်ပိုင်းက ကျော်မောင်ဆိုတဲ့ကောင်က ထန်းရည်လေး မူးမူးနဲ့ ဝင်ပြီးမေးတာဗျ။

"အေးကွ၊ ကျော်မောင်မေးတာ ဟုတ်သား၊ ကိုကြီး တောင်လုံးလည်း မင်းတွေးသလို တွေးမိလို့၊ လင့်စင်ပေါ်မှာ ထိုင်လျက်နဲ့ သေသေချာချာ ကြည့်တာ မောင်ရေ၊ ပြေးတဲ့ အခေါက်တိုင်း ငေါင်းကြီးပဲ နိုင်တာကွ၊ ငေါင်းက ခြေတစ်ချောင်း သာ ဆိုတယ်၊ ရိပ်ကနဲ ရိပ်ကနဲ နေတာကွ၊ လွတ်မြန်တဲ့ကောင်ပါ ကွာ"

"အေးဗျ၊ ဘယ်ဒေသကများ ရောက်လာတာလဲ မသိ ဘူးနော်"

မျက်ပြူးအစ်ကို အောင်ဆင့်ဆိုတဲ့ ကောင်ကလည်း မျက်လုံး ပုတ်ခတ် ပုတ်ခတ်လုပ်ပြီး ဝင်ပြောသေးတယ်ဗျို့။ ဒီကောင်က အမဲခြောက်ကလေး လှမ်းနှိုက်ရင်း ပြောတာဆိုတော့ ခြောက်ပိုင်းက ကိုဘိုကေက အောင်ဆင့်ကို နောက်ရောဗျို့။

"ဟကောင် အောင်ဆင့်ရဲ့၊ ဒီအမဲခြောက်ကို ပြောတာ ဆား၊ ဒါတော့ ထန်းသမား ဖိုးလုံးကို မေးမှသိမှာပေါ့ကွ၊ သူ ဆယ်က ဝယ်လာတာတုံးဆိုတာ".



www.burmeseclassic.com

www.burmeseclassic.com



"ဖာဗျာ၊ ကိုကြီးဘိုကေကလည်းဗျာ၊ ကျုပ်က အမဲခြောက်ကို ပြောတာ မဟုတ်ဘူးဗျ၊ ကိုကြီးတောင်လုံး ပြောတဲ့ ဝေါင်းကြီးကို ပြောတာဗျ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ထန်းရည်ဝိုင်းတစ်ဝိုင်းလုံး ထရယ်ကြတော့တာပေါ့ဗျာ။

"ဟကောင် အောင်ဆင့်ရဲ့၊ 'ဝေါင်း' မဟုတ်ပါဘူးကွ၊ 'ငေါင်း'ပါ"

"ဟင် ဟုတ်လား၊ ကိုကြီးတောင်လုံး ပြောတာကို ကျုပ်နားထဲမှာ 'ဝေါင်း'လို့ချည်း ကြားနေတာဗျ"

မျက်ပြူးအစ်ကိုအောင်ဆင့်က နားနည်းနည်းလေးတယ်ဗျ။ ကျုပ်တို့ပြောတာကို မကြားတဲ့အခါဆိုရင် နားနောက်မှာ၊ သူ့လက်ဝါးလေးနဲ့ကာပြီး နားထောင်တာဗျ။

ထန်းရည်ဝိုင်းက ခဏလေးတိတ်သွားတယ်။ ထန်းရည်ခွက်ကို လှည့်ပြီးသောက်နေကြတာဗျ။ ပြီးတော့ ငှက်လိုလို၊ လူလိုလို သတ္တဝါအကြောင်းကိုလည်း တွေးနေကြတယ် တူပါရဲ့ဗျာ။ ကျုပ်နားထဲမှာတော့ ကိုကြီးတောင်လုံးရဲ့ အဘပြောတယ်ဆိုတဲ့။

"ငေါင်း ခြေတစ်ချောင်း မစားကောင်း"

ဆိုတာကိုပဲ ကြားနေတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"လာမယ့်တစ်ပတ်ကြာရင်တော့ ဘယ်သူမှ မသွားရဲတဲ့ ဝါးဘီလူးတောင်ကို တက်ပြီး အမဲပစ်မလို့ကွ"

ကိုတောင်လုံးက ဆေးပေါ့လိပ်ကလေးဖွာရင်း ပြောတယ်ဗျ။

"ဟာ ကိုကြီးတောင်လုံးကလည်း ဝါးဘီလူးတောင်ဆိုတာ ဘယ်သူမှ တက်ဝံ့တာမဟုတ်ဘူးဗျ၊ ကျုပ်တို့အဘလည်း အမြဲပြောတယ်၊ ဝါးဘီလူးတောင်ကို ဘယ်တော့မှ မတက်ဖို့ပေါ့ဗျာ"

ဘန့်ဘွေးကုန်းက သိန်းဇော်ကလည်း ကိုကြီးတောင်လုံးကို ပြောတယ်။

"အဲဒါပြောတာပေါ့ သိန်းဇော်ရ၊ မင်းတို့ ငါတို့ရွာမှာရော အနီးအနားက တခြားရွာတွေမှာရော ရှေးကလူကြီးတွေ မှာခဲ့လို့ဆိုပြီး ဝါးဘီလူးတောင်ကို မသွားရဘူးပဲ မှတ်ထားတာကွ။ ဘာဖြစ်လို့ မသွားနိုင်းတာလဲလို့ မေးရင် ဘယ်သူမှ တိတိကျကျ ပြောနိုင်တာ မရှိဘူးကွ။ ငါကတော့ မြားလုပ်ဖို့ ဝါးကောင်းကောင်း လိုချင်ရင် အဲဒီတောင်ကို တက်ပြီး ခုတ်တာပဲကွ။ တစ်ခါတလေ ဝါးခုတ်ရင်း ယုန်နှစ်ကောင် သုံးကောင်လောက်လောက် ပစ်ခဲ့သေးတယ်။ အဲဒီတောင်ကို လူတွေ မရောက်တော့ သားကောင်တွေကလည်း ပေါတာကွ... ထူပြီး ဝိတ်နေတာ။ သားကောင်ဆိုတာ ပေါမှပေါပဲဟေ့။



www.burmeseclassic.com

www.burmeseclassic.com


ဒီဘက်တောင်တွေမှာက သားကောင်နည်းနည်း ရှားနေတယ်ကွ။
ဒါကြောင့် ဝါးဘီလူးတောင်ကို တက်မှကိုဖြစ်မှာ"

"ကိုကြီးတောင်လုံး ခင်ဗျား တကယ် ဝါးဘီလူးတောင်ကို တက်မှာလား"

ကျုပ်က ကိုတောင်လုံးကို အားတက်သရော မေးလိုက်ရောဗျို့။

"ဟာ တာတေကလည်း တက်ပါမယ်ဆိုမှကွာ"

"ဒါဆိုရင် ကျုပ်အဖော်လိုက်ခဲ့မယ်၊ ကျုပ်လည်း တစ်ခါမှ မရောက်ဖူးဘူးဗျ၊ လူကြီးတွေက မသွားဖို့ အမြဲတားတဲ့ အဲ... နေရာကို ရောက်အောင်သွားပြီး ကြည့်ချင်နေတာ ကြာပြီ... ပြီးတော့ ကိုကြီးတောင်လုံးနဲ့ဆိုရင် ကျုပ်က မလိုက်ရဲစရာ အကြောင်း ဘာမှမရှိဘူးပေါ့ဗျာ"

ကျန်တဲ့ကောင်တွေက ကျုပ်ကို ကြည့်ပြီး ခေါင်းညိတ်ကြတယ်။

"တာတေရာ မင်းကတော့ စပ်စုရမယ်ဆိုရင် ဝါးဘီလူးတောင်လောက် မဟုတ်ဘူး၊ တာဝတိံသာနတ်ပြည်အထိ တက်... လည်း တက်မယ့်ကောင်ပဲ"

ကိုဘိုကေက ကျုပ်ကို မှတ်ချက်ချတယ်။ ထန်းရည်ဝိုင်းသိမ်းတော့ ကိုတောင်လုံးနဲ့ ကျုပ်နဲ့ ဝါးဘီလူးတောင်...



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ် ခွဲကြတယ်။

"ကဲ တာတေ၊ မင်းလိုက်ဖို့ အဆင်သင့်ဖြစ်ထား၊ အခု လာမယ့် အင်္ဂါနေ့မှာ မနက်စောစောထပြီး ဝါးဘီလူးတောင် တက်ကြမယ်"

"စိတ်ချ ကိုကြီးတောင်လုံး၊ တာတေတို့က ဒါမျိုးဆိုရင် ဝီရိယရှိပြီးသားဗျ၊ ဒါပေမဲ့ အိမ်က အဘတို့ အမေတို့ မသိအောင် တော့ သွားရမှာဗျ။ ဝါးဘီလူးတောင်ကို မတက်ဖို့ပြောတဲ့ အထဲမှာ ကျုပ်အဘလည်း ပါတယ်မို့။ တခြားတောင်ကို လမ်းပြပြီး ပြော ရမှာပေါ့ဗျာ"

အင်္ဂါနေ့ရောက်တော့ ကိုတောင်လုံးနဲ့ ကျုပ်နဲ့ ချိန်းထား တဲ့ ရွာပြင်မှာဆုံပြီး ရိုးမဘက်ကို သုတ်ခြေတင်ခဲ့ကြတာပေါ့ဗျာ။ ကျုပ်တို့နှစ်ယောက် ဆုံတာနဲ့ ကပ္ပလီစုကို ဦးတည်လိုက်တယ်။ ရွာထဲတော့ မဝင်ဘူးဗျ။ ရွာပြင်က ပဲခင်းကို ဖြတ်လျှောက်ကြ တယ်။

အလယ်ရိုးမကို ကပ္ပလီစုနောက်ကျောကတက်ရင် ဝါး ဘီလူးတောင်ကို အနီးလေးဗျ။ ကိုတောင်လုံးက မုဆိုးပဲဗျာ။ ...င်းကတော့ ကျွမ်းပြီးသားဗျ။ နေထန်းတစ်ဖျားရောက်တာနဲ့ ကျုပ်တို့နှစ်ယောက် တောင်သုံးလုံးကျော်ပြီး ဝါးဘီလူးတောင် ...ဝက်တောင် ရောက်လို့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



တောင်ထိပ်မရောက်ခင်မှာ ကိုတောင်လုံးက ခဏ လောက် နားခိုင်းတယ်။ ပြီးတော့ သူယူလာတဲ့ ကောက်ညှင်း ပေါင်းနဲ့ ယုန်သားကင်ကို ကျွေးတယ်။ ကိုတောင်လုံးဆိုတဲ့လူက အမဲရအောင် ပစ်နိုင်ရုံတင်မကဘူးဗျ။ အမဲကို အရသာရှိအောင် လည်း ချက်တတ်ပြုတ်တတ်တဲ့လူပါဗျာ။

ကျုပ်တို့နှစ်ယောက် စားသောက်ပြီးတာနဲ့ တောင်ပေါ်ကို ဆက်ပြီးတက်ကြတယ်။ တစ်နေရာရောက်တော့ ကိုတောင်လုံးက တို့ကနဲ ရပ်လိုက်တယ်။ နောက်က လိုက်လာတဲ့ကျုပ်ကိုလည်း လက်ကာပြပြီး ရပ်ခိုင်းလိုက်တယ်။

ယုန်ကျားကြီးဗျ။ ခြုံကွယ်မှာဝပ်ပြီး မြေကြီးထဲက သစ်ဥ တစ်မျိုးကို ယက်ထုတ်ပြီး စားနေတာဗျ။ မျက်စိကလည်း ဟို ကြည့်ဒီကြည့်နဲ့ပေါ့ဗျာ။ ဒါပေမဲ့ လူနှစ်ဖက်လောက်ရှိတဲ့ ညောင် မှတ်ဆိတ်ပင်ကြီးနောက်မှာ ကွယ်နေတဲ့ ကျုပ်တို့ကိုတော့ ယုန်ကြီး က မမြင်ဘူးဗျ။ ကိုတောင်လုံးက ယုန်သားလွှတ်ကြိုက်တဲ့ လူဆို တာ ကျုပ်က သိပြီးသားလေ။ ကျည်တောက်ထဲက မြား တစ်ချောင်းကို တန်းပြီးဆွဲထုတ်တော့တာဗျို့။

"ဖုန်း၊ အစ်"

"ဟာ"

ကိုတောင်လုံး မြားထုတ်ပြီးရုံပဲ ရှိသေးတယ်။ ဖုန်း ခ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အသံကြီး ကြားလို့ ကျုပ်တို့နှစ်ယောက် လှမ်းကြည့်လိုက်တော့ 'အစ်' ဆိုတဲ့ အော်သံကြီးနဲ့ ယုန်ကြီးက စန့်စန့်ကြီး ဖြစ်နေရော ဗျို့။ 'ဟာ' ဆိုတာက ကျုပ်ပါးစပ်က အံ့သြပြီး ထွက်သွားတဲ့ အသံဗျ။

"ဟင်"

ဒါကတော့ ကိုတောင်လုံး ပါးစပ်က ထွက်လာတဲ့ အာမေဋိတ်သံဗျ။ ကျုပ်ကတော့ အံ့သြလွန်းလို့ အသံတောင် မထွက်နိုင်တော့ပါဘူးဗျာ။ ပါးစပ်ကြီးပဲ ဟနေတော့တာဗျို့။ ဘာဖြစ်လို့တုံးဆိုတော့ မြေကြီးပေါ်မှာ စန့်စန့်ကြီး ဖြစ်နေတဲ့ ယုံကျားကြီးကို တစ်ယောက်ယောက်က ဆွဲယူသွားလို့ဗျို့။

ဆွဲယူသွားတာက ဘာတုံးဆိုတာကို ကျုပ်ရော ကိုတောင်လုံးရော မမြင်လိုက်ရဘူးဗျ။ ယုန်ကြီး ပျောက်သွားတာပဲ ကျုပ်တို့ မြင်လိုက်ကြရတာ။ ကျုပ်တို့နှစ်ယောက် လန့်ပြီး ညောင်မှတ်ဆိတ် ဝင်ကြီးဘေးမှာ ကပ်နေလိုက်ကြရောဗျို့။

ဒါပေမဲ့ ယုန်ကို ရိုက်သတ်ပြီး ဆွဲယူသွားတဲ့ မမြင်ရတဲ့ သတ္တဝါက ကျုပ်တို့ကို တွေ့မနေနိုင်ဘူးလား။ ကျုပ်တို့ကသာ သူ့ကို မတွေ့ရတာလေဗျာ။ ကျုပ် တွေးသလိုပဲ ကိုတောင်လုံး လည်း တွေးမိပုံရတယ်ဗျ။ ဒီလူ မျက်နှာတော်တော်ပျက်နေတယ်။

"တာတေ မင်း ပြန်ချင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုကြီးတောင်လုံးကလည်းဗျာ၊ တောင်ပေါ်တောင် ရောက်ပြီးမှတော့ လက်ချည်းဘာလို့ပြန်မှာတုံးဗျာ"

ကျုပ်စကားကို ကြားတော့ ကိုတောင်လုံး တော်တော်အံ့သြသွားပုံပဲဗျ။

"တာတေ ဒါကြောင့်လည်း မင်းက တာတေ ဖြစ်နေတာကိုး၊ နို့ နေပါဦးကွ၊ မင်းမှာ ကြောက်တဲ့စိတ်နည်းနည်းမှကို မရှိတာလား"

ကိုတောင်လုံးက ကျုပ်ကို မေးတယ်။

"ကိုကြီးတောင်လုံးရာ၊ ကျုပ်လည်း လူပဲဗျာ၊ ကြောက်တာပေါ့၊ ကြောက်တာမှ သူများတွေထက်တောင် ပိုဦးမယ်၊ ဒါပေမဲ့ ကျုပ်က လွတ်သီချင်တာဗျ၊ အဲဒီစိတ်က စေ့ဆော်တိုက်တွန်းနေလို့ ကျုပ်မှာ ကြောက်ရမှန်းမသိအောင် ဖြစ်နေတာ ထင်ပါရဲ့ဗျာ"

"ဒါဆိုရင် ငါတို့ ဘာဆက်လုပ်ကြမှာတုံး"

"ကိုကြီးတောင်လုံး လာခဲ့တဲ့ ရည်ရွယ်ချက်အတိုင်း သားကောင်ကြီးကြီး ရအောင်ပစ်ပေါ့ဗျာ၊ ကျုပ်တို့နှစ်ယောက် သားကောင်ထမ်းပြီး ပြန်ကြတာပေါ့"

"အေး ကောင်းပြီ၊ ဒါဆို တောင်ထိပ်ရောက်အောင် တက်ကြမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့နှစ်ယောက် တောင်ပေါ်ကို ဆက်တက်လာတယ်။ လူအရောက်အပေါက်နည်းတဲ့တောင်ဆိုတော့ လမ်းမရှိဘူး ဗျ။ ကိုတောင်လုံးရော ကျုပ်ရော ဓားတစ်ယောက်တစ်ချောင်းနဲ့ လမ်းထွင်ပြီး တက်ခဲ့ရတာဗျ။

"ဗျော၊ ဗျော၊ ဗျော"

"ဟ၊ ဘာတုံး"

ကျုပ်တို့ရှေ့တည့်တည့် ဆယ်ကိုက်လောက်မှာ တောတိုးပြီး ပြေးသွားတဲ့ အသံဗျ။ တိုးသွားတဲ့ သတ္တဝါက တော်တော်ကြီးကြီးမားမား ဖြစ်မယ်ဗျို့။ ကျုပ်စိတ်ထင်တော့ ပြောင်ကြီး တစ်ကောင်လောက်ရှိမယ် ထင်တယ်။

"ကိုကြီးတောင်လုံး၊ ဘာကောင်တုံးဗျ"

"မသိဘူးကွ တာတော့၊ တော်တော်တော့ ကြီးတဲ့ပုံပဲ"

ကျုပ်တို့နှစ်ယောက် ရှေ့ဆက်တိုးတယ်။ နည်းနည်းလောက် ရှေ့ဆက်တိုးမိတော့ ကိုတောင်လုံးက တုံ့ကနဲ ရပ်သွားတယ်ဗျ။

"ဟာ တာတေ၊ ဟိုမှာ ဟိုမှာ"

"ဟင်၊ ဘယ်မှာတုံး၊ ဘာတုံး"

ကိုတောင်လုံးက ကျုပ်တို့ရှေ့ သုံးကိုက်လောက်ကို ဓားတ်ညှိုးထိုးပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ ဒါ စောစောက ဆွဲသွားတဲ့ယုန်ထင်တယ်၊ ကိုကြီးတောင်လုံး"

သွေးသံရဲရဲနဲ့ ယုန်သေကြီးက အပိုင်းပိုင်းပြတ်လို့ဗျ။

"သေချာတာပေါ့ကွာ၊ ကြည့်စမ်း တာတေ၊ ယုန်ကို စားတာ တစ်မျိုးကြီးပဲကွ"

"ဟင်၊ ဘယ်လိုကြောင့်တုံးဗျ"

"တောကောင်စားတာက ဒီပုံစံ မဟုတ်ဘူးကွ၊ အရေခွံကို ဖောက်ပြီးစားတာ၊ တစ်ဖက်တည်းပဲ ပေါက်ရမှာ၊ အခုဟာက လူကိုက်စားသလို စားထားတာ တာတေရ၊ ဒါ ဘယ်လိုသတ္တဝါများ စားထားတာတုံး မသိဘူးကွ၊ စောစောက တောတိုးသွားတဲ့ အသံကတော့ နည်းနည်းနောနောအကောင် မဟုတ်ဘူးကွ၊ အေး ဘာပဲဖြစ်ဖြစ် သတိတော့ထားတော့ တာတေရေ"

ကိုတောင်လုံးက ကျုပ်ကို သတိပေးတယ်ဗျ၊ ကျုပ်က လည်း တွေးနေတာပါဗျာ။ ယုန်ကိုစားပြီး တောတိုးထွက်သွားတဲ့ သတ္တဝါဟာ ဘယ်လိုသတ္တဝါ ဖြစ်မယ်ဆိုတာ ကျုပ်လည်း မှန်းလို့ မရဘူးဗျ။

ဒီလိုနဲ့ ကျုပ်တို့တောင်ထိပ်ကို ရောက်လာတယ်၊ ဝါးဘီလူးတောင်ထိပ်ရောက်တော့ ကျုပ် တော်တော်အံ့ဩသွားတယ်။ တစ်တောင်လုံး ဝါးပင်တွေချည်းပဲဗျ။ ဝါးမှ အမျိုးစုံပေါက်



www.burmeseclassic.com

www.burmeseclassic.com



တာဗျို့။ ဝါးဘိုးဝါးကတော့ ပိုများတယ်ဗျ။ ကျုပ်တို့လည်း ဝါးရုံတွေကြားမှာ တောတိုးရင်း သွားနေကြရတာပေါ့ဗျာ။

"ဟာ တာတေ၊ ဒီမှာ ဒီမှာ"

ကိုတောင်လုံးက တုံ့ကနဲရပ်လိုက်ပြီး ကျုပ်ကို ပြောတာဗျို့။

"ဘာတုံး ကိုကြီးတောင်လုံး"

ကိုတောင်လုံးက ရှေ့ခပ်လှမ်းလှမ်းက မြေကြီးပေါ်ကို လက်ညှိုးထိုးပြတယ်။

ကျုပ်က ဘာတုံးလို့မေးရင်း ရှေ့တိုးပြီး ကြည့်လိုက်တယ်။

"ဟာ ခြေရာကြီးပါလား"

ဟုတ်ပါ့ဗျာ။ ခြေရာကြီးမှ နည်းတဲ့ခြေရာကြီး မဟုတ်ဘူးဗျ။ လူခြေရာကြီးဗျို့။ ဒါပေမဲ့ ခြေရာက စကောချပ်လောက်ရှိတာဗျို့။

ကျုပ်ခြေရာနားကို ကပ်ပြီး သေသေချာချာ ကြည့်လိုက်တယ်။ ဖနောင့်တိုတိုကြီးဗျ။ ခြေချောင်းနေရာက တစ်ချောင်းချင်းကွဲနေတာ မဟုတ်ဘူး။ ခြေချောင်းတွေ ငါးချောင်းလုံး ပူးနေတာဗျ။ ခြေရာနှစ်ခုရဲ့ အကွာအဝေးကို ကျုပ်တိုင်းကြည့်တော့ ငါးတောင်လောက် ကွာတယ်။ ပေနဲ့ဆိုရင် ခုနစ်ပေလောက် ကွာ



www.burmeseclassic.com

www.burmeseclassic.com



တာဗျ။ ခြေတစ်လှမ်းနဲ့ တစ်လှမ်းကြား ခုနစ်ပေကွာနေတာဆို တော့ ဒီလူရဲ့ အရပ်ဟာ ဆယ့်နှစ်ပေလောက်တော့ အနည်းဆုံး ရှိမယ့်ပုံပဲဗျို့။

"တာတေ၊ ဒါ ဘာတုံး"

"ကျုပ်အထင်ပြောရရင်တော့ ဇရာဇလူကြီးတစ်ယောက် ဗျ"

"ဟော ဟုတ်လား၊ ဒီလောက်ကြီးတဲ့လူဆိုတာ ရှိပါ့ မလားကွ တာတေရ"

"အင်း၊ ထူးတော့ ထူးဆန်းတာပေါ့ ကိုကြီးတောင်လုံး ရာ"

ကျုပ်က ခြေရာနောက်ကို လိုက်တယ်။ ဒီတစ်ခါတော့ ကိုတောင်လုံးက ကျုပ်နောက်ကဗျ။ ကျုပ်က ရှေ့ကသွားနေတာ။

ခြေရာဆုံးတော့ ဇရာမဝါးရုံကြီးတစ်ခုဆီကို ကျုပ်တို့ ရောက်သွားတယ်။

"ဟာ တာတေ၊ ဟိုမှာ ဟိုမှာ"

အလန့်တကြား ပြောလိုက်တဲ့ ကိုတောင်လုံးအသံကို ကြားတော့ ကျုပ်ဖြင့် ကြက်သီးတွေတောင် ဖျန်းကနဲ ထသွား တယ်ဗျို့။

"ဟင်၊ ဘာတုံး၊ ဘာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာကွ၊ ဝါးပင်ကြီး၊ ဝါးပင်ကြီး"

"ကိုကြီးတောင်လုံးကလည်းဗျာ၊ ဝါးပင်များ အထူးအဆန်းလုပ်လို့"

"မဟုတ်ဘူး တာတေရ၊ ငါပြောတဲ့ ဝါးပင်က ဟိုမှာကွ"

ကျုပ်က ကိုကြီးတောင်လုံးပြတဲ့ဘက်ကို လှမ်းကြည့်လိုက်တယ်။

"အို"

ကျုပ်စိတ်ထင်ပြောရရင်တော့ ကျုပ်မျက်လုံးတွေဟာ ဗုံစွန်မျက်လုံးလိုကို ပြူးထွက်သွားတယ် ထင်တာပဲဗျာ။ ကျုပ်တစ်သက်မပြောနဲ့၊ ကျုပ်ကိုမွေးတဲ့ ကျုပ်အဘနဲ့ ကျုပ်အမေတစ်သက်တောင်မှ မြင်ဖူးမှာ မဟုတ်ဘူးဗျ။ ဝါးပင်ကြီးဗျာ။ ယောက်ျားကြီး ငါးယောက်လောက် လက်ချင်းဆက်ပြီး ဖက်လို့ရတဲ့အရွယ်ဗျ။ ပြောရရင်တော့ ယောက်ျားကြီး ငါးဖက်စာပေါ့ဗျာ။

ကျုပ် မော့ကြည့်တယ်။ ဝါးပင်ရဲ့ အမြင့်က တစ်တောလုံးကို ကျုပ်ထွက်သွားတာဗျို့။ သေသေချာချာ ကြည့်တော့မှ ကျုပ်တို့လိုက်နေတဲ့ ရောမလူခြေရာကြီးက အဲဒီဝါးပင်ကြီးမှာ ဆုံးသွားတာဗျ။ ကျုပ်ကို ဘိုးပေတာလူ ပြောဖူးတယ်။ ဘုံဘဝချင်း



www.burmeseclassic.com

www.burmeseclassic.com



မတူတဲ့ သတ္တဝါတွေဟာ တစ်နေရာတည်းမှာ အတူတူ သွားလာနေကြပေမယ့် တစ်ယောက်နဲ့ တစ်ယောက် မမြင်ကြရဘူးတဲ့ဗျ။

အခုလည်း ဒီလိုဖြစ်နေပြီထင်တယ်ဗျို့။ စကောလောက်ကြီးတဲ့ ခြေရာပိုင်ရှင်ကြီးကလည်း ကျုပ်တို့နားမှာ သွားလာနေပေမယ့် ကျုပ်တို့ကို မြင်ပုံမရဘူးဗျ။ ကျုပ်တို့ကလည်း သူ့ကို မမြင်ဘူး။ ဒါဆိုရင် သူနဲ့ ကျုပ်တို့နဲ့ဟာ ဘုံဘဝချင်း မတူကြလို့ ရှိမှာဗျ။

တာတေဆိုတဲ့ ကျုပ်ကလည်း ဘာမဆို တွေ့ချင်မြင်ချင် ကြည့်ချင်တဲ့အကောင်ဗျ။ ကိုတောင်လုံး လွယ်လာတဲ့ ရေဘူးကို ကျုပ်တောင်းလိုက်ပြီးတော့ စလွယ်သိုင်းလွယ်ထားတဲ့ ဆေးလွယ်အိတ်ထဲက ကျောက်ပျဉ်ချပ်ကလေးကို ထုတ်ယူလိုက်တယ်။ ကျုပ်လည်ပင်းမှာ ဆွဲထားတဲ့ အိတ်ရှုံ့ကလေးထဲက မျက်ကွင်းဆေးကို ထုတ်ယူလိုက်တယ်။ ကျောက်ပျဉ်ပေါ်မှာ သွေးပြီး ကျုပ်မျက်လုံးတွေကိုလည်း ကွင်းလိုက်တယ်။

"ကဲ ကိုကြီးတောင်လုံး၊ ရှေ့ဆက်တိုးဗျာ၊ ခင်ဗျားဒူးလေးမှာ မြားအဆင်သင့် ထည့်ထားဗျာ"

ကိုကြီးတောင်လုံးက သူ့ဒူးလေးကို လေးကြိုးတင်ပြီး အဆိပ်လူးမြားတစ်ချောင်း အဆင်သင့် ထည့်လိုက်တယ်။ ဒူးလေးကို အဆင်သင့်ချိန်ပြီး ကိုတောင်လုံးက ရှေ့ကသွားပြီး ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



နောက်ကလိုက်တယ်။

ရောမဝါးပင်ကြီးကိုကျော်ပြီး ခြေလှမ်းသုံးဆယ်လောက် သွားမိတော့ ကိုတောင်လုံးက မြေပြင်ပေါ်ကို ဖြတ်ကနဲ ထိုင်ချလိုက်တယ်။

"ကိုကြီးတောင်လုံး ဘာတုံးဗျ"

"ဆတ်ကြီးက ဟိုရှေ့နားလေးမှာတင်ကွ"

ဟုတ်ပါ့ဗျာ။ ဆတ်ဖားကြီးဗျို့။ အတော်လေး ကြီးသားဗျ။ ကိုကြီးတောင်လုံးက ခြုံကြားထဲကနေ အသံမပြည်အောင်တိုးပြီး ဆတ်နဲ့ နီးနိုင်သမျှ နီးအောင် တိုးသွားတယ်။ ဟော မှုဆိုးထိုင်ထိုင်ပြီး ဒူးလေးကို ချိန်ပြီဗျို့။ ဆတ်က သစ်တိုသီးတွေစားနေတာဗျ။ ကိုတောင်လုံးကို နည်းနည်းမှကို သတိထားမိပုံမပေါ်ဘူး။

ကိုတောင်လုံးက ဒူးလေးကို စိတ်တိုင်းကျချိန်တယ်။ ချိန်လို့ ကျေနပ်ပြီဆိုတော့မှ…

"ဖွစ်"

ပစ်ပြီဗျို့။ ပစ်ပြီ။ မြားက လေးညှို့ကနေ ကန်ထွက်သွားတယ်။ 'ဖွစ်'ကနဲ မြည်ပြီး ပြေးထွက်သွားတဲ့ မြားက ဆတ်ရဲ့ လက်ပြင်ကို ဖောက်ဝင်သွားတယ်ဗျ။

ဆတ်က လန့်ပြီး ထခုန်တယ်။ ဒါပေမဲ့ ကိုတောင်လုံးက



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းသည်းခြေအဆိပ်သုံးတာဆိုတော့ ရှေ့ကို ခြေတစ်လှမ်း နှစ်လှမ်းပဲ ပြေးနိုင်တယ်။ ဆတ်ကြီး ဘုန်းကနဲ လဲကျပြီး အကြော တွေ ဆွဲနေတယ်ဗျ။

ကိုတောင်လုံးက အနေတော် ဝါးတစ်လုံးခုတ်လိုက် တယ်။ ပြီးတော့ နွယ်ကြိုးဆွဲတယ်။ ဆတ်ကလည်း ငြိမ်သွားပြီ။

ခြေနှစ်ချောင်းနဲ့ လက်နှစ်ချောင်းကို နွယ်ကြိုးနဲ့ ခိုင်ခိုင် ချည်ပြီး ဝါးလုံးလျှိုတယ်။ သူနဲ့ ကျုပ်နဲ့ ရှေ့နောက်ထမ်းဖို့ပေါ့ဗျာ။

မုဆိုးဆိုတော့ သားကောင်ရတာနဲ့ ပျော်နေတာဗျို့။ ဘာကိုမှ သတိမရတော့ဘူး။ ဒီတုန်းမှာပဲ ဝါးတောကြီး တစ်ခုလုံး လေမတိုက်ဘဲ တဝေါဝေါ မြည်လာရောဗျို့။

"ဟာ ဘာဖြစ်တာတုံးဗျ"

"တာတေ သတိထားတော့၊ ဒါ တောခြောက်တာကွ"

တဝေါဝေါမြည်တဲ့ အသံက အရှေ့ဘက်က ထွက်လာ လိုက်၊ အနောက်ဘက်ရောက်သွားလိုက်၊ တောင်ဘက်က မြည် လိုက်၊ မြောက်ဘက်က မြည်လိုက်နဲ့ ဖြစ်နေတာဗျို့။

ကျုပ်ကလည်း မျက်ကွင်းဆေးကွင်းထားတာဆိုတော့ အရပ်လေးမျက်နှာကို လိုက်ကြည့်တာပဲဗျ။ ဒါပေမဲ့ ဘာကိုမှ မမြင်ဘူး။

ယော ရပ်သွားပြီဗျို့။ တောခြောက်တဲ့အသံတွေ ရပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး...

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

"ဟာ ဒါကျားသံမို့လားဗျ၊ ကိုကြီးတောင်လုံးရဲ့"

"အေး ဟုတ်တယ် တာတေ၊ ဒါပေမဲ့ ဒီတောထဲမှာ ကျားမရှိဘူးကွ၊ ဒါလည်း တောခြောက်တာပဲဖြစ်မယ်"

ကျုပ်လည်း ကျားဟိန်းတဲ့အသံကို နားစွင့်နေရတာပေါ့ ဗျာ။ ကျားက ကျုပ်တို့နဲ့ နီးလာပြီဗျ။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

ဟိန်းတဲ့အသံက တဖြည်းဖြည်း ကျုပ်တို့နဲ့ နီးလာပြီး ကျုပ်တို့ကို လှည့်ပတ်ချောင်းနေတဲ့ ပုံစံဗျ။

"တာတေ မကြောက်နဲ့၊ ဒါ ကျားမဟုတ်ဘူး၊ နာနာဘာဝ လှည့်စားတာကွ"

"မကြောက်ပါဘူး ကိုကြီးတောင်လုံးရဲ့"

မကြောက်ဘူးလို့သာ ပြောရတာဗျ၊ ကျားတစ်ခါဟိန်းတိုင်း ကြက်သီးတွေ တဖျန်းဖျန်းထသွားတာဗျို့။

"ဂီး၊ ဂီး၊ ဂီး၊ ဂီး၊ ဖျန်း၊ ဖျန်း၊ ဖျန်း"

ဟာ ငှက်ဆိုးသံကြီးဗျ။ အတောင်ပံခတ်တဲ့ အသံကလည်း တော်တော်ကို ကျယ်တာ။ တော်တော်ကိုကြီးတဲ့ ငှက်ဆိုးကြီး ဖြစ်မယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ၊ ဝေါ၊ ဝေါ၊ ဝေါ"

ဟာ လေတွေတိုက်ပြီဗျို့။ တစ်တောလုံး တစ်တောင်လုံး မှာရှိတဲ့ သစ်ပင်၊ ဝါးပင် မှန်သမျှ ယိမ်းထိုးနေတော့တာဗျို့။ ပြင်းလိုက်တဲ့လေဗျာ။ ကျုပ်နဲ့ ကိုတောင်လုံးဆိုတာ လေထဲ လွင့်ပါမသွားအောင် လက်ကောက်ဝတ်အရွယ်လောက်ရှိတဲ့ နွယ်ပင်ကြီးတွေကို ဖက်ထားရတာဗျ။ ခဏနေတော့မှ လေငြိမ်သွားတယ်။

"ကဲ တာတေ၊ ငြိမ်တော့သွားပြီဟေ့၊ ငါရှေ့က ထမ်းမယ်၊ မင်း နောက်က ထမ်းကွာ"

ကိုတောင်လုံးက ပြောပြောဆိုဆိုနဲ့ ဝါးလုံးလျှိုထားတဲ့ ဆတ်ကြီးကို ထမ်းမလို့ လုပ်တယ်။ မြားကျည်တောက်ရော ဒူးလေးရော သူ့ကျောမှာ လွယ်ထားတယ်။ သူ့ရော ကျုပ်ရော လက်ထဲမှာတော့ ဓားတစ်ချောင်းစီ ကိုင်ထားတာပေါ့ဗျ။ တောင်ပေါ်တက်လာကတည်းက ကျုပ်တို့က သစ်ပင်တွေကို ဓားထစ်ပြီး လမ်းမှတ်ခဲ့တာလေဗျာ။ လမ်းမှားစရာတော့ ဘာမှမရှိဘူးဗျ။

ကျုပ်လည်း ဝါးလုံးကို နောက်က ဝင်ထမ်းလိုက်တယ်။ ဆတ်က ရှေ့တစ်ယောက် နောက်တစ်ယောက် ထမ်းတာတောင် လေးတုန်းပဲဗျ။ ကျုပ်တို့နှစ်ယောက် မနည်းကို ထမ်းရတာဗျို့။

ဆတ်ကြီးထမ်းပြီး နှစ်ယောက်သား သုတ်ခြေတင်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘာ နာရီဝက်လောက်ကို မနားတမ်းပဲဗျ။

"တာတေရေ၊ ခဏနားကြရအောင်ကွာ၊ တော်တော်ညည်း ခရီးပေါက်လောက်ပါပြီ"

ကျုပ်တို့နှစ်ယောက် ဆတ်သေကြီးကို မြေကြီးပေါ်မှာချနားလိုက်ကြတယ်။

"ဟာ"

ကိုတောင်လုံးရဲ့ အလန့်တကြား အော်သံကြီးဗျ။

"ဟင်၊ ဘာတုံးဗျ၊ ကိုတောင်လုံးရဲ့"

"တာတေ၊ မင်း သေသေချာချာကြည့်လေ၊ ငါတို့ နာရီဝက် ခရီးနှင်တာတောင် နဂိုနေရာမှာပဲ ရှိနေတာ၊ ဒီနေရာကမှ မရွေ့ဘဲကွ"

"ဟင်၊ ဟာ ဟုတ်သားပဲဗျ၊ ကျုပ်တို့ နဂိုနေရာမှာပဲမှ မရွေ့တာ၊ ဒါ ဘယ်လိုဖြစ်တာတုံးဗျ"

"အေး၊ ငါ့ရဲ့ မုဆိုးသက်တမ်းတစ်လျှောက်မှာတော့မျိုး တစ်ခါမှ မကြုံဖူးဘူး တာတေ"

ကျုပ် စဉ်းစားတယ်။ ဘာလုပ်ရင်ကောင်းမလဲဆိုတာပေါ့ ကျုပ်လိုပဲ ကိုတောင်လုံးလည်း စဉ်းစားတယ်ဗျ။

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း၊ အီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ ဝါးပင်ကြီးတစ်ပင်တည်း လှုပ်နေတာဗျို့။ စောစော



www.burmeseclassic.com

www.burmeseclassic.com



က ကျုပ်ပြောတဲ့ ယောက်ျားကြီး ငါးဖက်စာလောက်ရှိတဲ့ ဝါး
ကြီး လှုပ်နေတာဗျ။ တစ်ပင်တည်းကို ကွက်ပြီးလှုပ်နေတာ
ပြီးတော့ ရယ်သံကြီး ထွက်လာတယ်။ ရယ်သံကလည်း တခြ
က လာတာမဟုတ်ဘူးဗျ။ အဲဒီရောမဝါးပင်ကြီးထဲက ထွက်
တာဗျို့။

ကျုပ် ကိုတောင်လုံးကို လက်တို့လိုက်တယ်။ မှင်တက်
ပြီး ကြောင်တောင်တောင်ကြီး ကြည့်နေတဲ့ ကိုတောင်လုံး
ဒီတော့မှ သတိဝင်ပြီး ထပြေးရောဗျို့။ ကျုပ်လည်း သူ့နောက်
လိုက်ပြေးရတာပေါ့ဗျာ။ ဒါပေမဲ့ ခြေလှမ်း နှစ်ဆယ်လော
ပြေးပြီးတာနဲ့...

"ကိုကြီးတောင်လုံး နေဦးဗျ၊ ကျုပ် ကြည့်ချင်
တယ်၊ ဒါ ဘာတုံးဆိုတာ၊ သိကိုသိရမှ ဖြစ်မှာဗျ"

"ဟာ ဖြစ်ပါ့မလား တာတေ၊ ဒါ စောစောက ငါ
တွေ့တဲ့ ခြေရာအကြီးကြီးနဲ့ အကောင်ကြီးဖြစ်မယ်ကွ"

"သိပ်သေချာတာပေါ့ ကိုကြီးတောင်လုံးရာ၊ ဒါ
ဒါ ဘာကောင်ဆိုတာတော့ ကွဲပြားအောင် ကျုပ်ကြည့်ရမှ
မယ်"

"ဟီး၊၊ ဟီး၊၊ ဟီး၊၊ ဟီး၊၊ အီး"

ဟာ စုန်ထွက်လာပြီဗျို့။ ရမ်းခါနေတဲ့ ရောမဝါးပင်



www.burmeseclassic.com

www.burmeseclassic.com



ထဲက ခုန်ထွက်လာတာဗျ။ ဟာ နည်းနည်းနောနော အကောင်ကြီး ခုမဟုတ်တာဗျာ။ အရပ်က ဆယ့်ငါးပေလောက် ရှိမယ်။ ခေါင်းကြီးက တင်းတောင်းနှစ်လုံးစာလောက် ရှိမယ်ဗျ။ ဆံပင်နီနီကြီးတွေက ခေါင်းကြီးပေါ်မှာ ပွထနေတာဗျို့။ နဖူးကြီးက မောက်မောက်ကြီးဗျ။ နှာခေါင်းကလည်း ကောက်ကောက်ကြီးဗျ။ မျက်လုံးကြီး တစ်လုံး တစ်လုံးဆိုရင် ဟင်းရည်သောက်ပန်းကန်လုံးကြီးလောက် ရှိတာဗျ။ မျက်လုံးနီနီကြီးတွေက ပြူးထွက်နေတာဗျ။ ကိုယ်လုံးကြီးက ရာဝင်ပုတ်လောက်ရှိမယ်၊ ခြေထောက်ကြီးတွေက အနည်းဆုံး ထန်းပင်လုံးလောက်တော့ ရှိမှာဗျ။ လက်မောင်းကြီးတွေကလည်း ထန်းပင်အရင်းလောက် ရှိတယ်ဗျို့။ ပါးစပ်ကြီးက ပြဲပြီး အစွယ်ကြီးတွေက ဘေးကို ကောက်ထွက်နေတာ။ ပါးစပ်ကြီး ဟထားလိုက်တာ လှောက်ကြီးရော ပါးစပ်ကြီးမှာ နီရဲနေတာဗျို့။ တစ်ကိုယ်လုံးကို အမွေးညိုညိုကြီးတွေ ဖုံးနေတာဗျ။

ဒါ မျောက်ဝံကြီးလားလို့ ကျုပ် ကြည့်နေတာ။

"ကိုကြီးတောင်လုံး မြင်လား၊ ဟိုအကောင်ကြီးကို"

"ဟော၊ ဘယ်အကောင်ကြီးတုံး၊ ငါ ဘာကောင်မှ မမြင်ပါဘူးကွ၊ တာတောရ"

ဒီတော့မှ ကျုပ် သတိရသွားတာဗျို့။ ကျုပ်က မျက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ဆေးကွင်းထားလို့ မြင်တာပဲ။ ဒီတော့မှ ကျုပ်သဘောပေါက်သွား တာဗျို့။ ဒါ ဘီလူးပဲ။ ဒီကောင်ကြီးကလည်း လူကို မမြင်ရဘူး ဗျ။ လူကလည်း ဒီကောင်ကြီးကို မမြင်နိုင်ဘူး။ ဒါဆိုရင် စောစောက ကျုပ်တို့ကို ခြောက်လှန့်ထုတ်တာ လူနံ့ရလို့ပဲ ဖြစ်မယ် မြင်တော့ မမြင်နိုင်ဘူးဗျ။ ကိုတောင်လုံးပစ်တဲ့ ဆတ်ဖားကြီးကို စားချင်လို့ဗျ။ လူနံ့ကလည်း ရတော့ ဒီကောင် ဝါးပင်ကြီးထဲက ထွက်မလာရဲဘဲ လူတွေကို ခြောက်လှန့်ထုတ်တာ ဖြစ်မယ် ကျုပ်တို့ ထွက်ပြေးတော့မှ အနံ့ပျောက်သွားလို့ ဝါးပင်ကြီးထဲက ခုန်ထွက်လာတာဗျ။

ဟော သွားပြီဗျို့။ ကိုတောင်လုံး ပစ်ထားတဲ့ ဆတ်ဒေ ကြီးဆီကို။ ဟာ ဆတ်ကြီးကို လက်တစ်ဖက်တည်းနဲ့ ဆွဲယူလိုက် ပြီဗျို့။ ဆတ်ကို လက်တစ်ဖက်တည်းနဲ့ မြှောက်ထားတာဗျို့။ သူ့ တာတော့ ဆတ်ဖားကြီးက ဆိတ်ကလေးတစ်ကောင်လောက် ထင်ရတာဗျ။ စောစောက ကျုပ်တို့နှစ်ယောက် ထမ်းတာတော မနည်းထမ်းရတဲ့ အကောင်လေဗျာ။

ကျုပ် ခုမှတွေးမိသွားတာဗျ။ ကိုတောင်လုံး ပစ်လိုက် ဆတ်ဖားကြီးကို ဒီကောင်တွေ့သွားတဲ့ အချိန်မှာ လူနံ့ကိုလည် ရသွားလိမ့်မယ်ဗျ။ ဒါကြောင့် ဆတ်ကြီးကို လူတွေ မယူ အောင်ဆိုပြီး ဒီကောင်ကြီး လုပ်ထားတာ ဖြစ်မယ်ဗျ။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ဆတ်ဖားကြီးကို ဝါးလုံးနဲ့ လျှိုထမ်းပြီး နာရီဝက် လောက် သွားတာတောင် ဒီနေရာက မရွေ့နိုင်တာ ဒီကောင်ကြီး ဆက်ချက်ဆိုတာ သေချာတာပေါ့ဗျာ။

"ဟေ့ကောင် တာတေ၊ ဆတ်ကြီး ပျောက်သွားပါရော လား၊ ဘယ်ရောက်သွားတာတုံး"

ဒီတော့မှ ကျုပ်က ကိုတောင်လုံးကို ပြောပြတာဗျ။

"ကိုတောင်လုံး, ဘီလူးကြီးဗျ၊ နည်းတဲ့အကောင်ကြီး ဟုတ်ဘူး"

"ဟေ ဟုတ်လား၊ ဒါဆိုရင် ပြေးမှပေါ့ တာတေ"

"မပြေးနဲ့ ကိုကြီးတောင်လုံး၊ ဒီကောင်ကြီးက လူကို မြင်နိုင်ဘူးဗျ၊ အနံ့လောက်ပဲ ရတာဗျ။ အခု ကျုပ်တို့က အောက်ရောက်နေတော့ ကျုပ်တို့အနံ့ကို ဘီလူးကြီး မရနိုင် ဘူး ကိုကြီးတောင်လုံး၊ မကြောက်နဲ့"

ဟာ ဘီလူးကြီးက သူ့ခေါင်းကြီးကို အပေါ်မော့ပြီး…

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ အီး၊ အီး"

"အောင်မယ်လေးကွာ၊ အသံကြီးက ကြောက်စရာ ကောင်းလိုက်တာ တာတေရာ"

ဟော ဘီလူးကြီးက ဆတ်တစ်ကောင် စားရတော့မှာမို့ ပြီးအော်ဟစ်နေတာဗျို့။ ဟော ခုန်ပြီ၊ ခုန်ပြီ။ ဟာ ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဗျို့။ ဘီလူးကြီးက တစ်ချက်တည်း ခုန်ပြီး ဝါးပင်ကြီးထဲ ဝင်သွားတာဗျို့။

ခုမှပဲ တစ်တောလုံး ငြိမ်သွားတော့တာဗျို့။

"ကိုကြီးတောင်လုံးရဲ့ ဆတ်ဖားကြီးတော့ ပါသွားပြီဗျ"

"ဟာ ပါသွားပါစေ တာတေရာ၊ လူတွေ ဘာမှမဖြစ်တာဘဲ တော်လှပါပြီကွာ၊ ဘီလူးကြီး အခု ဘယ်ရောက်သွားတုံး"

"ဟို ဝါးပင်ကြီးထဲဝင်ပြီး ပျောက်သွားပြီဗျ၊ အဲဒီဝါးပင်ကြီးက ဒီဘီလူးကြီးရဲ့ ဗိမာန်ကြီး ထင်တယ်ဗျ"

"အေး ဟုတ်နိုင်တယ်ကွ၊ တို့ဘိုးဘွားတွေလက်ထက်ကတည်းက တစ်ယောက်ယောက်က ဒီဘီလူးကြီးကို မြင်ဖူးပုံရတယ်ကွ၊ ဒါကြောင့် ဒီဘီလူးကြီးကို ဝါးဘီလူးကြီးလို့ခေါ်ပြီး ဒီတောင်ကိုလည်း ဝါးဘီလူးတောင်လို့ ခေါ်ခဲ့တာဖြစ်မယ်ကွ၊ ဒီတောင်မှာ ဒီဘီလူးကြီး ရှိနေတာ သိလို့သာ သားစဉ်မြေးဆက် ဒီတောင်ကို မတက်ဖို့ လက်ဆင့်ကမ်းပြီး မှာခဲ့ကြတာပေါ့ တာတေရာ"

"ဒီလိုဆိုရင်တော့ ကိုကြီးတောင်လုံးနဲ့ ကျုပ်လည်း ဒီတောင်ကို မတက်ကြဖို့ သားစဉ်မြေးဆက် မှာကြရတော့မှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွ၊ တာတေရ"

နေမဝင်ခင်မှာပဲ ကျွပ်နဲ့ ကိုကြီးတောင်လုံး ထနောင်းပင်ကို ဘေးမသီ ရန်မခ ပြန်ရောက်ခဲ့ကြတယ်။

တာတေ

□□□

အရှေ့ဘက်ကောင်းတင်

www.burmeseclassic.com

www.burmeseclassic.com






# ကျိန်စာသင့်တဲ့ဓား

တာတေတို့အညာမှာ အအေးဆုံးလပေါ့ဗျာ။ ပြာသို
လေ။ မြောက်လေလေးများ ခပ်ကြမ်းကြမ်း တွေ့တိုက်လိုက်ရ
ခိုက်ခိုက်တုန်အောင် ချမ်းတဲ့လပေါ့ဗျာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒီလိုလမှာပဲ နှစ်သက်စရာ အညာခလေ့လေးက လည်း ရှိနေပြန်ရောဗျ။ ညတိုင်ရောက်ရင် သက်ကြီးရွယ်အိုတွေရှိ တဲ့ ဝိုင်းကိုသွား၊ မီးလှုံရင်း စကားဝိုင်းဖွဲ့ကြ။ သက်ကြားအိုတွေ ဖြန့်ပြောပြတဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ နားထောင်ကြ။ ဗဟုသုတ ရစရာတွေကို မှတ်သားကြနဲ့ ကျေနပ်စရာကောင်းတဲ့ ဆောင်းည တွေပေါ့ဗျာ။

ကျုပ်တို့လူငယ်တွေက အိမ်ကထင်းတုံးကြီးတွေ ထမ်း လာကြ၊ စားစရာသောက်စရာတွေ စီစဉ်ကြ။ ဝိုင်းပိုင်ရှင် အဘိုးရဲ့ မီသားစုကလည်း သူတို့ဝိုင်းထဲမှာ အခုလိုလာပြီး သူတို့အဘကို တရိုတသေနဲ့ မေးကြမြန်းကြတဲ့ ရွာထဲက လူငယ်တွေကို သက်ဖက်သုတ်၊ ထန်းလျက်ခဲ၊ ပဲကြီးလှော်၊ မြေပဲကြော်၊ မြေပဲ ပြုတ် တစ်ညတစ်မျိုး ကျွေးကြတာဗျ။

ကျုပ်တို့အသွားဆုံးဝိုင်းက ဘိုးလိပ်ပု ဝိုင်းပဲဗျ။ ကျုပ်တို့ ရွာမှာတော့ ဘိုးလိပ်ပုက ဗဟုသုတ အလွန်များတဲ့ ပုဂ္ဂိုလ်ကြီးပေါ့ ဗျာ။

စာပေကျမ်းဂန်ကလည်း တတ်ဗျ။ အနယ်နယ်အရပ်ရပ် ကိုလည်း နှံ့အောင် သွားဖူးခဲ့တာဆိုတော့ ဘိုးလိပ်ပုမို့လို့ စကား ပြောရင် ကျုပ်တို့လူငယ်တွေဆိုတာ မျက်တောင်ခတ်ဖို့တောင် မေ့နေကြတာဗျို့။ လူငယ်တွေကတော့ ဘိုးလိပ်ပုကို ဘိုးပုကြီးလို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြတာပါ။

အခုလို မီးလှုံရတဲ့ညတွေဆိုရင် လူငယ်တွေတင်မကဘူး ဗျ။ လူကြီးတွေတောင် ဘိုးပုကြီးဆီကို လာပြီးပြောကြဆိုကြ မေးကြမြန်းကြ လုပ်ကြတာဗျ။

ဒီညလည်း ဘိုးပုဝိုင်းမှာ ထင်းရုံကြီးတွေ မီးဖိုပြီး မီးလှုံ နေကြတာ။ လူဆယ်ယောက် ရှိစာယ်ဗျ။ ကျောက်ခဲနဲ့ သံမဏိက လည်း ကျုပ်သွားလေရာ တကောက်ကောက်ပါတဲ့ကောင်တွေလေ ဗျာ။ အညာသားလေးတွေဆိုတော့ အနွေးထည် ညစ်ပေပေလေး တွေဝတ်ပြီး ပုဆိုးအပိုတစ်ထည်ကို ခြုံကြလို့ပေါ့ဗျာ။

ကြုံလို့ပြောရဦးမယ်ဗျ။ ဒီလိုအေးလွန်းတဲ့ညတွေဆိုရင် ကျုပ်တို့ အညာသားတွေက ဝါစပ်စောင်ပွပွကြီးတွေရဲ့ အခေါက် ကြားမှာ ဂုန်နီအိတ်ညှပ်ပြီး ခြုံကြတာဗျ။ နွေးမှနွေးဗျာ။ ဒါလည်း အညာသား စည်းစိမ်တစ်မျိုးပဲဗျ။

ပထမတော့ စကားဝိုင်းက ဟိုရောက် ဒီရောက်တွေ ပြောနေကြတာပေါ့ဗျာ။ နောက်တော့ တဖြည်းဖြည်းနဲ့ ဦးတည် ချက် ပါလာတယ်ဗျ။

"ဘိုးရေ ပြောရဦးမယ်၊ ဟိုနေ့က ငါးပိလာရောင်းတဲ့ မိန်းမကြီးဗျာ၊ ကျိန်လိုက်တာ ဘိုးရယ်၊ အလေးမမှန်ရင် မိုးကြိုးပစ် ပါစေတို့၊ ချိန်ခွင်ခိုးရင် မြွေပွေးကိုက်ပါစေတို့ သူ့ဆီမယ် ငါးပိ



www.burmeseclassic.com

www.burmeseclassic.com



ခယ်ရတာတောင် သူ့ အကျိုးနဲ့ရဲတာ ကြားပြီး ကြောက်မိတယ် ဘိုးရယ်”

လေးလေးတင်သောင်းက ပြောတာဗျ။ လေးလေးတင် သောင်းဆိုတာ သံမဏိတို့နဲ့ ဘထွေး တော်တယ်ဗျ။ လွှတ်ရှိးတဲ့ လူပျိုကြီးပါဗျာ။

“တင်သောင်းရေ၊ ကျိန်စာဆိုလို့ ပြောရဦးမကွဲ့၊ ဘိုးက ထိန်ကုန်းသားကွ၊ အိမ်ထောင်ကျတော့မှ ယောဒီထနောင်းကုန်းကို ရောက်တာ။ ဘိုးတို့ ထိန်ကုန်းမှာ ကိုညိုဆိုတဲ့ လူတစ်ယောက် ရှိတယ်တဲ့။ ကိုညိုက ဦးမင်းဒင်တို့ ဒေါ်လုံးစိန်တို့အိမ်မှာ အလုပ် သမား လုပ်ရတာဆိုပဲ။ ဦးမင်းဒင်မှာက မယ်တင်ဆိုတဲ့ သမီး တစ်ယောက် ရှိတယ်ဆိုပဲ။ ကိုညိုနဲ့ မယ်တင်က သက်တူရွယ်တူ တွေတဲ့ကွ။ ဒီတော့လည်း လူငယ်ဘဝ မယ်တင်အပေါ်မှာ ကိုညို က စိတ်ဖောက်ပြားမိတာမျိုး ရှိချင်ရှိမှာပေါ့လေ။ ဒါကို မယ်တင် က ရိပ်မိတော့ ကိုညိုကို မေးသတဲ့။

“ဟဲ့ ညို၊ နင့်ပုံစံကြည့်ရတာ တစ်မျိုးပဲ၊ နင့်စိတ်က ငါ့အပေါ်မှာ ရှိးကော ရှိးရဲ့လား”

ဒီတော့ ကိုညိုက ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး ပြန် ပြောလိုက်သတဲ့။

“မမယ်တင်ရယ်၊ ခင်ဗျားအပေါ်မှာ ကျုပ် မရှိးမသား



www.burmeseclassic.com

www.burmeseclassic.com



စိတ်များထားခဲ့ရင် ခင်ဗျားအိမ်မှာ နွားချည်းဖြစ်ရပါစေရဲ့ဗျာ”

ကိုညိုက ရှက်ရှက်နဲ့ ကျိန်ပြောလိုက်တာကွဲ့။ တကယ်ကတော့ သူ မယ်တင်ကို ကြိတ်ပြီးကြိုက်နေတာ ဘဝချင်းက မတူတော့ သူဖွင့်မပြောရဲဘူး။ အဲဒီနောက် သိပ်မကြာခင်ပဲ ကိုညို ပိုးထိပြီး ဆုံးသွားတယ်တဲ့။ မယ်တင်ကလည်း ရုံးထောင့်က ကိုသစ်ဆိုတဲ့လူနဲ့ အိမ်ထောင်ကျသွားသတဲ့ဟေ့။ ကိုသစ်က ထိန်ကုန်းကို လိုက်လာပြီး မယ်တင်တို့အိမ်မှာနေတယ်။ ဒါပေမဲ့ မယ်တင်ရဲ့အဖေ ဦးမင်းဒင်က ကိုသစ်တို့ မယ်တင်တို့ကို ရွာထဲမှာ အိမ်ခွဲပေးပြီး ယာလည်း လုပ်ကိုင်စားဖို့ ခွဲပေးတယ်။ နွားတစ်ချည်းလည်း ပေးသတဲ့။ ကိုသစ်မိဘတွေကတော့ နွားမတစ်ကောင် ပေးသတဲ့။

နောက်တော့ မယ်တင်တို့အိမ်မှာ နွားလေးတစ်ကောင် ပေါက်ရောတဲ့ဟေ့။ အဲဒီနွား စီးတည်ချိန်မှာ မယ်တင်အိပ်မက် မက်သတဲ့။ အိပ်မက်ထဲမှာ ကိုညို ရောက်လာပြီး မယ်တင်ကို ပြောသတဲ့။

“မယ်တင် ငါတော့ မှားသွားပြီ၊ နင့်ကို ကြိုက်ရဲ့သားနဲ့ ငါက လိမ်ပြီးကျိန်ခဲ့တာ။ အခုတော့ အဲဒီကျိန်စာကြောင့် နင့်အိမ်မှာ ငါ နွားဖြစ်ရတော့မယ်”

လို့ ပြောသတဲ့ဟေ့။ အချိန်တန်လို့ ပေါက်လာတော့



www.burmeseclassic.com

www.burmeseclassic.com



နွားညိုလေးတဲ့ဗျာ။ မယ်တင်ကလည်း ဒီအကြောင်းကို ဘယ်သူ့မှ မပြောဘဲ နွားလေးကို ညိုလို့ ခေါ်သတဲ့။ နွားညိုကလည်း မယ်တင်ကများ ခိုင်းရင် ကျိုးရှန်းလုပ်တာဆိုပဲ။

ဒါပေမဲ့ သူ့ခမျာ သက်တမ်းသိပ်မရှည်ဘူးတဲ့ဟေ့။ ပိုးထိပြီး သေပြန်ရောတဲ့။ သေပြီးတော့လည်း နောက်တစ်ခါ အိပ်မက်ပေးပြန်တာပဲတဲ့။

"မယ်တင်ရေ၊ နင့်ဆီကို ငါပြန်လာဦးမယ်"

လို့ ပြောပြီး မယ်တင်တို့အိမ်မှာ နွားပေါက်ပြန်တာပဲတဲ့။ ဒီတစ်ခါတော့ နွားဖြူလေးတဲ့။ မယ်တင်က အဲဒီနွားကိုလည်း ညိုလို့ပဲ ခေါ်တာပဲတဲ့။ ဒီတော့ ရွာထဲက လူတွေက ပြောကြတာပေါ့။

"မမယ်တင်၊ ခင်ဗျားနွားက အဖြူကြီးကို ဘာဖြစ်လို့ ညိုလို့ ခေါ်တာတုံး၊ ဖြူလို့ ခေါ်ရမှာ မဟုတ်ဘူးလား"

"ငါ့နွား ညိုပြန်ပြီးဝင်စားလို့ ညိုလို့ ခေါ်တာပေါ့"

လို့ ပြောတော့ ရွာသားတွေလည်း ဘာမှမပြောသာတော့ဘူးပေါ့ကွာ။ ဒီတစ်ခါတော့ မယ်တင်က အလှူအတန်းလုပ်တိုင်း တိတ်တိတ်သွားပြီး နွားဖြူကြီးကို အမျှဝေသတဲ့။

"ကိုညိုရေ အမျှ အမျှ အမျှ ဒီဘဝမျိုး ဒီတစ်ခါပဲ ဖြစ်ပါစေတော့၊ လူ့ဘဝကို ပြန်ရောက်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



လို့ အမြဲပြောတယ်ဆိုပဲ။ နွားဖြူကြီး သေတော့ နောက်တစ်ခါ နွားလာမဖြစ်တော့ဘူးဆိုပဲ။ ဒါကြောင့် ကျိန်တယ်ဆိုတာ ပါးစပ်က ပြောလိုက်တာပဲ။ ပြောပြီးပျောက်သွားတဲ့ကိစ္စ ဘာမှ ထိခိုက်စရာ မရှိဘူးလို့ မထင်ကြနဲ့ ကျိန်တယ်ဆိုတာ ထိတတ်တယ်။ လေထဲမှာတင် ပြီးပျောက်သွားတဲ့ကိစ္စမျိုး မဟုတ်ဘူးကွဲ့"

"ဘိုးပြောသလိုဆိုရင် ကျိန်စာဆိုတာ ကြောက်စရာ တော်တော်ကောင်းတာပဲကွ"

လေးလေးတင်သော်နဲ့ အတူတူပါလာတဲ့ လေးလေးချက်ကြီးက ပြောတာဗျ။ လေးလေးချက်ကြီးဆိုတာ ကျုပ်တို့ရွာက ဝက်သားချက် လွှတ်ကောင်းတဲ့လူလေဗျာ။ 'ဘင်ဂျိုဘစော' ဝတ္ထုမှာ လေးလေးချက်ကြီးအကြောင်း ကျုပ်ရေးနဲ့ဖူးပါတယ်။

"ဘိုးပုက ကျိန်တတ်တဲ့ ကိုညိုအကြောင်းပြောလို့ ကျုပ်သတိရတာလေးတစ်ခု ပြောရဦးမယ်ဗျ"

ဘိုးရှုံက ဝင်ပြောတာဗျ။ ဘိုးရှုံဆိုတာက ဘိုးပုနဲ့ အသွက်သိပ်မကွာဘူးဗျ။ အလွန်ဆုံးကွာရင် သုံးလေးနှစ်ပဲ။ ဘိုးရှုံက ဘိုးပုလောက်သာ စာပေမတတ်တာဗျ။ အတွေ့အကြုံကတော့ မနည်းဘူး။

"ကျုပ်ငယ်ငယ်က နွားကျောင်းဖက် သူငယ်ချင်းတစ်ယောက်ရှိတယ်၊ ဓိကောင်နာမည်က ဆောင်တဲ့ဗျ ကစားရင်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ငြင်းတဲ့ကောင်ဖို့။ ငြင်းခုန်လို့ မနိုင်ရင် ဆေဝင်ကား ကျိန်တွယ် ပြောတော့တာဗျ။ ဒီကောင်ကျိန်တာ နှစ်မျိုးပဲကျိန်တာ။ မိုးကြိုးပစ် ရပါစေရဲ့ ဆိုတာရယ်၊ အမြင့်က ကျရပါစေရဲ့ ဆိုတာရယ်ပဲ။ နောက်တော့ စွာကျောင်းရင်း ဆေဝင်က သစ်ပင်တက်ပြီး သရက် သီးခူးတယ်။ ဒီတုန်းမှာ မိုးလေးမဆိုသလောက်ကလေး ညို့သွား ပြီး . . .

"ဂျိန်း"

ဆိုတဲ့ အသံကြီး ကြားလိုက်ရတာပဲဗျာ။ အဲဒီအချိန်မှာ ကျုပ်နဲ့ တခြားစွာကျောင်းသားတွေက ဆေဝင်နဲ့ ခပ်လှမ်းလှမ်းမှာ ရောက်နေကြတာ။ သရက်ပင်ပေါ်ကနေ ဆေဝင်ပြုတ်ကြသွားတာ ကျုပ်တို့ လှမ်းမြင်ရတယ်။ ဒါပေမဲ့ မိုးကြိုးထပ်ပစ်မှာကြောက်လို့ ဘယ်သူမှ ချက်ချင်းမသွားရဲကြဘူးဗျ။ ကောင်းကင်မှာကလည်း လျှပ်စီးတွေ တဝင်းဝင်းလက်နေတာကိုး၊ ဘယ်သွားရဲကြမတုံး။

နောက်တော့ ကောင်းကင်က တိမ်တိုက်တွေလွင့်သွားပြီး လင်းသွားတော့မှ ကျုပ်တို့တွေ သရက်ပင်အောက်ကို ပြေးကြည့် ကြတာပေါ့ဗျာ။

ဆေဝင်ဆိုတဲ့ကောင် တစ်ကိုယ်လုံးမဲပြီး မီးကျွမ်းသလိုကို ဖြစ်သွားတာဗျ"

"အသက်ရော ရှိသေးလား ဘိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား၊ ဟား၊ ဟား၊ ဟား"

နားထောင်နေတဲ့သူတွေ ဝိုင်းရယ်ကြတယ်။ ထမေးလိုက်တာက ကျောက်ခဲဗျ။

"ကျောက်ခဲရယ် ငါ့မြေး စဉ်းစားကြည့်လေကွာ၊ မိုးကြိုးတည့်တည့်ပစ်ချလိုက်လို့ တစ်ကိုယ်လုံး မီးကျွမ်းသွားမှတော့ အသက်က ဘယ်ရှိတော့မလဲ"

ကျောက်ခဲက ရှက်ကိုးရှက်ကန်းနဲ့ ခေါင်းငုံ့သွားရောဗျ။

"အဲဒါ ဘိုးပြောမလို့ကွ၊ ငဆင်သေတာ သူ့အမြဲကျိန်ခဲ့သလိုပဲလေ။ မိုးကြိုးပစ်ခံရပြီး အမြင့်က ကျသေရတာလေကွာ။ ဒါကြောင့် ဘယ်တော့မှ မကျိန်ကြနဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း မကျိန်နဲ့။ သူများကိုလည်း မကျိန်နဲ့။ ကျိန်စာဆိုတာ ထိတတ်တဲ့ သဘောရှိတယ်"

ကျုပ်တို့လည်း ဘိုးရုံပြောတာကို ငြိမ်ပြီးနားထောင်နေကြတာပေါ့ဗျာ။

ခဏကြာတော့ စကားဝိုင်းက ဟိုရောက် ဒီရောက် ရောက်သွားပြန်ရောဗျ။ အဲဒီလို ရောက်သွားရင်းနဲ့ တေးအကြောင်းကို ရောက်သွားပြန်ရောဗျို့။

"ဘိုးပုက ထိန်ကုန်းကဆိုလို့ ပြောရဦးမယ်ဗျ။ ထိန်ကုန်းက သော်ရွှေဆိုတဲ့လူတော့ တော်တော်ကို ပိုက်ဆံရသွားတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



မိုလ်ပုချိုလို့ခေါ်တဲ့ လေးလေးကိုချိုက ပြောတာဗျ။ လေးလေးကိုချိုက အရပ်ပုပြတ်ပြတ်ကလေးမို့ သူ့ကို မိုလ်ပုချိုလို့ ခေါ်ကြတာ။

"ပုချို မင်းပြောတဲ့ သော်ရွှေဆိုတာ ကျော်သောင်းကြီးရဲ့ သားထင်တယ်"

"ဟာ ဟုတ်တာပေါ့ ဘိုးပုရဲ့၊ ဘိုးကျော်သောင်းကြီးရဲ့ သား သော်ရွှေကို ပြောတာဗျ"

"အေး ပြောစမ်းပါဦးကွ၊ ကျော်သောင်းကြီးသားက ဒီတွေ ဘာတွေ ပေါက်လို့လား"

"ဟာ မဟုတ်ဘူး ဘိုးပုရဲ့၊ ဓားရောင်းလိုက်တာ သယ်သိန်းတောင် ရဆိုပဲ"

"ဟေ၊ ဓား ဟုတ်လား၊ ဘာဓားမို့ ဒီလောက်ပိုက်ဆံ ရတာတုံးကွ၊ ပုချိုရဲ့"

"ဂျပန်ဓားတဲ့၊ ဘိုးပုရေ၊ သော်ရွှေ တောထဲသွားပြီး ခင်းခုတ်ရင်းနဲ့ ရလာတာတဲ့ဗျို့၊ ဓားကြီးက သံချေးတွေတက်နေ ပြီ တဖြည်းဖြည်း ချွတ်ယူရတာဆိုပဲ။ ဓားက ဂျပန်ဗိုလ်တွေကိုင် ဲ ကင်ဒိုဓားတဲ့ဗျ။ ဓားပေါ်မှာလည်း ဂျပန်စာတွေ ပါတယ်ဆိုပဲ"

"အေး ဟုတ်တယ်၊ ဂျပန်ဗိုလ်တွေ ကိုင်တဲ့ဓားက ဓား ပေါ်မှာကို သူတို့နာမည် ထိုးထားတာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဘိုးရှုံက ဝင်ပြောတာဗျ။

"ဟုတ်တာပေါ့ ဘိုးရှုံရာ၊ အဲဒီနာမည်ကြောင့် သော်ရွှေ ကြီး ပိုက်ဆံတွေ ရသွားတာပေါ့ဗျာ၊ ဒီလိုတဲ့ဗျို့၊ ဂျုပန်ပြည်က အဲဒီစစ်ဗိုလ်ရဲ့ အမျိုးအဆွေတွေ လိုက်လာပြီး စုံစမ်းတဲ့အချိန်မှာ သော်ရွှေက သူရထားတဲ့ ဓားကို ပြလိုက်သတဲ့။ ဒီမှာတင် တည့် တည့်ကို တိုးတော့တာတဲ့ဗျာ။ ဓားပေါ်မှာ အဲဒီဂျပန်ရဲ့ နာမည် ပါတယ်ဆိုပဲဗျ။ ဒီမှာတင် ဂျပန်စစ်ဗိုလ်ရဲ့ အမျိုးတွေက သော်ရွှေ ကို ဆယ်သိန်းပေးပြီး ဂျပန်ဗိုလ်ရဲ့ဓားကို ယူသွားကြသတဲ့ဗျို့"

"ဟ ဒါဆိုရင် ကျော်သောင်းကြီးသား ပွသွားတာပေါ့"

"ပွသွားတာပေါ့ ဘိုးပုရဲ့၊ အောင်မာ သော်ရွှေက သူ့အိမ် မှာ ဘုန်းကြီးတွေပင့်ပြီး ဆွမ်းတွေဘာတွေ ကပ်လို့ဗျ။ ပြီးတော့ ဂျပန်စစ်ဗိုလ်ရဲ့ နာမည်ကို သူမေးထားလိုက်တယ်။ အဲဒီစစ်ဗိုလ်ရဲ့ နာမည်ကိုခေါ်ပြီး အမျှတွေဘာတွေဝေလို့ဆိုပဲ"

"ဟာ အဲဒီဂျပန်စစ်ဗိုလ်ရဲ့နာမည်က ဘယ်သူတဲ့တုံး လေးလေးရဲ့"

ကျုပ်က လွှတ်စပ်စုတဲ့ကောင်ဆိုတော့ လေးလေးဗိုလ်ပု ကို မေးလိုက်တာဗျ။ လေးလေးကိုချိုက မျက်မှောင်ကြုတ်ပြီး စဉ်းစားတယ်ဗျို့။

"နေဦးကွ တာတေရ၊ ငါမှတ်ထားပါတယ်၊ အဲ နေပါဦး



www.burmeseclassic.com

www.burmeseclassic.com



ရာမာအိုက်ကီတဲ့ကွ"

"ရာမာအိုက်ကီ၊ ရာမာအိုက်ကီ"

"ကျောက်ခဲနဲ့ သံမဏိက ဂျပန်စစ်ဗိုလ်ရဲ့ နာမည်ကို ရှုတ်ကြည့်နေကြရောဗျို့။

"ဘာတဲ့၊ ရာမာအိုက်ကီ ဟုတ်လား"

"ဟုတ်တယ် ဘိုးရဲ့၊ ရာမာအိုက်ကီတဲ့၊ ဓားပေါ်မှာကို နာမည်ထွင်းထားတာတဲ့၊ သူတို့ပြောတော့ သူတို့ဘုရင်ကိုယ်တိုင် ချပ်နှင်းတဲ့ ဓားဆိုလားပဲ ဘိုးရဲ့"

"ဟုတ်မှာပေါ့၊ မုချိရဲ့၊ ဒါကြောင့် ဒီအထိလာပြီး ဒီဓား ဆို ရှာကြ၊ ဖွေကြတာပေါ့ကွ၊ ပြီးတော့ ဓားတစ်လက်ကို ငွေတွေ ပေါက်ပေးပြီး ဝယ်တာကိုပဲ ကြည့်လေကွာ"

ဘိုးပုကြီးပြောတာ မဟုတ်ဘူးဗျ။ ဘိုးရှုံက ဝင်ပြောတာ။ ဘိုးပုက တွေပြီးစဉ်းစားနေတယ်။ ဘာကို စဉ်းစားနေမှန်းတော့ မသိဘူးဗျို့။

"ဘန်ဘွေးကုန်းက ကိုမိုးညွန့်ကို ခေါင်းဖြတ်သတ်သွား တာ၊ အဲဒီဂျပန်ဗိုလ်ပေါ့ကွာ၊ သေချာတာပေါ့ ရာမာအိုက်ကီ သတ် သွားတာကွ"

"ဗျာ၊ ဘာဖြစ်လို့ သတ်ရတာတုံး ဘိုးရဲ့"

"ကျုပ်ရဲ့ သိချင်စိတ်က မနေနိုင်တော့လို့ မေးလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com


ဗျို့။

"တာတေရဲ့၊ ကိုမိုးညွန့်က ဂျပန်တော်လှန်ရေးတပ်သား ကွ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ တပ်တွေနဲ့ အချိတ်အဆက်ယူပြီး တော်လှန်ရေးလုပ်နေတာပဲကွ။ နောက်တော့ ဘယ်လိုပေါ်သွား တယ်မသိဘူး၊ ဂျပန်စစ်တပ် ရောက်လာပြီး ကိုမိုးညွန့်ကို ဖမ်း တော့တာပဲ။ လူလေးမြင်မှာပေါ့။ ထနောင်းကုန်းကနေ ဘန့်ဘွေး ကုန်းကိုသွားတဲ့လမ်းမှာ ဘန့်ဘွေးပင်ကြီးသုံးပင်ပေါက်နေတဲ့နေရာ မှာ ကျင်းတူးပြီး ခေါင်းဖြတ်သတ်ခဲ့တာကွ"

"ဩော်၊ အဲဒီဘန့်ဘွေးပင်ကြီးတွေနားမှာလား"

လေးလေးချက်ကြီးက ဝင်ပြောတာဗျ။

"ဩော် ဘိုးပြောတဲ့ ကိုမိုးညွန့်ဆိုတာ ဘန့်ဘွေးကုန်းက ဦးရွှေလင်းရဲ့ညီဆိုတာ ထင်တယ်"

လေးလေးပုချိုက ပြောတာဗျ။

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ ရွှေလင်းရဲ့ညီ မဟုတ် ဘူး၊ အစ်ကိုကွ၊ ကိုမိုးညွန့်က အိမ်ထောင်မရှိဘူး လူပျိုကြီးကွ"

"ဟင်၊ ဂျပန်က ဘယ်လိုများ သိသွားတာတုံး ဘိုးရာ"

"ဂျပန်အလိုတော်ရိတွေ သတင်းပေးတာ ရှိမှာပေါ့ကွာ"

"အဲဒီအလိုတော်ရိတွေကို ဖော်ထုတ်ပြီး ရွာက လူတွေ က သတ်ပစ်ရမှာ ဘိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးတင်သောင်းကြီးက ပြောတာဗျို့။

"ဟာ တင်သောင်းရဲ့၊ ဒီလိုလုပ်ချင်တိုင်း လုပ်လို့ရမလား၊ မင်းတို့က သိမှ မသိတာ၊ ဒီတုန်းက ဂျပန်ကို တုန်နေအောင် ကြောက်နေရတဲ့အချိန်ကွ"

ဘိုးပုက လေးလေးတင်သောင်းကို ပြောလိုက်တာဗျ။

"နေဦး ကိုပုရဲ့၊ ကျုပ်ကြားတာတော့ ဘန့်ဘွေးကုန်းက ကိုရှင်းရယ်၊ ကိုထယ်ရယ်၊ ကျုပ်တို့ရွာက ကိုမှတ်ကြီးရယ် သုံးယောက်ပေါင်းပြီး ဖော်တာဆိုပဲဗျ"

"ကိုရှုံး ဒီအကြောင်း ကျုပ်က မသိလို့ မပြောတာ မဟုတ်ဘူးဗျ၊ ကလေးတွေရှေ့မှာမို့ မပြောချင်လို့ မပြောတာ၊ ကိုရှုံးပြောသလို အဲဒီသုံးယောက် ဖော်လိုက်တယ်ဆိုတာ ဟုတ်တယ်။ ဒါပေမဲ့ ဘာကြောင့်ဖော်ရတယ်ဆိုတာလည်း အကြောင်းရှိတယ်။ ဂျပန်က သူတို့သုံးယောက်ကိုဖမ်းပြီး စစ်တာဗျ။ ဘယ်သူဆိုတာကို ဖော်ရင်ဖော်၊ မဖော်ရင် ထနောင်းကုန်းနဲ့ ဘန့်ဘွေးကုန်းက ယောကျ်ားမှန်သမျှ အကုန်ပစ်သတ်မယ်။ ပြီးရင် နှစ်ရွာစလုံး မီးရှို့ပစ်မယ်ဆိုလို့ အများဒုက္ခမရောက်အောင် ဖော်လိုက်ရတာဗျ"

"နေပါဦး ဘိုးရဲ့၊ အဲဒီဘိုးတော်က ထွက်ပြေးလို့ မလွတ်လို့လား"

"ဟာ မဟုတ်ဘူးကွ၊ ဂျပန်က ညဘက်ကြီး ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထနောင်းကုန်းနဲ့ ဘန့်ဘွေးကုန်းကို ဝိုင်းလိုက်တာကွ။ ရွာထဲက လူတွေသိတော့ နောက်ကျသွားပြီ။ ကိုမိုးညွန့်လည်း ပြေးလို့မလွတ်တော့ဘူး"

"ကြုံတုန်း ကိုမိုးညွန့်ရဲ့ စိတ်ဓာတ်ကို ပြောရဦးမယ်"

ဘိုးပုက စကားစလိုက်တော့ ကျုပ်တို့အားလုံး ငြိမ်ပြီး နားထောင်ကြတာပေါ့ဗျာ။

"သူ့ကိုသတ်တာ ထနောင်းကုန်းက လူဆယ်ယောက်နဲ့ ဘန့်ဘွေးကုန်းက ဆယ်ယောက်ထွက်ရမယ်ဆိုလို့ ကျုပ်ပါသွားတယ်။ ဘန့်ဘွေးပင်ကြီးတွေနားမှာ တချို့ကို ကျင်းတူးခိုင်းတယ်။ ကျုပ်ကတော့ မတူးရပါဘူး ကြည့်ရုံပဲ ကြည့်ရတာဗျ။ အဲဒီမှာ ကိုမိုးညွန့်ကို လက်ပြန်ကြိုးတုတ်ပြီး ဆွဲခေါ်လာတယ်။ ကျင်းနှုတ်ခမ်းရောက်တော့ ဒူးတုပ်ထိုင်ခိုင်းတယ်။ ကိုမိုးညွန့်က အဲဒီမှာ ပြောတော့တာဗျို့"

"ဟင် ဘာပြောတာတုံး ဘိုးရဲ့"

လေးလေးချက်ကြီးက အတင်းကို မေးတော့တာဗျ။

"ငါ့ကို ဖော်လိုက်တဲ့ ဂျပန်အလိုတော်ရိသုံးကောင် မင်းတို့ကို ငါမကျေဘူးကွ၊ မင်းတို့ ခေါင်းတွေကို ငါ့ဓားနဲ့ ဖြတ်ကိုဖြတ်မယ်ဟေ့"

လို့ အော်တာကွ။ ပြီးတော့ ဒူးမတုပ်ဘူး။ ဂျပန်စစ်သား



www.burmeseclassic.com

www.burmeseclassic.com



တွေက သူ့ဒူးကောက်ကွေးကို စစ်ဖိနပ်တွေနဲ့ အတင်းကို နင်းချ ကြရတာ။ သူ့ကို ခေါင်းဖြတ်တာ စောစောက ပုချီပြောတဲ့ ရာမာအိုကီကိုယ်တိုင်ပဲကွ။ အဲဒီမှာ ပြောရဦးမယ်ဟော့၊ ကိုမိုးညွန့် က မသေခင် အံတကြိတ်ကြိတ်နဲ့ နေတာကွ။ ဓားနဲ့ ခေါင်းလည်း ဖြတ်လိုက်ရော ကိုမိုးညွန့်ရဲ့ ခေါင်းပြတ်ကြီးက ကျင်းထဲကို ကျသွားဘဲ ဓားကို လွှင့်ထွက်သွားတာဟော့။ ဓားမှာ သေနတ်ကိုင် ပြီး ရပ်နေတဲ့ ဂျပန်စစ်သားရဲ့ လက်မောင်းကို ကိုက်ရက်သားတန်း လန်းကြီးဖြစ်နေလို့ ဂျပန်စစ်သားဆိုတာ အော်လိုက်တာကျွာ။ ဂျပန် စစ်ဗိုလ် ရာမာအိုကီက သူ့ဓားနဲ့ သွားတွေကို ကလန့်ပြီး ဖြုတ် ပေးလိုက်ရတာ''

''ဟာ''

ကျုပ်တို့အားလုံး အံ့ဩလိုက်ကြတာဗျာ။ တော်လှန်ရေး သမား ဘိုးတော်ကြီးအတွက် စိတ်မကောင်းဖြစ်သွားကြတာပေါ့ ဗျာ။

ဒီအကြောင်းတွေ ကျုပ်တစ်ခါမှ မကြားဖူးဘူးဗျ။ ရွာက လူကြီးတွေကလည်း ဒီအကြောင်းတွေကို နောင်လာနောင်သားတွေ သိစေချင်ဘူး ထင်ပါရဲ့ဗျာ။ ဒါပေမဲ့ လေးလေးပုချီပြောတဲ့ အနံ့ဘွေးကုန်းက ဘိုးရွှေလင်းရဲ့သား လင်းဦးတို့ လင်းထူးတို့ ဆိုတာ ကျုပ်နဲ့ မြို့ကျောင်းမှာ အတူတူတက်ခဲ့တဲ့ ကောင်တွေဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေလည်း သူတို့ဘကြီးအကြောင်း တစ်ခါမှ ကျုပ်ကို
မပြောဖူးဘူးဗျ။

ဒီည စကားဝိုင်းမှာတော့ ကျုပ် မကြားဖူးတာတွေ ကြား
လိုက်ရလို့ ကျုပ်တော်တော်ကျေနပ်သွားတာဗျို့။ ဒါပေမဲ့ အိမ်ပြန်
ရောက်တဲ့အထိ ဘန့်သွေးကုန်းက လင်းဦးတို့ဘကြီး တော်လှန်ရေး
ရဲဘော်ကြီးအကြောင်းကိုပဲ တွေးတွေးလုပ်နေမိတာပေါ့ဗျာ။

အိမ်ပြန်ရောက်တော့ ကျုပ်က အဘကို ဒီအကြောင်း
မေးတော့ အဘက ကျုပ်ကို ပြောတယ်ဗျ။

"လူလေးရယ်၊ ဒီအကြောင်းတွေက ပြောလို့ကောင်းတဲ့
အကြောင်းတွေမှ မဟုတ်တာကွာ၊ ပြောမနေပါနဲ့တော့"

"ဟဲ့ တာတေ၊ ဂျပန်ခေတ်ဆိုတာ ခေတ်ဆိုးခေတ်ပျက်
ကြီးဟဲ့၊ အားလုံး ဆင်းရဲငတ်ပြတ်ပြီး ရောဂါတွေ အမျိုးမျိုးဖြစ်ကြ
တော်လှန်ကြတာပေါ့။ ဒီတော့လည်း ခုနကပြောသလို ဂျပန်သတ်
တာ ခံကြရတဲ့သူတွေ ရှိတာပေါ့ဟယ်။ ဒါကြောင့်လည်း ဂျပ
တွေ စစ်ရှုံးလို့ ပြေးကြရတော့ လမ်းကနေစောင့်ပြီး ဝိုင်းသတ်
ဖြတ်ကြတာ သူတို့လည်း အတုံးအရုံးပါပဲ။

ဒီအကြောင်းတွေ ပြောရတာ စိတ်မကောင်းစရာ
ချည်းမို့လို့ လူတွေက မေ့မေ့ပျောက်ပျောက်ပဲ နေကြတော့တ
ဂျပန်ခေတ်ပျက်ကြီးထဲမှာ အကောင်းပြောစရာဆိုလို့ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မရှိတာဟဲ့"

အမေ ရှင်းပြတော့မှပဲ ကျုပ်လည်း သဘောပေါက်သွား တော့တာဗျို့။ ဒါကြောင့် ဒီအကြောင်းတွေကို လူတွေ သိပ်မပြော ကြတော့တာကိုး။

မနက်အစောကြီး အဘနဲ့ အမေက ကောက်ညှင်းပေါင်း နှမ်းလှော်ထောင်း၊ အမဲခြောက်ဖုတ် လုပ်နေကြတာဗျ။ ကျုပ်က တော့ စောင်နှစ်ထပ်ခြုံပြီး ကွေးလို့ဗျ။ ဒါလည်း အညာသား စည်းစိမ်ပေါ့ဗျာ။

"ဟဲ့ တာတေ ထတော့လေ၊ ကောက်ညှင်းပေါင်းနဲ့ အမဲခြောက် စားရအောင်"

အမေ နှိုးတော့မှ ကျုပ်က အိပ်ရာက ထတာဗျ။ အဘနဲ့ အမေက ကျုပ်ကို စောင့်နေကြတာ။ ကျုပ်လာမှ ကောက်ညှင်း ပေါင်းထည့်ပြီးစားတာ။ ကောက်ညှင်းက အဖြူပေါင်း ပဲပေါင်း လေးဗျ။ နှမ်းထောင်းလေးနဲ့ တို့ပြီးစားလိုက်၊ အမဲခြောက်ကို ဆီမြုပ်အောင် စိမ်ထားတာလေးနဲ့ စားလိုက် ကောင်းချက်ဗျာ။

ဗိုင်းထဲကို လှမ်းကြည့်လိုက်တော့ မိုးလင်းနေပေမယ့် နှင်းတွေ ကျနေတော့ ပိတ်နေတာဗျို့။

"ကိုကြီးတာတေ နိုးပြီလား"

"ဟဲ့ စောစောစီးစီး ဘယ်သူတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ခဲအသံပဲ အမေရ"

"နိုးပါပြီကွ၊ ဝင်ခဲ့လေ ကျောက်ခဲ"

နှင်းတောထဲကဖြတ်ပြီး ကျောက်ခဲက ဝိုင်းထဲ ဝင်လာတယ်။ သူ့နောက်မှာ ချမ်းလို့ကုပ်ပြီးပါလာတာက သံမဏိဗျ။ ဒီကောင်နှစ်ကောင် အိမ်ပေါ်ကို တန်းတက်လာကြတယ်။

"လာကြဟေ့၊ ကျောက်ခဲနဲ့ သံမဏိ ဘိုးညဏ်တို့ ကောက်ညှင်းပေါင်း စားတာကွ လာကြ"

အဘက ကောက်ညှင်းပေါင်းစားဖို့ ခေါ်ပေမယ့် ဒီကောင်နှစ်ကောင်က ဘာမှပြန်မပြောဘူးဗျ။ မျက်နှာလည်း မကောင်းကြဘူး။

"ဟေ့ကောင်တွေ မင်းတို့ ဘာဖြစ်လာတာတုံး"

ကျုပ်က ဒီကောင်နှစ်ကောင်နဲ့ တွဲလာတာ ကြာပြီဆိုတော့ ဒီကောင်တွေအကဲကို သိပြီးသားဗျ။

"ကျုပ်တို့ ဘာမှမဖြစ်ပါဘူး ကိုကြီးဘာတေရာ၊ ရွာထဲမှာ ဖြစ်တာပါ"

"ဟေ ဟုတ်လား ကျောက်ခဲ၊ ရွာထဲမှာ ဘာဖြစ်လို့တုံး"

"ဘိုးမှတ်ကြီး ခေါင်းဖြတ်အသတ်ခံရလို့ဗျ"

"ဘာကွ၊ အောင်ကွန့်တို့ အဘိုးလား"

"ဟုတ်တယ်ဗျ၊ ညနှစ်ချက်တီးလောက်မှာ တံခါးဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းထဲဆင်းသွားတာတဲ့"

"ကိုကြီးအောင်ကွန့်က သူ့အဘိုးနဲ့ အိပ်တာဆိုတော့ 'ဘိုး ဘယ်သွားမှာတုံး' လို့ မေးလိုက်သတဲ့။ ဘိုးမှတ်ကြီးက အိမ်သာတက်မလို့ဆိုပြီး ပြောသွားသတဲ့၊ ကိုကြီးအောင်ကွန့်လည်း ပြန်အိပ်ပျော်သွားပြီး မနက်ငါးနာရီလောက်မှာ နိုးလာတော့ သူ့ဘေးမှာ ဘိုးမှတ်ကြီးကို မတွေ့လို့ ခေါင်းတွေ ဘာတွေများ မူးပြီးလဲနေလားဆိုပြီး ဝိုင်းထဲကို ဆင်းပြီး ဓာတ်မီးနဲ့ လိုက်ထိုးတော့ အိမ်သာသွားတဲ့လမ်းမှာ ဘိုးမှတ်ကြီး ခေါင်းပြတ်ပြီး သေနေတာ တွေ့ရတာတဲ့ဗျို့။

"ဟင်၊ ဘယ်လိုဖြစ်တာတုံး"

အဘနဲ့ အမေက အံ့ဩပြီး ပြောတာဗျ။

"ဘိုးမှတ်ကြီးတို့ဝိုင်းမှာ လူတွေမှ အိုး ကြိတ်ကြိတ်ကို တိုးလို့ဗျ"

သံမဏိက အသံလေးလေးကြီးနဲ့ တစ်ခွန်းဝင်ပြောတယ်။ ကျုပ်က မျက်မှောင်ကြုတ်ပြီး စဉ်းစားနေတာဗျ။ ဒီအကြောင်းကို ညကတင် ဘိုးပု ပြောသေးတယ်လေဗျာ။ ဘာန့်ဘွေးကုန်းမှာ ဂျပန်ခေတ်တုန်းက အသတ်ခံရတဲ့ တော်လှန်ရေးသမားကြီး ဦးမိုးညွှန့် မသေခင်က သူ့ကို ဖော်ထုတ်ပြီး ဂျပန်လက်ထဲအပ်တဲ့ကောင်တွေကို သူ့ဓားနဲ့ ခေါင်းဖြတ်သတ်မယ်လို့ ပြောသွားတာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သေကာနီးလူတစ်ယောက်ရဲ့ မကျေနပ်မှုတွေ ဒေါသတွေပဲ ဖြစ်မှာပေါ့ဗျာ။

သေပြီးသွားတဲ့ လူတစ်ယောက်ကတော့ ဘယ်လိုလုပ် လူသတ်မှာတုံး။ ကျုပ် စဉ်းစားတယ်၊ ထပ်စဉ်းစားတယ်။

ဟာ တစ်ခုတော့ ရှိတယ်ဗျ။ ဦးမိုးညွန့် သေတာ အခု ဆိုရင် အနှစ်သုံးလေးဆယ် ရှိပြီဆိုတော့ တကယ်လို့များ ဦးမိုး ညွန့် လူပြန်ဖြစ်နေရင် အသက်သုံးဆယ်ကျော်လောက်တော့ အသာလေးရှိမှာဗျ။

နောက်ဘဝကို ရောက်သွားတဲ့ လူတစ်ယောက်အဖို့ အရင်ဘဝက မကျေနပ်မှုတွေကို မှတ်မိပါ့မလားလို့ ကျုပ် တွေးမိ တယ်။ ဒါတော့ မပြောနိုင်ဘူးဗျ။ သေကာနီးမှာ ဦးမိုးညွန့်ရဲ့စိတ် က တော်တော်ကို ဒေါသဖြစ်သွားတာ။ နောက်ဘဝရောက်ရင် လည်း သတိရရင် ရနေမှာ။ ဒါဆိုရင် တော်လှန်ရေးသမားကြီး ဦးမိုးညွန့်က ကျုပ်တို့ရွာမှာများ လူပြန်ဖြစ်နေသလား။ ကျုပ်လည်း မတွေးတတ်တော့ဘူးဗျ။

ကျုပ် ချက်ချင်းပဲ ကျောက်ခဲနဲ့ သံမဏိတို့နောက်ကို လိုက်ခဲ့တယ်။ ဘိုးမှတ်ကြီးတို့ဝိုင်းက ရွာတောင်ပိုင်းမှာဗျ။ ကျုပ် တို့ရောက်တော့ တစ်ရွာလုံးလိုလို ရောက်နေကြပါပြီဗျာ။ ဝိုင်းရှေ့ က လမ်းပေါ်မှာရော ဝိုင်းထဲမှာရော လူတွေမှ ပြည့်ကျပ်သိပ်နေ


www.burmeseclassic.com

www.burmeseclassic.com



တော့တာဗျ။

ကျုပ်တို့လည်း လူကြားကပဲ တိုးဝှေ့ပြီး ဝင်ခဲ့ရတာပေါ့ဗျာ။ အောင်ကွန့်တို့ဝိုင်းက သိပ်မကျယ်ဘူးဗျ။ အိမ်သာကတော့ အိမ်အနောက်ဘက်က ဝိုင်းထောင့်မှာပေါ့ဗျာ။

ဟုတ်တယ်ဗျ။ အိမ်သာသွားတဲ့ လမ်းပေါ်မှာ ဘိုးမှတ်ကြီး မှောက်ခုံလဲနေတာဗျ။ ခေါင်းက ကိုယ်နဲ့ တစ်လံလောက်မှာ ကျနေတာဗျ။ မျက်လုံးကြီး ပြူးထွက်ပြီး ပါးစပ်ကြီးက ဟနေတာဗျ။ ဒီပုံစံကို ကြည့်ရတာ မသေခင်မှာ ဘိုးမှတ်ကြီးတစ်ခုခုကို တအားကြောက်လန့်သွားတဲ့ပုံပဲဗျ။

ဓားချက်ကလည်း တစ်ချက်တည်းလို့ လူကြီးတွေပြောသံကျုပ် ကြားရတယ်။ တော်တော်ကိုပြတ်တဲ့ဓားနဲ့ ခုတ်သွားတာဗျ။ ခုတ်တဲ့လူက အားလည်းတော်တော်သန်ပုံရသတဲ့။ ဓားလည်းကောင်း အားလည်းသန်လို့သာ ခေါင်းကို တစ်ချက်တည်း ခုတ်ဖြတ်သွားတာလို့ လူကြီးတွေက ဝေဖန်နေကြတယ်ဗျ။

ဒါပေမဲ့ဗျာ၊ အသက်ခုနစ်ဆယ်ကျော် လူကြီးတစ်ယောက်ကို ဒီလောက်ရက်ရက်စက်စက် သတ်သွားတာ ကျုပ်ဖြင့် အံ့ဩလို့ မဆုံးပါဘူးဗျာ။ ထုံးစံအတိုင်းပေါ့ဗျာ။ လူသတ်မှုဖြစ်လာတော့ သူ့နဲ့ ရာအိမ်မှူးတွေ၊ ဆယ်အိမ်ခေါင်းတွေက ရောက်နေရတော့တာပေါ့။ မြို့ကို လွှတ်ပြီး ရဲစခန်းကို သတင်းပို့တဲ့လူက သွားပို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဗျာ။

နောက်တော့ ရဲတွေရောက်လာပြီး အလောင်းကို စစ်ဆေးရှာတွေကို စစ်ဆေးပြီးတော့မှ အမှုဖွင့် အလောင်းကို သင်္ဂြိုဟ်ခွင့်ပြုကြတာပေါ့ဗျာ။

ကျုပ်တို့တစ်ရွာလုံးလည်း တိတ်ကိုသွားတာဗျ။ ဒါပေမဲ့ ဟိုအိမ်မှာစုစု၊ ဒီအိမ်မှာစုစုနဲ့ တိုးတိုး တိုးတိုး လုပ်နေကြတော့တာပေါ့ဗျာ။

စကားဆိုတာ စပြီးကားလာတာဆိုတဲ့အတိုင်းပဲဗျို့၊ ဘိုးမှတ်ကြီးတို့ဝိုင်းထဲမှာ ညဦးကာတည်းက အရိပ်မဲမဲကြီး တွေ့လိုက်သလိုလိုတွေလည်း ပြောကြရဲ့ဗျ။ ဘိုးမှတ်ကြီးကပဲ မသေခင်မှာ 'အောင်မယ်လေးဗျ' လို့ အော်သွားသလိုလိုတွေ ပြောကြတာပေါ့ဗျာ။

ကျုပ်က အောင်ကွန့်ကို မေးကြည့်တော့...

"ဘယ်ကပဟုတ်ရမှာတုံး တာတေရာ၊ ဘာအရိပ်မဲမဲကြီးမှလည်း မတွေ့ဘူး၊ ငါ့ဘိုးကလည်း အောင်မယ်လေးဗျလို့ အော်မသွားဘူး။ အလကားစကားတွေ ကားပြောကြတာပါကွာ"

လို့ အောင်ကွန့်က ပြောတယ်။

"ဒါပေမဲ့ တာတေရဲ့၊ ငါ့ဘိုးက ခုတလော မှိုင်မှိုင်နေတယ်ကွ၊ ငါက ဘိုး[illegible]မကောင်းဘူးလားလို့ စဏစဏမေး[illegible]တယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဒီတော့ ဘိုးမှတ်ကြီးက မင်းကို ဘာပြောတုံး"

"ကောင်းပါတယ် မြေးရဲ့၊ ဘိုး ဘာမှမဖြစ်ပါဘူး"

လို့ပဲ ပြောတာကွ။ တခြားတော့ ဘာမှမပြောဘူး တာတေရ"

"တို့ရွာထဲမှာရော ဘိုးမှတ်ကြီးနဲ့ ရန်ငြိုးရန်စရှိတဲ့လူများ ရှိဖူးသလားကွ၊ အောင်ကွန်းရဲ့"

"ဟာ တာတေရာ၊ မင်းလည်းသိတဲ့အတိုင်းပဲလေကွာ၊ ငါ့ဘိုးက ဘယ်သူနဲ့မှ စကားခွန်းကြီးခွန်းငယ် မများဖူးပါဘူး ကွာ"

ဒါလည်း ဟုတ်တာပဲဗျ။ ဘိုးမှတ်ကြီးက အင်မတန် စကားနည်းတာ။ လူတွေနဲ့လည်း သိပ်မရောဘူး။ သူ့ဟာသူပဲ နေတဲ့လူဗျ။ မှတ်မှတ်ရရ ပြောရရင်တော့ ဘိုးမှတ်ကြီး ခေါင်းဖြတ် အသတ်ခံရတာ လကွယ်ညဗျ။

တပို့တွဲလကွယ်ညကျတော့ ကျုပ်က မအိပ်ခင် တွေး ထိုက်မိသေးတယ်။ ဒီလကွယ်ညမှာများ တစ်ယောက်ယောက် သေဦးမှာလားလို့ပေါ့ဗျာ။

"ကိုကြီးတာတေရေ၊ နောက်တစ်ယောက် ခေါင်းပြတ် ပြီဗျို့"

ဒီတစ်ခါတော့ ကျောက်စိတစ်ယောက်တည်းဗျ။ အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကို တန်းပြီးတက်လာတာ။ မျက်စိမျက်နှာလည်း ပျက်လို့ပေါ့ဗျာ။

ကျုပ်က ထမင်းကြမ်းစားပြီးလို့ နဂါးဆေးလိပ်ကလေး ထိုင်ပြီး ဖွာနေတာဗျ။ ဒီကောင် ကျုပ်ထိုင်နေတဲ့ တန်းလျားမှာ ဝင်ထိုင်လိုက်တယ်။ အဘနဲ့ အမေက မီးဖိုချောင်ထဲ ရောက်နေကြတော့ ကျောက်ခဲရောက်လာတာကို မသိကြဘူးဗျ။

"ကျောက်ခဲ ဘယ်သူခေါင်းပြတ်ပြန်တာတုံးကွ"

"ဘန့်ဘွေးကုန်းက ဘိုးရှင်းကြီးဗျ"

"ဟေ...ဟုတ်လား"

"ဟုတ်တယ် ကိုကြီးတာတေ၊ ဂျပန်တော်လှန်ရေးသမားကြီး ဦးမိုးညွန့် ဆိုတဲ့ ဘိုးတော်ကြီးများ သတ်နေတာလား ကိုကြီးတာတေရာ"

"ဟာကွာ၊ ဟိုက သေတာဖြင့် အနှစ်သုံးဆယ်ကျော်နေပြီဥစ္စာ၊ ဘိုးရှင်းသေတဲ့နေရာမှာ ဘာတွေများ ထူးထူးခြားခြား ဖြစ်သေးလို့တုံး"

"ဘာမှမဖြစ်ဘူးဗျ၊ ဘိုးရှင်း ဘယ်အချိန်က တံခါးဖွင့်ပြီး ဝိုင်းထဲ ဆင်းသွားမှန်းတောင် သိတဲ့လူ မရှိဘူးတဲ့၊ တစ်အိမ်လုံး အိပ်ပျော်နေကြတာတဲ့ဗျာ။ မနက်အိပ်ရာက နိုးတော့မှ ဘိုးရှင်းရဲ့ သား ဦးအောင်ကင်းကြီးက သွားတွေ့တာတဲ့။ မှောက်ခုံကြီးလဲကျပြီး ခေါင်းပြတ်ကြီးက တစ်လံလောက် ရောက်နေတာဆို။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးမှတ်ကြီး သေတုန်းကလိုပဲတဲ့။ မျက်လုံးကြီးပြူးပြီး ပါးစပ်ကြီး ဟသေနေတာတဲ့ဗျ။ မသေခင် တစ်ခုခုကို တအားကြောက်လန့်သွားတဲ့ပုံပဲတဲ့ဗျ"

"ဟော ဟုတ်လား၊ ဒါနဲ့ နေပါဦးကွ၊ ကျောက်ခဲရဲ့ ဘိုးမှတ်ကြီးက ခေါင်းတုံးနဲ့နော်၊ ဘိုးရှင်းက သျှောင်ထုံးနဲ့မို့လား"

"သျှောင်ထုံး မဟုတ်တော့ဘူးဗျ၊ ခေါင်းတုံးကြီးဖြစ်နေပြီဗျ၊ ဆံပင်တွေကျွတ်လို့ဆိုပြီး ခေါင်းတုံး တုံးထားတာ ကြာပြီတဲ့ဗျ"

"ဟဲ့ ကျောက်ခဲပါလား"

အမေနဲ့ အဘက မီးဖိုချောင်က ထွက်လာပြီး ကျောက်ခဲကိုမြင်တော့ နှုတ်ဆက်တယ်။

"ဟုတ်တယ် အရီးရေ၊ ဘန့်ဘွေးကုန်းက ဘိုးရှင်းကြီး ခေါင်းဖြတ်အသတ်ခံရပြန်ပြီတဲ့ဗျာ"

"ဟော...ဟုတ်လား၊ ဘယ်လိုဖြစ်လို့ အသက်ခုနစ်ဆယ် ကျော်ကြီးတွေကို လိုက်သတ်နေရတာတုံး"

အမေက အံ့သြပြီး ပြောတာဗျ။ အမေ့အသံမှာ ကြောက်တဲ့စိတ်ပါနေတာတော့ သေချာတယ်ဗျ။

"ကိုကြီးတာတေ၊ ကျောက်ခဲ အဲဒီမှာလား"

"အေး ဟုတ်တယ်ဟေ့၊ သံမဏိ လာကွ"



www.burmeseclassic.com

www.burmeseclassic.com



သံမဏိပါ ရောက်လာပြီဗျို့။ ဒီကောင်လည်း မျက်
မျက်နှာတွေ ပျက်လို့ဗျ။

"သံမဏိ မင်းက ဘယ်ကလာတာတုံး"

ကျုပ်က သံမဏိကို မေးလိုက်တယ်။

"ကျုပ် အခုပဲ ဘန့်ဘွေးကုန်းက ပြန်လာတာဗျ၊ လူတွေ
ကြားထဲမှာ ကိုကြီးတာတေတို့၊ ကျောက်ခဲတို့ကို တွေ့မလားလို့
တောင် လိုက်ရှာသေးတယ်"

"ငါတို့ မသွားတော့ပါဘူးကွာ၊ နို့ ဘိုးရှင်း သေတာကို
မင်းကြည့်ခဲ့သေးလား"

"ဟာ ကြည့်ခဲ့တာပေါ့ ကိုကြီးတာတေရ၊ ကျုပ်တို့ရွာက
ဘိုးမှတ်ကြီးသေတဲ့ အတိုင်းပါပဲဗျာ။ လူကြီးတွေက ပြောတယ်ဗျ
ဘိုးမှတ်ကို သတ်တဲ့လူနဲ့ ဘိုးရှင်းကို သတ်တဲ့လူက တစ်ယောက်
တည်းဆိုပဲဗျ။ ဘိုးရှင်းကိုလည်း တစ်ချက်တည်း ခုတ်ခဲ့တာပဲတဲ့ဗျ
ဘိုးရှင်းမျက်နှာကြီးက ကြောက်စရာကြီးပါဗျာ"

"ခေါင်းပြတ်ကြီးကလား"

ကျောက်ခဲက သံမဏိကို မေးလိုက်တာဗျ။

"အေးပေါ့ ကျောက်ခဲရ၊ ခေါင်းကြီးက ပြတ်နေတာ
ဟာ၊ ကိုယ်နဲ့ခေါင်းက ဝေါ်တော်ဝေးတာကွ၊ မျက်နှာကြီးက
တစ်ခုခုကို ကြောက်ပြီး အော်လိုက်တဲ့ ပုံစံကြီးကွ"



www.burmeseclassic.com

www.burmeseclassic.com



"နို့ သူတို့အိမ်သားတွေက ဘိုးရှင်းအော်သံတွေ ဘာတွေ များ ကြားလိုက်သေးလား"

"သူတို့အိမ်သားတွေရော မြောက်ဘက်ဝိုင်းက လူတွေ ရော ဘာအသံမှ မကြားဘူးတဲ့ဗျ"

"ဒါဆိုရင်တော့ အော်ချိန်ကို မရလိုက်တာ ဖြစ်မယ်ကွ"

"အခု ကျုပ်တို့ရွာထဲကလူတွေ ပြောသံတစ်ခု ကြားခဲ့ရ တယ်ဗျ"

"ဘာများတုံး သံမဏိရဲ့"

ကျုပ်က သံမဏိကို မေးလိုက်တယ်။

"သက်ကြီးရွယ်အို အဘိုးတွေကို မိုးချုပ်တာနဲ့ ဝိုင်းထဲ ဆေးမဆင်းတော့ဘူးတဲ့ဗျို့"

"ဟား၊ ဟား၊ ဟား၊ ဟား ဟုတ်လားကွ သံမဏိရဲ့၊ ဒါဆိုရင် ဘိုးဉာဏ်လည်း ဆင်းလို့မဖြစ်တော့ဘူးပေါ့ကွ"

အဘက သံမဏိ ပြောတာကို သဘောကျပြီး ရယ်ရော ဗျို့။ နေလယ်စာ ထမင်းကြီးစားပြီးတော့ ကျုပ်က နဂါးဆေးလိပ် ဆလေးဖွာရင်း စဉ်းစားနေတာဗျို့။ ပြာသိုလကွယ်ညက ဘိုးမှတ် ကြီးကို ခေါင်းဖြတ်သတ်တယ်။ အခု တပို့တွဲလညမှ ဘိုးရှင်းကို ခေါင်းဖြတ်သတ်တယ်။ ဒါဆိုရင် တပေါင်းလကွယ်ညမှာ ဆိုးထယ်ရဲ့ အလှည့်ဖြစ်ဖို့ သေချာနေတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"တာတေ ရှိလားဗျို့"

ဝိုင်းဝက ကျုပ်ကို မေးတဲ့အသံကြားလို့ ကျုပ် လှမ်း
ကြည့်လိုက်တယ်။ ဟာ ဒါဘန့်ဘွေးကုန်းက လင်းဦးပဲ။ တစ်ခုခု
တော့ထူးပြီး ထင်တယ်ဗျို့။

"ဟော့ကောင် လင်းဦး လာကွ၊ ငါရှိပါတယ်"

လင်းဦးလည်း မျက်နှာသိပ်မကောင်းဘူးဗျ။ မျက်နှာ
မကောင်းတာထက် တစ်ခုခုကို စိုးရိမ်နေပုံပဲဗျ။ အိမ်ထဲကို
ဟိုကြည့် ဒီကြည့် လုပ်နေတယ်။

"လင်းဦး မင်း ဘာဖြစ်လာတာတုံး၊ အိမ်မှာ ဘယ်သူမှ
မရှိဘူးကွ၊ အဘနဲ့ အမေက စောစောကလေးတင် ရွာထဲသွားကြ
တယ်"

"အေး ဒါဆိုရင်တော့ မင်းကို ငါပြောမယ် တာတေ
ဒီအကြောင်းကို လုံးဝပေါက်ကြားလို့ မဖြစ်ဘူးနော် သူငယ်ချင်း"

ဒီကောင့်မျက်နှာက တော်တော်ကို စိုးရိမ်နေတဲ့ပုံဗျ။

"မင်း ငါတို့ဘကြီး ဦးမိုးညွန့်အကြောင်း ကြားဖူးလား
တာတေ"

"အေး ငါ ကြားဖူးတယ်၊ အရင်တုန်းကတော့ မကြားဖူး
ဘူးကွ၊ လွန်ခဲ့တဲ့ တစ်လလောက်ကမှ ကြားဖူးတာ"

"ဒီလိုဆိုရင် ငါတို့တိုပဲ ပြောမယ်ကွာ၊ ငါ့ဘကြီး မသေ



www.burmeseclassic.com

www.burmeseclassic.com



…ာ အမြဲကိုင်ခဲ့တဲ့ ဓားတစ်လက် ရှိတယ်ကွ"

"အေး"

"အဲဒီဓားက တို့အိမ်ပေါ်ထပ်က ပစ္စည်းဟောင်းတွေ …ားတဲ့ အခန်းရဲ့ နံရံက ဝါးထရံမှာ ဓားအိမ်နဲ့ ချိတ်ထားတာကွ၊ …တို့ အဲဒီအခန်းထဲကို တော်ရုံနဲ့ မဝင်ကြဘူး။ ဒီမနက်မှ ငါ့အဘ… ပစ္စည်းတစ်ခု ရှာချင်လို့ ဝင်လိုက်တာ။ အဲဒီမှာတင် ဒါကို …ားတွေ့တာကွ"

"ဟေ ဘာကိုတွေ့တာတုံး လင်းဦးရဲ့၊ ရှင်းရှင်းပြောစမ်း …ကွာ"

"ငါ့ဘကြီး ဦးမိုးညွန့် ကိုင်ခဲ့တဲ့ ဓားက သွေးတွေ …ကျနေတာကွ။ ဘယ်တုန်းကတည်းက စီးကျနေမှန်း မသိဘူးကွ၊ …ခြမ်းပြင်ပေါ်မှာ ချောက်ကပ်နေတဲ့ သွေးကွက်ကြီးပေါ်ကို သွေး …ထစ်တွေက တပေါက်ပေါက် စီးကျနေတာ၊ ခြောက်တောင် …ခြောက်သေးဘူးဟေ့။ ဒါနဲ့ အဖေက ဓားကိုဆွဲထုတ်ပြီး ကြည့် …က်တော့ ဓားတစ်ချောင်းလုံး သွေးတွေရွှဲနေတာတဲ့ဟေ့"

"ဟေ ဟုတ်လား၊ လင်းဦး"

"အေး ဟုတ်တယ် တာတေ၊ မင်းသိတဲ့အတိုင်းပဲလေ …း ဟိုတစ်လက မင်းတို့ရွာက ဘိုးမှတ်ကြီး အသတ်ခံရတယ်၊ …ာ ငါတို့ရွာက ဘိုးရှင်းအသတ်ခံရတယ်။ ဒီလူကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘကြီး ဦးမိုးညွန့်နဲ့ အကြောင်းရှိခဲ့တဲ့ လူတွေလေကွာ။ ဒီအချိန်မှာ ဒီအကြောင်းကို ငါတို့လူသိခံလို့ ဘယ်ဖြစ်မှာတုံး တာတေရ။ လူတွေသာ သိသွားရင် လူသတ်တာ၊ ငါ့အဘလို့ ထင်ကြမှာပေါ့။ သူ့အစ်ကိုအတွက် သူ့ညီက လက်စားချေတာလို့ ပြောကြမှာပေါ့ကွ"

"အေး ဟုတ်တာပေါ့ လင်းဦးရ၊ စိတ်ချ သူငယ်ချင်း၊ ဒီအကြောင်း ငါ့ဆီက လုံးဝမပေါက်ကြားစေရဘူးကွာ"

"ပြီးတော့ ဒီလိုထူးဆန်းတဲ့ ကိစ္စတွေကို မင်းက ကြုံဖူးတာ များနေလို့၊ မင်းကို တိတ်တိတ်လာပြီး တိုင်ပင်တာကွ"

"အေးပါ လင်းဦးရာ၊ မင်း အခု ဣန္ဒြေမပျက် ပြန်ပေတော့၊ ဒီည ငါလုပ်စရာတွေ လုပ်လိုက်မယ်၊ ဒါနဲ့ နေဦးကွ လင်းဦးရ၊ မင်းတို့ အဲဒီဓားကို ဘာလုပ်ထားတုံး"

"အဘနဲ့ ငါနဲ့ ဓားကသွေးတွေကို ဆေးပစ်လိုက်တယ်။ ပြီးတော့ ကြမ်းပြင်က သွေးတွေကိုလည်း ဘာမှမကျန်အောင် တိုက်ချွတ်ဆေးလိုက်တယ်။ ဓားကိုတော့ သူ့နေရာမှာပဲ ပြန်ချိတ်ထားလိုက်တယ်။ အေး၊ အံ့ဩစရာတစ်ခု ပြောရဦးမယ် တာတေရေ၊ ဘကြီးရဲ့ဓားကို ထုတ်တောင် မကြည့်ဘဲ ဒီအတိုင်းပဲ ချိတ်ထားတာ။ နှစ်ပေါင်းလေးဆယ်နီးပါး ရှိပြီတဲ့ကွ။ ဒါပေမဲ့ ဓားအိမ်က ဆွဲထုတ်လိုက်တဲ့ ဓားကို ရေနဲ့ဆေးလိုက်တော့ သံချေးတက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



...နေသာသာ ဝင်းပြောင်ပြီး ပြတ်လိုက်တာမှ မြည့်နေတာပဲကွာ"

"ဟာ ဟုတ်လားကွ၊ တော်တော်ထူးဆန်းပါလား၊ ...င်းဦးရ"

ညရောက်တော့ မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးကို ခေါင်း ...အောက်မှာထားပြီး မဖဲဝါကို တိုင်တည်လိုက်တယ်။

"သချိုင်းရှင်မ မဖဲဝါ ခင်ဗျာ၊ ဒီည ကျုပ်ကို အိပ်မက် ...ပေးပါ၊ လူနှစ်ယောက်လည်း ခေါင်းဖြတ်ပြီး အသတ်ခံထားရ ...တယ်၊ ဓားတစ်လက်ကလည်း သွေးတွေ စီးကျနေတယ်ဗျာ။ ...တွေဖြစ်တယ်ဆိုတာ သချိုင်းရှင်မကြီးပြောမှ သိရမှာမို့ပါ"

ကျုပ်နဲ့ မဖဲဝါ အိပ်မက်ထဲမှာ တွေ့နေကျ ဆယ့်နှစ်ရာသီ ...ပင်ကြီးအောက်မှာ တွေ့တယ်။ ဆယ့်နှစ်ရာသီပင်ကြီးမှာ ပန်းအဝါ ...တွေ ထိန်နေအောင် ပွင့်လို့ဗျ။ လေတွေကလည်း တဝီဝီနဲ့ တိုက်နေ ...တယ်။ မဖဲဝါကတော့ ခါတိုင်းလိုပဲဗျ။ ကျုပ်နဲ့ ရှယ်တူကောင်မ ...လေးလို ဖန်ဆင်းထားတယ်။ ဆံပင်မှာ ဆယ့်နှစ်ရာသီပွင့်အဝါ ...လေးတစ်ပွင့် ပန်လို့ဗျို့။

"ဟဲ့ တာတေ အဲဒီဓားက မိုးညွန့်ရဲ့ ကျိန်စာသင့်နေတာ၊ ...ခုမှ ကျိန်စာက အသက်ဝင်ပြီး လက်စားချေနေတာ၊ လာမယ့် ...တွယ်ညမှာ ငထယ်ကို ခေါင်းဖြတ်လိမ့်မယ်"

"ဟာ မဖဲဝါရယ်၊ ဒီဓားကို ဘယ်လိုတားရမှာတုံးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



" "နင် မှတ်ထား၊ လကွယ်ညမှာ အဲဒီဓားနားမှာ နင်သွားပြီးစောင့်နေ၊ ဓားအိမ်က ဓားကျွတ်ထွက်တာနဲ့ ပျောက်သွားလိမ့်မယ်၊ လှသတ်ပြီးမှ ပြန်ရောက်လာပြီး ဓားအိမ်မှာ စွပ်မှာ၊ ဒီတော့ နင်က ဓားအိမ်က မကျွတ်ခင် တစူးဝါးနဲ့ ရိုက်ချလိုက်။ ဓားက ထခုန်လိမ့်မယ်၊ နင် ထပ်သာရိုက်၊ ဓားလှုပ်တိုင်း နင်ရိုက်ပေတော့။ အဲဒီအချိန်လေး ကျော်သွားတာနဲ့ ကျိန်စာပျယ်သွားလိမ့်မယ်" "

ကျုပ်လန့်နိုးလာတယ်။ နောက်နေ့ရောက်တော့ လင်းဦး ကျုပ်ဆီကို ရောက်လာတယ်။ ကျုပ်က လင်းဦးကို အကျိုးအကြောင်း ပြောပြလိုက်တယ်။

" "ဒါဆိုရင် လကွယ်ညရောက်တော့ မင်း ဆက်ဆက်လာခဲ့ တာတေ၊ ငါ တစူးဝါးရှာပြီး နှစ်တောင်လောက် ဖြတ်ထားလိုက်မယ်" "

(တစူးဝါးဆိုတာ လူသေကို မီးသင်္ဂြိုဟ်တဲ့အခါ ထိုးတဲ့ဝါးလုံးကို ပြောတာဗျ)

လကွယ်ညရောက်တော့ ညရှစ်နာရီလောက်မှာ ကျုပ် လင်းဦးတို့အိမ်ကို ရောက်တယ်။ လင်းဦးက ကျုပ်ကို အပေါ်ထပ် ခေါ်သွားပြီး ဝါးထရံမှာ ချိတ်ထားတဲ့ဓားကို ပြတယ်။ သြော် ကျိန်စာသင့်နေတဲ့ဓားပါလားလို့ ကျုပ်စိတ်က တွေးလိုက်မိတယ်။





လင်းဦးအဘ ဦးရွှေလင်းက ကျုပ်ကို အဆင်သင့်လုပ်ထားတဲ့ တစူးဝါးတစ်ချောင်း လာပေးတယ်။ ပြီးတော့ လင်းဦးရော၊ သူ့ညီ လင်းထူးရော၊ ဦးရွှေလင်းရောက ရေနွေးကြမ်း ဆက်ဖက်သုတ်၊ ငါးခြောက်ဖုတ်တွေနဲ့ ညှိခံလိုက်ကြတာဗျာ။ သားအဖသုံးယောက် ပြာနေတော့တာဗျို့။ ညဆယ်နာရီထိုးတော့ အားလုံးကို အိမ်အောက်ထပ် ဆင်းခိုင်းလိုက်တယ်။ အပေါ်ထပ်မှာ ကျုပ်တစ်ယောက်တည်း ကျန်ခဲ့တယ်။

မှန်အိမ်လေး မှိန်မှိန်ကလေးထွန်းပြီး ကျုပ်စောင့်နေတယ်။ အဲ ပြောဖို့မေ့နေတာဗျို့။ ဓားကို အခန်းထဲမှာ မထားတော့ဘဲ အပြင်ကို ထုတ်ထားလိုက်တာဗျ။ ပစ္စည်းဟောင်းတွေထားတဲ့ အခန်းရဲ့ အပြင်ဘက်က ဝါးထရံမှာ ချိတ်ထားလိုက်တယ်။ ကျုပ်က အိမ်နံရံရဲ့ ဝါးကပ်ထရံဘေးမှာကပ်ပြီး ထိုင်နေလိုက်တယ်။

ညတစ်နာရီထိုးတော့ ဘန့်ဘွေးကုန်းကင်းတဲက တစ်နာရီ သံချောင်းခေါက်တယ်။

" "ချွင်" "

ဟော ဓားအိမ်ကနေ ဓားကျွတ်လာပြီဗျို့။ ဓားက 'ချွင်' သံနဲ့ မြည်ပြီး တစ်ထွာလောက် ကျွတ်ထွက်လာတယ်။ ငှက်ကြီးတောင်ဓားဗျ။ အရှည် နှစ်ပေခွဲလောက်ရှိမယ်။

" "ချွင်" "



www.burmeseclassic.com

www.burmeseclassic.com



လင်းဦးအဘ ဦးရွှေလင်းက ကျုပ်ကို အဆင်သင့်လုပ်ထားတဲ့ တရုတ်ဝါးတစ်ချောင်း လာပေးတယ်။ ပြီးတော့ လင်းဦးရော၊ သူ့ညီ လင်းထူးရော၊ ဦးရွှေလင်းရောက ရေနွေးကြမ်း၊ လက်ဖက်သုတ်၊ ငါးခြောက်ဖုတ်တွေနဲ့ ဧည့်ခံလိုက်ကြတာဗျာ။ သားအဖသုံးယောက် ပြာနေတော့တာဗျို့။ ညဆယ်နာရီထိုးတော့ အားလုံးကို အိမ်အောက်ထပ် ဆင်းခိုင်းလိုက်တယ်။ အပေါ်ထပ်မှာ ကျုပ်တစ်ယောက်တည်း ကျန်ခဲ့တယ်။

မှန်အိမ်လေး မှိန်မှိန်ကလေးထွန်းပြီး ကျုပ်စောင့်နေတယ်။ အဲ ပြောဖို့မေ့နေတာဗျို့။ ဓားကို အခန်းထဲမှာ မထားတော့ဘဲ အပြင်ကို ထုတ်ထားလိုက်တာဗျ။ ပစ္စည်းပေါင်းတွေထားတဲ့ အခန်းရဲ့ အပြင်ဘက်က ဝါးထရံမှာ ချိတ်ထားလိုက်တယ်။ ကျုပ်က အိမ်နံရံရဲ့ ဝါးကပ်ထရံဘေးမှာကပ်ပြီး ထိုင်နေလိုက်တယ်။

ညတစ်နာရီထိုးတော့ ဘန့်ဘွေးကုန်းကင်းတဲက တစ်နာရီ သံချောင်းခေါက်တယ်။

“ချွင်”

ဟော ဓားအိမ်ကနေ ဓားကျွတ်လာပြီဗျို့။ ဓားက ‘ချွင်’ သံနဲ့ မြည်ပြီး တစ်ထွာလောက် ကျွတ်ထွက်လာတယ်။ ငှက်ကြီးတောင်ဓားဗျ။ အရှည် နှစ်ပေခွဲလောက်ရှိမယ်။

“ချွင်”



www.burmeseclassic.com

www.burmeseclassic.com



ဟော ခေးထပ်ကျွတ်လာပြန်ပြီဗျို့။ ကျုပ်က လက်ထဲက တစူးဝါးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း မတ်တတ်ထရပ်လိုက်တယ်။ ရှေ့ကိုလည်း ခြေတစ်လှမ်း တိုးသွားလိုက်တယ်။ ခေးက ခေးအိမ်ထဲကနေ တစ်ဝက်လောက် ကျွက်ထွက်နေပြီ။

တကယ့်ကို အံ့သြစရာပါဗျာ။ အသက်ဝိညာဉ်မရှိတဲ့ ခေးဟာ ကိန့်စာသင့်ပြီး အသက်ရှိသလို ဖြစ်နေတာကို ကိုယ်တိုင်မြင့်နေရလို့သာ ယုံတော့တာဗျို့။

ကျုပ်စိတ်ထဲက သိနေတယ်ဗျ။ ဒီတစ်ခါဆိုရင် ဒီခေး ခေးအိမ်ကနေ အပြီးကျွတ်ထွက်တော့မှာဗျ။ မဖဲဝါက ကျုပ်ကို ပြောလိုက်တာက ခေးအိမ်က ကျွတ်တာနဲ့ ခေးက ပျောက်သွားမှာဆိုပဲ။ လူသတ်ပြီးမှ ခေးအိမ်ထဲကို သူ့အလိုလို ပြန်ရောက်နေမှာတဲ့ဗျ။ ကျုပ် တစူးဝါးကို အပေါ်မြှောက်ပြီး အဆင်သင့်ပြင်ပြီး ကိုင်ထားလိုက်တယ်။

"ချွင်"

ကျုပ် လွှားကနဲ ခုန်ဝင်ပြီး ခေးကို ရိုက်ချလိုက်တယ်။

"ဘုန်း"

ဝါးထရံကို တစူးဝါးနဲ့ ရိုက်မိတဲ့အသံဗျ။

"ချွင်၊ ချလွင်၊ ချလွင်"

ခေးက ကြမ်းပြင်ပေါ်ကို ကျသွားတယ်။ ဟော နဲ့ပြီဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဘေးက တစ်ပေလောက် မြင့်အောင် ထခုန်တယ်။

"ဒုန်း"

ထပ်ခုန်တယ်ဗျို့။

"ဒုန်း"

ခုန်ပြန်ပြီဗျို့။

"ဒုန်း"

ဟော ငြိမ်သွားပြီ။ ငြိမ်သွားပြီ။ ဒါပေမဲ့ ကျုပ်ကတော့ တစူးဝါးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး သတိနဲ့ စောင့်နေရတာဗျ။

ဟာ ဓားက ခုန်တော့ မခုန်တော့ဘူးဗျ။ ဒါပေမဲ့ ကြမ်းခြင်ပေါ်မှာ တဆတ်ဆတ်နဲ့ တုန်နေတယ်။

"ဒုန်း"

ကျုပ် တစူးဝါးနဲ့ထောက်ပြီး ဖိထားတယ်။ တော်တော်ကြာတဲ့အထိ တုန်နေတုန်းဗျ။

ဟော ရပ်သွားပြီ။ ရပ်သွားပြီ။ မတုန်တော့ဘူးဗျ။ မဖဲဝါပြောသလိုဆိုရင် ကိုန်စာသင့်တဲ့အချိန် ကျော်သွားပြီထင်တယ်ဗျ။

ဒါဆိုရင် ကိုန်စာလည်း ပျယ်ပြီပေါ့ဗျာ။ ကျုပ်ခေါ်လိုက်တော့မှ ဦးရွှေလင်းတို့သားအဖတွေ အိမ်ပေါ်ထပ်ကို ပြေးတက်လာတာဗျို့။

ကျုပ်က အဖြစ်အပျက်ကို ရှင်းပြလိုက်တယ်။ ဘိုးထပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတော့ ကယ်လိုက်နိုင်တာပေါ့ဗျာ။ ဒီအကြောင်းကို ဘယ်သူမှ မသိအောင် အုပ်ထားဖို့ ကျုပ်ကပဲ သတိပေးခဲ့တာပါ။

အဲဒီညက လင်းကြက်တွန်တော့မှပဲ ကျုပ်အိမ်ပြန်ရောက်ခဲ့တာပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com